ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်၊ အင်္ဂါနေ့၊ (12-5-2015) (၈၁၉၈)

## မေတ္တာသည် ရန်ကင်းငြိမ်း၏

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည် ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဥ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန်ဟူ၍ မရှိနိုင်။ (အင်္ဂုတ္တိုရ်ပါဠိတော်၊ ပဌမတွဲ၊ မေတ္တာသုတ်-၄၄၃။)

# နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ခိုင်မြဲစေရေး၊ စက်မှု၊ စွမ်းအင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်ရေး ၂၁ ရာစု၏ ရေကြောင်းပိုးလမ်းမကြီးတွင် ချိတ်ဆက်ဆောင်ရွက်နိုင်မည့် အလားအလာများ ဆွေးနွေး



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ဝင်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံတော်ကောင်စီ အထွေထွေအတွင်းရေးမှူး မစ္စတာ ယန်ကျင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်း - စာမျက်နှာ » ၈) (သတင်းစဉ်)

## ဂျပန်နိုင်ငံမှထောက်ပံ့သည့် ကူဘိုတာထွန်စက်များ၊ နောက်တွဲကိရိယာများနှင့် စပါးရိတ်သိမ်းခြွေလှေ့စက်ကြီးများ မတ္တရာမြို့သို့ ရောက်ရှိ

မတ္တရာ မေ ၁၁

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၄၃) စက်မှုလယ်ယာ စခန်းသို့ ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) မှ ထောက်ပံ့သည့် ကူဘိုတာ (L- 4708) ထွန်စက် ၂၇ စီး၊ ခြောက်သွားထယ် ၂၇ လက်၊ ရိုတာဗေတာ ၂၇ လက်၊ ကူဘိုတာ စပါးရိတ်သိမ်းခြွေလှေ့ စက်ကြီးနှစ်စီး၊ နွေစပါးရိတ်သိမ်းဆောင်ရွက်မည့် KUKJI(DKC 865/DKC 685) စပါးရိတ်သိမ်းခြွေလှေ့စက်ကြီး ၁၅ စီး မေ ၈ ရက်က ရောက်ရှိလာသည်။ **(အောက်ပုံ)** **စာမျက်နှာ ၃ ကော်လံ ၁ သို့**





အတွေးအမြင်

ကြေးမုံ စာ တည်း ရှု ထောင့် ၁၂-၅-၂၀၁၅ [အင်္ဂါနေ့]

# သွားလမ်းသာ လာလမ်းဖြောင့်

လူဦးရေထူထပ်စွာ နေထိုင်လျက်ရှိသည့် ရန်ကုန်မြို့တွင် သွားလာရေးအဆင်ပြေချောမွေ့စေရေးအတွက် အမြန်ယာဉ် (အပေါ့စား) Bus Rapid Transit (BRT) ကို ကျင့်သုံးမည့် အများပိုင်ကုမ္ပဏီယာဉ်လိုင်း အသုံးပြုပြေးဆွဲနိုင်ရေး စတင်အကောင်အထည်ဖော်နေပြီဟု သိရသည်။

လက်ရှိတွင် ရန်ကုန်မြို့တွင်း ယာဉ်ကြောပိတ်ဆို့မှု ဖြေရှင်းနိုင်ရေးနှင့် ခရီးသွားပြည်သူများ ခေတ်မီအဆင်ပြေစွာဖြင့် သက်သောင့်သက်သာ ခရီးသွားနိုင်ရေးအတွက် နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်နှင့်အညီ စီမံဆောင်ရွက်နေသည်ဟု ဆိုထားပါသည်။

အများပိုင်ကုမ္ပဏီ၏ အမြန်ယာဉ်လိုင်းစနစ်သစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရန်ကုန်မြို့၏ အဓိကလမ်းကြောင်းသုံးခုကို အဆင့်နှစ်ဆင့်ဖြင့် အမြန်ဆုံးအကောင်အထည်ဖော်တော့မည်ဖြစ်သည်။ ယာဉ်လိုင်းသစ်ပြေးဆွဲမည့် လမ်းကြောင်းများတွင် သီးသန့်ယာဉ်ရပ်မှတ်တိုင်များသာ ရှိခြင်း၊ မီးပွိုင့်စနစ် အဆင့်မြှင့်တင်ခြင်း၊ ပြည်ပမှ ဘယ်မောင်းသီးသန့်ယာဉ်သစ်ကြီးများ တင်သွင်းခြင်း၊ အဆင့်မီယာဉ်မောင်းများ ခန့်အပ်ခြင်းတို့ကို အဆင့်ဆင့်ဆောင်ရွက်သွားမည်ဟု သိရသည်။ ခန့်အပ်မည့်ယာဉ်မောင်းများကိုလည်း ထိုက်တန်သော လစာစနစ်ဖြင့် စီစဉ်ပေးသွားမည်ဖြစ်ရာ ခရီးလမ်းကြောင်းများ စနစ်တကျနှင့် ဖြောင့်တန်းလာတော့မည်ဟု ဆိုနိုင်ပါသည်။

လူဦးရေအဆမတန်တိုးပွားလာခြင်းနှင့်အတူ သွားလာရေးအဆင်ပြေစေရန်အတွက် လမ်းဟောင်းပြုပြင်ခြင်း၊ လမ်းသစ်ဖောက်လုပ်ခြင်းများအပြင် အဓိကလမ်းဆုံလမ်းခွများ၌ ခုံးကျော်တံတားများ ပေါ်ထွန်းလာခဲ့သည်။ ထပ်မံ၍လည်း ခုံးကျော်တံတားကြီး သုံးစင်းတည်ဆောက်ဦးမည်ဟု သိရသည်။ မြို့ပြ၏လိုအပ်ချက်အရ မြို့ပြလမ်းများကောင်းမွန်လာသလို ထိုလမ်းပေါ်တွင် ပြေးဆွဲမည့်ယာဉ်လိုင်းသစ်များကို အများပိုင်ကုမ္ပဏီ၏ စီမံခန့်ခွဲမှုအောက်တွင် မြို့ပြအဆင့်နှင့်အညီ ဖွံ့ဖြိုးလာမည်ဟု ယုံကြည်ပါသည်။

ထို့အတူ ယာဉ်များကို စနစ်တကျမောင်းနှင်ကြမည့် ကျွမ်းကျင်လိမ္မာသော ယာဉ်မောင်းကောင်းများလည်း ရှိလာတော့မည်ဖြစ်ရာ အနာဂတ်ရန်ကုန်မြို့၏ ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းကြီးသည် စနစ်တကျနှင့် ဖွံ့ဖြိုးလာတော့မည့် နိမိတ်လက္ခဏာများပင်ဖြစ်သည်။

မြို့ပြလမ်းကြောင်းပေါ်မှ အမြန်ယာဉ်လိုင်းများနှင့်အတူ အထူးယာဉ်မောင်းကောင်းများနှင့် သွားလမ်းသာ၍ လာလမ်းဖြောင့်တော့မည်။ သို့သော် "ပညာရှိ သတိဖြစ်ခဲ" ဆိုစကားအတိုင်း မြို့ပြတွင် ကားလမ်းကောင်း၊ ယာဉ်မောင်းကောင်းရုံနှင့်မလုံလောက်သေးချေ။ လိုင်စင်မရှိဘဲ မောင်းနှင်ကြသော ယာဉ်များလည်းရှိသေးရာ တစ်ဖက်က စနစ်ကောင်းသော်လည်း တစ်ဖက်က စည်းကမ်းဖောက်နေမည်ဆိုလျှင် ရည်မှန်းချက်သို့ ရောက်လိမ့်မည်မဟုတ်ဟု ထင်မြင်မိပါသည်။

၂၀၁၅ ခုနှစ် မတ်လကုန်အထိ ကောက်ယူရရှိသောစာရင်းအရ တစ်နိုင်ငံလုံးတွင် ဆိုင်ကယ်၊ ထော်လာဂျီအပါအဝင် လိုင်စင်မဲ့မောင်းနှင်သော ယာဉ်စီးရေ ၁ ဒသမ ၅ သန်းကျော်ရှိကြောင်းသိရသည်။ ဖမ်းဆီးရမိ အရေးယူမှုမှာလည်း "ဘဲအုပ်က တစ်ရာ နှစ်ရာ မဖေဒါက တစ်ပင်ထဲ" ကဲ့သို့ပင် ရှိချေသည်။

မည်သည့်စနစ်ဆောင်ရွက်သည်ဖြစ်စေ တိကျသည့် ဥပဒေစည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ကြမှသာ အောင်မြင်နိုင်မည်။ ရန်ကုန်မြို့ရှိ ယာဉ်နှင့် လမ်းအခြေအနေမှာ ဝန်နှင့်အား မမျှသလိုဖြစ်နေသည်။ စနစ်တစ်ခုကို စမ်းသပ်ခြင်းအဆင့်ထက် အခြေခိုင်သည့် အမြဲအောင်မြင်မည့် စနစ်ကို အဆင့်အလိုက် ရွေးချယ်စီစဉ်ဆောင်ရွက်ခြင်းသည် အကောင်းဆုံးဖြစ်ပါသည်။

တစ်ဖက်က အများပြည်သူသွားလာရေး အဆင်ပြေအောင် ဆောင်ရွက်နေသလို အခြားတစ်ဖက်က စည်းကမ်းမဲ့ယာဉ်များ မောင်းနှင်မှုကိုလည်း သန့်စင်ရှင်းလင်းရင်း ဟန်ချက်ညီအောင် အားလုံးပါဝင်ဆောင်ရွက်နိုင်ပါမှ မြို့ပြအလှပီပြင်ကာ သွားလမ်းသာ၍ လာလမ်းဖြောင့်ဖြူးမှု အစဉ်ရှိလာမည်ဖြစ်ပါသည်။ ။

## လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်

**နေပြည်တော် မေ ၁၁**

နိုင်ငံတော်ပိုင် စက်ရုံ၊ အလုပ်ရုံများ စဉ်ဆက်မပြတ် လည်ပတ်နေမှသာ ဝန်ထမ်းများ၏ အရည်အသွေးနှင့် စိတ်ဓာတ် မြင့်မားကောင်းမွန်နေမည်ဖြစ်ပြီး နိုင်ငံတော်နှင့် ဝန်ကြီးဌာနအတွက် အကျိုးအမြတ်ရရှိနိုင်မည်ဖြစ်ရာ သက်ဆိုင်ရာကြီးကြပ်သူများ အနေဖြင့် စက်ရုံများကြံ့ခိုင်ရေးအတွက် ထာဝစဉ် အလေးထားဆောင်ရွက်သွားရန်လိုအပ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်က မေ ၉ ရက် သံပုရာကန်ရေနံဓာတုဗေဒစက်ရုံစုသို့ ရောက်ရှိစစ်ဆေးစဉ် မှာကြားသည်။

ဆက်လက်၍ မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်းမှ တာဝန်ရှိသူများနှင့်အတူ ရေနံဓာတုဗေဒစက်ရုံစုအတွင်းသို့ စက်ရုံအတွင်း အဆင့်မြင့်ဓာတ်ဆီ ထုတ်လုပ်သည့် အစိတ်အပိုင်း (Reformer Plant) အကြီးစား ပြုပြင်မွမ်းမံတပ်ဆင် လည်ပတ်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ငဖဲမြို့နယ်နှင့် အမ်းမြို့နယ်အတွင်း မင်းဘူး-အမ်း ကားလမ်းတစ်လျှောက် လမ်းဘယ်ညာရှိ အရှေ့တောင်အာရှ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဖြတ်သန်းခဲ့သည့် မြေသားနံရံထိန်းသိမ်းထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး မြေသားနံရံထိန်းသိမ်းရေးအတွက် လိုအပ်သော သစ်ပင်များစိုက်ပျိုးရေး၊ မြေထိန်းနံရံများ သေချာစွာ ဆောင်ရွက်ရေးနှင့် ပိုက်လိုင်းတစ်လျှောက် လုံခြုံရေးတို့အား အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ညနေပိုင်းတွင် အရှေ့တောင်အာရှ ရေနံပိုက်လိုင်း ဆင်ဂုံတိုင်ထပ်ဆင့် ရေနံတွန်းပို့စခန်းသို့ ရောက်ရှိကြပြီး ပြည်ထောင်စုဝန်ကြီးက ရေနံတွန်းလွှတ်ခြင်းလုပ်ငန်းအား အမြန်ဆုံးဆောင်ရွက်နိုင်ရေး တွန်းအားပေးဆောင်ရွက်သွားရန်မှာကြားပြီး စခန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မေ ၁၀ ရက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မင်းဘူးမြို့နယ်ရှိ မန်းရေနံမြေသို့ ရောက်ရှိကြပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ထို့နောက် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ ရေနံဓာတ်ငွေ့ရည်စက်ရုံ (မင်းဘူး) သို့ ရောက်ရှိခဲ့ပြီး စက်ရုံလည်ပတ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ စက်ရုံစဉ်ဆက်မပြတ် လည်ပတ်ရေးအတွက် ပုံမှန် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ကြပ်မတ်ဆောင်ရွက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်ရန် တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## လှိုင်သာယာမြို့နယ် တရားရုံးနှင့် မြို့မရဲတပ်ဖွဲ့ အချုပ်စခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေး

**ရန်ကုန် မေ ၁၁**

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဦးလှအေးသည် ရန်ကုန်မြောက်ပိုင်းခရိုင်တရားသူကြီးနှင့်အတူ မေ ၁၀ ရက်က ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ လှိုင်သာယာမြို့နယ်တရားရုံးသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တရားသူကြီးများ၊ ရုံးဝန်ထမ်းများနှင့်တွေ့ဆုံကာ တရားစီရင်ရေး၊ စီမံခန့်ခွဲရေး၊ တရားရုံးပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးကိစ္စများကို ဆွေးနွေးမှာကြားခဲ့သည်။

ဆက်လက်၍ တရားလွှတ်တော် တရားသူကြီး ဦးလှအေးသည် လှိုင်သာယာမြို့မရဲတပ်ဖွဲ့ အချုပ်စခန်းသို့ သွားရောက်၍ အချုပ်သား၊ အချုပ်သူများ နေထိုင်စားသောက်ရေး၊ ကျန်းမာရေး စသည့်ကိစ္စရပ်များကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**




### ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မေ ၁၁**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၀၁၀၀၀ | - | ၇၀၂၀၀၀ |
| မန္တလေး | ရွှေဈေး | ၇၀၁၀၀၀ | - | ၇၀၂၀၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၇၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၉၀၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၇၀၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၃၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၀၈၀. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၂၀၈. ၆ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၇၃. ၉၃ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၂. ၁၈၁ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၃၀၀. ၆၇ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၆. ၉၄၉ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၉၀၁. ၈၄ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၉. ၂၇၈ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၅၅. ၆၈ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၈၁၁. ၃၃ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း



# တာချီလိတ်မြို့နယ် ပါလျှိုး - ကျိုင်းလပ် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ စနစ်တကျကြိုတင်ပြင်ဆင်

**နေပြည်တော် မေ ၁၁**

မြန်မာ - လာအို နယ်စပ် ပါလျှိုး- ကျိုင်းလပ်ဒေသဖွံ့ဖြိုးရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ တောင်သူပညာပေးအဆင့်မြင့် လယ်ယာမြေဇေက(၅၀၀) အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်ဆွေးနွေးမှာကြားသည်။

ညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတက ယနေ့အစည်းအဝေးမှာ မေ ၉ ရက်က ဖွင့်လှစ်သည့် မြန်မာ - လာအို မဲခေါင်မြစ်ကူးတံတားကိုအခြေခံပြီး နောင်ဖြစ်ပေါ်တိုးတက်လာမည့် အခြေအနေများကိုမျှော်မှန်း၍ တာချီလိတ်မြို့နယ် ပါလျှိုး- ကျိုင်းလပ် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး ဝန်ကြီးဌာနများပေါင်းစပ်ညှိနှိုင်းသည့် အစည်းအဝေးဖြစ်ပါကြောင်း။



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြန်မာ-လာအို နယ်စပ် ပါလျှိုး-ကျိုင်းလပ်ဒေသဖွံ့ဖြိုးရေး ညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးမှာကြားစဉ်။** (သတင်းစဉ်)

မြန်မာ-လာအို မဲခေါင်မြစ်ကူးတံတားဖွင့်လှစ်ပေးနိုင်သည့်အတွက် မြန်မာနိုင်ငံမှတစ်ဆင့် လာအိုနိုင်ငံအနောက်မြောက်ပိုင်းမှ ဗီယက်နမ်နိုင်ငံအထိ မြန်မာ-လာအို-ဗီယက်နမ် အရှေ့-အနောက် စင်္ကြံလမ်းမကြီးတစ်ခုအဖြစ် ဆက်သွယ်သွားလာနိုင်မည်ဖြစ်ပါကြောင်း၊ ၎င်းလမ်းမကြီးကို အသုံးပြုပြီး တစ်နိုင်ငံနှင့် တစ်နိုင်ငံ ဆက်သွယ်မှု၊ ကုန်စည်ကူးသန်းရောင်းဝယ်မှုနှင့် ခရီးသွားလာရေးလုပ်ငန်းများ အနာဂတ်တွင် မလွဲမသွေဖြစ်ပေါ်လာမည်ဖြစ်ပါကြောင်း။

ထိုအခြေအနေများကို တွက်ဆပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုကတည်းက စနစ်တကျကြိုတင်ပြင်ဆင်သွားရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ယခုတံတားနှင့် အနီးဆုံးဖြစ်သည့် ကျိုင်းလပ်မြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့ပြဖွံ့ဖြိုးရေးစီမံကိန်း (Town Plan) ကို အမြန်ဆုံးရေးဆွဲသွားရန်လိုအပ်ပါကြောင်း။

မြို့ပြစီမံကိန်းရေးဆွဲရာတွင် မြို့တိုးချဲ့ရမည့်နေရာကို လယ်ယာမြေများနှင့် စိုက်ပျိုးမြေများ ထိခိုက်မှုမရှိအောင် အလေးထားရေးဆွဲသွားရန်လိုအပ်ပါကြောင်း၊ ကုန်စည်စစ်ဆေးရေးစခန်း၊ တည်းခိုခန်းနှင့် နားနေဆောင်များ ထည့်သွင်းရေးဆွဲရန်နှင့် နောင်တစ်ချိန်တွင် ဟိုတယ်ကြီးများအထိ မျှော်မှန်းပြီး လျာထားရေးဆွဲရန်လိုအပ်ပါကြောင်း။

ထို့အတူ စာသင်ကျောင်းများ၊ ဈေးများ၊ ဆေးရုံနှင့် ဆေးခန်းများ၊ တယ်လီဖုန်းဆက်သွယ်ရေးစနစ်များကိုလည်း ထည့်သွင်းရေးဆွဲရန် လိုအပ်ပါကြောင်း၊ ထို့ပြင် ကျိုင်းတုံ-တာချီလိတ်ကားလမ်းအား တာလေမှတစ်ဆင့် မဲခေါင်မြစ်ကူးတံတားသို့ ဆက်သွယ်သည့်လမ်းကို ယခုထက်ပိုမိုကောင်းမွန်အောင် အဆင့်မြှင့်တင်ဖောက်လုပ်ရန်နှင့် နောင်တိုးတက်လာမည့် ခရီးသွားလုပ်ငန်းများကို မျှော်မှန်းပြီး လက်ရှိလေယာဉ်ကွင်းဟောင်းကို ပထမအဆင့် လေယာဉ်ငယ် ဆင်းသက်နိုင်အောင် ပြန်လည်ပြုပြင်ရေးကိုပါ ရေးဆွဲရန်လိုအပ်ပါကြောင်း၊ အလားတူ မဲခေါင်မြစ်ကူးတံတား၏ အထက်ပိုင်းနှင့် အောက်ပိုင်းတွင် သင်္ဘောဆိပ်များ တည်ဆောက်ရေး ထည့်သွင်းစဉ်းစားရေးဆွဲရန် လိုအပ်ပါကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အားရရှိမှုသည် များစွာအရေးကြီးသည့်အတွက် လျှပ်စစ်ဓာတ်အားရရှိအောင် စီစဉ်ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ပထမဦးစွာ ယာယီလျှပ်စစ်ဓာတ်အားရရှိနိုင်မည့် အစီအမံများကို ဆောင်ရွက်ပေးရန်လိုအပ်ပါကြောင်း။

ဒေသတစ်ခုဖွံ့ဖြိုးလာသည်နှင့်အမျှ စားသုံးမှုများလည်း များပြားလာမည်ဖြစ်ရာ စားသောက်ရေးအတွက် ဆန်စပါးစိုက်ပျိုးရေးနှင့် မွေးမြူရေးကို တိုးချဲ့ရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ဆန်စပါးကို တစ်သီးမှ နှစ်သီးစိုက်ပျိုးနိုင်ရန် ရေရရှိရေးအတွက် ဆည်အသေးများ တည်ဆောက်နိုင်ရန်၊ အဆိုပါဆည်များမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနိုင်ရေး ဆည်တည်ဆောက်မည့်မြေနေရာ ရှာဖွေပြင်ဆင်ထားရန် လိုအပ်ပါကြောင်း၊ ဒေသစည်ကားလာသည်နှင့်အမျှ လုံခြုံရေးသည်လည်း အရေးကြီးသဖြင့် မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းတွင် လုံခြုံရေးကိစ္စကို အထူးအလေးထား ထည့်သွင်းရေးဆွဲကြစေလိုပါကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် နယ်စပ်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်တွင် ပါဝင်သင့်၊ ပါဝင်ထိုက်သည့် ဝန်ကြီးဌာနများ ပူးပေါင်း၍ ကော်မတီတစ်ရပ်ဖွဲ့စည်းကာ တစ်နှစ်အတွင်း ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

**(သတင်းစဉ်)**

---

## ❍ ရှေ့ဖုံးမှ

အဆိုပါ JICA မှ ထောက်ပံ့ထားသည့် လယ်ယာသုံးစက်ကိရိယာများမှာ မတ္တရာမြို့နယ် မင်္ဂလာသီရိကျေးရွာရှိ လုပ်ကွက်ငယ် လယ်သမားများအနေဖြင့် သီးနှံများစိုက်ပျိုးထုတ်လုပ်ရာတွင် ထွန်စက်ကြီး၊ ရိတ်သိမ်းခြွေလှေ့စက်ကြီးများကိုအသုံးပြု၍ မြေပြင်ထွန်ယက်ခြင်း၊ ရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းများကို လုပ်အားသက်သာပြီး ကုန်ကျစရိတ်နည်းပါးစွာ ဆောင်ရွက်နိုင်ရန်နှင့် အဆိုပါကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ရည်ရွယ်၍ ထောက်ပံ့ထားခြင်းဖြစ်သည်။

COMBINE HARVESTER စပါးရိတ်သိမ်းစက်ကြီးများမှာ KUBOTA COMBINE HARVESTER နှစ်စီး၊ KUKJI(DKC 865/ DKC 685) COMBINE HARVESTER ၁၃ စီးဖြစ်ပြီး မတ္တရာမြို့နယ်အတွင်းရှိ နွေစပါး၊ မိုးစပါးများ အချိန်မီဈေးနှုန်းသက်သာစွာဖြင့် ရိတ်သိမ်းခြွေလှေ့ဆောင်ရွက်ပေးရန်ဖြစ်ပြီး လုပ်သားအင်အား ရှားပါးနေသော အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးနိုင်သည့်အပြင် အချိန်တိုအတွင်း ရိတ်သိမ်းခြွေလှေ့ပေးနိုင်သဖြင့် စပါးသီးနှံအရည်အသွေးတိုးတက်လာမည်ဖြစ်သည်။ စပါးကုန်သည်များအနေဖြင့်လည်း စပါးရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် ရိတ်သိမ်းခြွေလှေ့သော စပါးများမှာ အရည်အသွေးကောင်းမွန်ခြင်း၊ စပါးသန့်စင်ခြင်းတို့ကြောင့် ဈေးကောင်းပေးကာ ဝယ်ယူလျက်ရှိကြောင်း သိရသည်။

မတ္တရာမြို့နယ်ကို မန္တလေးတိုင်းဒေသကြီးအတွင်း စက်မှုလယ်ယာကူးပြောင်းရေးအတွက် အထူးဦးစားပေးဒေသအဖြစ် ရွေးချယ်သတ်မှတ်ဆောင်ရွက်လျက်ရှိသည်။ မတ္တရာမြို့နယ်မှ တောင်သူများ မြေပြင်ထွန်ယက်ခြင်း၊ ရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းများအတွက် အလွယ်တကူဆက်သွယ်ခေါ်ယူနိုင်ရန်အတွက် လမိုင်းကျေးရွာအုပ်စုနှင့် လကျောင်းကြီးကျေးရွာအုပ်စုများတွင် စက်မှုလယ်ယာလုပ်ငန်းဝန်ဆောင်မှု ရှေ့တန်းစခန်းများကို မကြာမီဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

**စိုးကျော်သူထွေး(မတ္တရာ)**

---

# အရေးပေါ်ဆေးကုသမှုဆိုင်ရာ မဟာဘွဲ့သင်တန်း ပထမနှစ်သင်တန်းများ စတင်လျက်ရှိ

**ရန်ကုန် မေ ၁၁**

အရေးပေါ်ဆေးကုသမှု (Emergency Medicine) ဘာသာရပ်ကို ယခင်က သက်ဆိုင်ရာ ဘာသာရပ်အလိုက် အထူးကုဆရာဝန်များအား ဘွဲ့လွန်ဒီပလိုမာသင်တန်းအဖြစ်ခေါ်ယူခဲ့ပြီး ယခုနှစ်မှစကာ ဆေးပညာရိုးရိုးဘွဲ့ရရှိထားသည့် နိုင်ငံ့ဝန်ထမ်းဆရာဝန်များ ဆက်လက်တက်ရောက်နိုင်မည့် မဟာဘွဲ့သုံးနှစ်သင်တန်းများအဖြစ် ဆေးတက္ကသိုလ်(၁)ရန်ကုန်တွင် စတင်ပို့ချနေပြီဖြစ်ကြောင်း သိရသည်။

အရေးပေါ်ဆေးကုသမှုဘာသာရပ်အတွက် ဒီပလိုမာသင်တန်းကို ၂၀၁၃ ခုနှစ်ကတည်းက ဖွင့်လှစ်ခဲ့ကာ သင်တန်းကာလ ၁၈ လကြာ တက်ရောက်ရကြောင်း သိရသည်။ အရေးပေါ်ဆေးကုသမှုဘာသာရပ်အတွက် ပထမဆုံးဘွဲ့လွန်သင်တန်းသား ၁၈ ဦးကို မွေးထုတ်ပေးခဲ့ပြီး ဒုတိယနှစ်သင်တန်းသား ရှစ်ဦးကို ဆက်လက်ပို့ချလျက်ရှိကြောင်း သိရသည်။

"ဒီပလိုမာသင်တန်းတက်မယ့်သူတွေက ဆေးပညာမဟာဘွဲ့ကို သက်ဆိုင်ရာဘာသာရပ်အလိုက် ရရှိထားပြီးဖြစ်တဲ့ အထူးကုဆရာဝန်တွေပဲဖြစ်ပါတယ်။ အရေးပေါ်ဆေးကုသမှုတွေ ဆောင်ရွက်နိုင်ဖို့ အရေးပေါ်ဆေးပညာကို ဒီပလိုမာဘွဲ့လွန် ထပ်တက်ရတာဖြစ်ပါတယ်။ အဲဒီထဲမှာ ကလေးအထူးကု၊ ခွဲစိတ်အထူးကု၊ အရိုးအထူးကု၊ မေ့ဆေးအထူးကုတွေပါဝင်ပြီး နောက်ထပ် ၁၈ လ သင်တန်းထပ်တက်ပြီး အရေးပေါ်ဆေးကုသမှုဒီပလိုမာရယူကာ အရေးပေါ်ဆေးကုသမှုပေးတဲ့ အထူးကုဆရာဝန်တွေဖြစ်ကြတာပါ။

"ဒီနှစ်မှာတော့ Candidate တွေက ဆေးပညာဘွဲ့ရထားပြီး အစိုးရတာဝန်ထမ်းဆောင်နေတဲ့ ဆရာဝန်တွေထဲက လျှောက်ထားသူတွေကို ရွေးချယ်တာဖြစ်ပါတယ်။ သင်တန်းက သုံးနှစ်ဖြစ်ပြီး မဟာဘွဲ့သင်တန်းဖြစ်ပါတယ်" ဟု ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ် ဒေါက်တာပပက ပြောသည်။

ယခုနှစ်အတွက် ပထမနှစ်သင်တန်း လျှောက်ထားသူများထဲမှ ၂၅ ဦးရွေးချယ်ကာ ဆေးတက္ကသိုလ်(၁)ရန်ကုန်တွင် တက်ရောက်သင်ကြားနေပြီဖြစ်ကြောင်း သိရသည်။ စာတွေ့၊ လက်တွေ့လေ့ကျင့်မှုများကို သင်ကြားရေးဆေးရုံဖြစ်သည့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်ဆေးကုသမှုဌာနတွင် ဆောင်ရွက်လျက်ရှိပြီး ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့တွင် အဆိုပါဌာနများရှိကြောင်း သိရသည်။

**(မိုးသူ)**

---

## ထူးခြားသည့် နေ့အပူချိန်များ

၁၁-၅-၂၀၁၅

ချောက်
၄၄ ဒီဂရီစင်တီဂရိတ်

မင်းဘူး
၄၄ ဒီဂရီစင်တီဂရိတ်

မြင်းခြံ
၄၃ ဒီဂရီစင်တီဂရိတ်

ညောင်ဦး
၄၃ ဒီဂရီစင်တီဂရိတ်

မကွေး
၄၃ ဒီဂရီစင်တီဂရိတ်

## မိုးထစ်ချုန်းရွာဖွယ်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန် ရာနှုန်း ၄၀ ဖြစ်သည်။

## မိုးထစ်ချုန်းရွာနိုင်

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။



# အိုင်အက်စ်ခေါင်းဆောင် ဘက်ဂါဒီ ဒဏ်ရာမသက်သာသဖြင့် ခေါင်းဆောင်အသစ်ရွေးချယ်မည်

**ဘဂ္ဂဒက် မေ ၁၁**

အိုင်အက်စ်စစ်သွေးကြွခေါင်းဆောင် အဘူဘာကာ အယ်လ်ဘက်ဂါဒီသည် ကျောရိုးဒဏ်ရာရရှိနေသဖြင့် အိုင်အက်စ်အဖွဲ့၏ နေ့စဉ်လုပ်ငန်းတာဝန်များကို စီမံခန့်ခွဲမှုပြုရန် နောက်ထပ် ခေါင်းဆောင်တစ်ဦးအား ယခု ရက်သတ္တပတ်တွင် ရွေးချယ်တင်မြှောက်မည်ဖြစ်ကြောင်း သတင်းများအရ သိရသည်။

ခေါင်းဆောင် ဘက်ဂါဒီသည် ဗုံးဆန်ထိမှန်ခဲ့သဖြင့် ဘယ်ဘက်ခြေထောက်နှင့် ကျောရိုးတွင် အပြင်းအထန်ဒဏ်ရာရရှိခဲ့သည်။ ယခုအချိန်တွင် အီရတ်နိုင်ငံမှ ဘက်ဂါဒီကို ခေါ်ဆောင်လာပြီး အိုင်အက်စ်တို့သိမ်းပိုက်ထားသည့် ဆီးရီးယားနိုင်ငံ ရတ်ကာမြို့တွင် လုံခြုံရေးများ အနီးကပ်စောင့်ကြည့်လျက်ရှိသည်။

၎င်း၏ဒဏ်ရာအခြေအနေမှာ ဆိုးရွားလျက်ရှိနေသည့်အတွက် အစ္စလာမ္မစ် အုပ်ချုပ်ရေးရှူရာကောင်စီအနေဖြင့် အီရတ်နှင့်ဆီးရီးယားနိုင်ငံများတွင် နောက်တန်းနှင့် ရှေ့တန်း နိုင်နင်းစွာ စီမံခန့်ခွဲနိုင်မည့် ခေါင်းဆောင်တစ်ဦးအား ယာယီရွေးချယ်တင်မြှောက်ရန် ဆုံးဖြတ်ချက်ချခဲ့ခြင်းဖြစ်သည်။

ခေါင်းဆောင်ရွေးချယ်တင်မြှောက်ရာတွင် အိုင်အက်စ်အဖွဲ့အတွင်း ဩဇာတိက္ကမကြီးမားသော အီရတ်နိုင်ငံသားနှစ်ဦးနှင့် ဆီးရီးယားနိုင်ငံသားတစ်ဦးတို့အနက် တစ်ဦးအား ရွေးချယ်တင်မြှောက်မည်ဖြစ်ကြောင်းသိရသည်။

**ရိုက်တာ။**

# တူရကီကုန်သင်္ဘောတစ်စင်းအား လစ်ဗျားအစိုးရတပ်ဖွဲ့များက အမြောက်ဖြင့် ပစ်ခတ်

**ဘင်ဂါဇီ မေ ၁၁**

တူရကီနိုင်ငံမှ ကုန်သင်္ဘောတစ်စင်းအား လစ်ဗျားနိုင်ငံ ပင်လယ်ကမ်းရိုးတန်းအနီးသို့ မချဉ်းကပ်ရန် သတိပေးခဲ့ပြီးနောက် လစ်ဗျားတပ်ဖွဲ့များက အမြောက်ဖြင့် ပစ်ခတ်ခဲ့ရာ သင်္ဘောသားတစ်ဦး သေဆုံးသွားကြောင်း နိုင်ငံတကာက အသိအမှတ်ပြုထားသည့် လစ်ဗျားအစိုးရအား သစ္စာခံသည့်တပ်ဖွဲ့က ပြောကြားသည်။

လစ်ဗျားတပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် တူရကီသင်္ဘောသားတစ်ဦးသေဆုံးရခြင်းမှာ စက်ဆုပ်ဖွယ်ကောင်းသော တိုက်ခိုက်မှုဖြစ်ကြောင်း တူရကီအစိုးရက ပြောကြားသည်။

လစ်ဗျားနိုင်ငံတွင် အာဏာရှင်ဟောင်း ကဒါဖီအား အတိုက်အခံတပ်ဖွဲ့များက ရာထူးမှ ဖယ်ရှားခဲ့ပြီးသည့် လေးနှစ်တာကာလအတွင်း နိုင်ငံမှာ ဖရိုဖရဲပြိုကွဲခဲ့ရသည်။

လက်နက်ကိုင် အဖွဲ့အစည်းအများအပြားက ကျောထောက်နောက်ခံပြုထားသည့် စင်ပြိုင်အစိုးရနှစ်ဖွဲ့ ဖြစ်တည်နေပြီး ၎င်းနိုင်ငံ၏ အဓိကရေနံထုတ်လုပ်ရာဒေသများနှင့် ရေနံတင်ဆိပ်ကမ်းများအား ထိန်းချုပ်နိုင်ရေးအတွက် လက်နက်ကိုင်အုပ်စုများက ကြိုးပမ်းလျက်ရှိကြသည်။

လစ်ဗျားနိုင်ငံ အရှေ့ပိုင်း ဒါနာမြို့အနီးသို့ ချဉ်းကပ်ခြင်းမပြုရန် တားမြစ်ချက်အား မချိုးဖောက်ရန် ယင်းသင်္ဘောကို သတိပေးခဲ့ပြီးနောက် မေ ၁၀ ရက်တွင် လစ်ဗျားကမ်းခြေမှ ၁၀ မိုင်ခန့်အကွာ၌ ယင်းသင်္ဘောတည်ရှိနေကြောင်း လစ်ဗျားစစ်ဘက် ပြောခွင့်ရပုဂ္ဂိုလ် မိုဟာမက် ဟီဂျာဇီက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

ဒါနာမြို့အနီးသို့ ချဉ်းကပ်လာသော မည်သည့်ရေယာဉ်ကိုမဆို ၎င်းတို့အနေဖြင့် ပစ်ခတ်မည်ဖြစ်ကြောင်း၊ ယင်းမှာ အဆိုပါဒေသအတွင်း အခြေပြုထားသည့် စစ်သွေးကြွများအနေဖြင့် ထောက်ပံ့ရေးပစ္စည်းများ လက်ခံရရှိမှုအား ရပ်တန့်စေရန်ဖြစ်ကြောင်း လစ်ဗျားအစိုးရက ပြောကြားသည်။

**ရိုက်တာ။**

# အိန္ဒိယတွင် အာရှခြင်္သေ့များ ပြန်လည်တိုးပွားလာ

**နယူးဒေလီ မေ ၁၁**

အိန္ဒိယနိုင်ငံတွင် အာရှခြင်္သေ့ကောင်ရေသည် လွန်ခဲ့သည့် ငါးနှစ်ကထက် ပိုမိုများပြားလာပြီဖြစ်ကြောင်း တာဝန်ရှိသူများက ယနေ့ပြောကြားသည်။

၂၀၁၀ ပြည့်နှစ်တွင် ၄၁၁ ကောင်ရှိခဲ့ရာမှ ၂၀၁၅ ခုနှစ်တွင် ၅၂၃ ကောင်အထိ တိုးပွားလာခဲ့ကြောင်း နောက်ဆုံးကောက်ယူခဲ့သော ခြင်္သေ့စစ်တမ်းများပါ ကိန်းဂဏန်းများကို ကိုးကား၍ ဂူဂျာရတ်ပြည်နယ်ဝန်ကြီးချုပ် အနန်ဒီဆင်း ပါတဲလ်က ပြောသည်။

ဂူဂျာရတ်ပြည်နယ်အနောက်ပိုင်းရှိ ဂီယာသစ်တောသည် အာရှခြင်္သေ့များ၏ တစ်ခုတည်းသော မှီတင်းကျက်စားရာဒေသဖြစ်သည်။

တစ်ချိန်က ယင်းပြည်နယ်အနှံ့အပြား၌ တွေ့ရသော ခြင်္သေ့များသည် အမဲလိုက်ခံရခြင်းနှင့် မိုးခေါင်ခြင်းများကြောင့် ၂၀ ရာစု အစောပိုင်းကာလတွင် အရေအတွက် တစ်ဒါဇင်မျှလောက်သာ ကျန်တော့သည်။

သို့သော် ယခုရာစုတွင် ခြင်္သေ့များကို အမဲလိုက်သတ်ဖြတ်ခြင်းအား တားမြစ်ပိတ်ပင်လိုက်ခြင်းနှင့် နည်းလမ်းမျိုးစုံတို့ဖြင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းတို့ကြောင့် ကောင်ရေပြန်လည်တိုးပွားလာခဲ့သည်။

တာဝန်ရှိသူများနှင့် စေတနာ့ဝန်ထမ်း ၂၅၀၀ တို့သည် ဧရိယာ စတုရန်းကီလိုမီတာ ၂၀၀၀၀ ကျယ်ဝန်းသော ဂူဂျာရတ်ပြည်နယ် ဆူရရှတ်တြာဒေသတွင် စစ်တမ်းကောက်ယူခဲ့ရာ ခြင်္သေ့အထီး ၁၀၉ ကောင်၊ ခြင်္သေ့အမ ၂၀၁ ကောင်နှင့် ခြင်္သေ့ပေါက်စ ၂၁၃ ကောင်ကို တွေ့ရှိခဲ့ကြသည်။

စစ်တမ်းကောက်ရာတွင် ဓာတ်ပုံရိုက်နည်းဖြင့်လည်းကောင်း၊ ဂျီပီအက်စ် စနစ်သုံးစွဲ၍လည်းကောင်း အသုံးပြုခဲ့ကြောင်း သစ်တောအရာရှိတစ်ဦးက ပြောသည်။

ဆူရရှတ်တြာဒေသကို ဖြတ်သန်းသော ရထားများ၊ ထရပ်ကားများအပြင် သားသတ်မုဆိုးများ၊ ယာခင်းများ၌ လျှပ်စစ်ဓာတ် လွှတ်ထားသော ဝါယာကြိုးများ၊ အကာအရံမပါသော တွင်းပက်လက်များသည် ယင်းဒေသအား အာရှခြင်္သေ့များအတွက် သေတွင်းအဖြစ်သို့ ပြောင်းလဲပေးခဲ့သည်။

ထို့အတူ လူနှင့် တိရစ္ဆာန်တို့၏ ပဋိပက္ခကြီးမားလာခဲ့ရာ လွန်ခဲ့သည့်နှစ်နှစ်အတွင်း ခြင်္သေ့များက လူ ၁၄ ဦးကို ကိုက်သတ်ခဲ့ပြီး ၁၁၄ ဦးကို ဒဏ်ရာရရှိစေခဲ့သည်။

**ရိုက်တာ။**



# လုံခြုံရေးဆိုင်ရာ ဥပဒေကြမ်းများကို ဂျပန်အာဏာရပါတီ အတည်ပြု

**တိုကျို မေ ၁၁**

ဂျပန်နိုင်ငံ၏လုံခြုံရေးမူဝါဒကို တစ်ဆစ်ချိုးပြောင်းလဲစေမည့် လုံခြုံရေးဆိုင်ရာ ဥပဒေကြမ်းများကို အာဏာရပါတီ တာဝန်ရှိသူများက မေ ၁၁ ရက်တွင် တရားဝင်အတည်ပြုလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

လွန်ခဲ့သည့်လက ထုတ်ပြန်ကြေညာခဲ့သော အမေရိကန်-ဂျပန်ကာကွယ်ရေးဆိုင်ရာ လမ်းညွှန်ချက်များကို ထင်ဟပ်လျက် လုံခြုံရေးဆိုင်ရာ ဥပဒေကြမ်းများကို ရေးဆွဲထားသည်။ စစ်ရေးအရအင်အားကြီးထွားလာသော တရုတ်နိုင်ငံ၏ ခြိမ်းခြောက်မှုများကို ရင်ဆိုင်နိုင်ရန် အဆိုပါကာကွယ်ရေးဆိုင်ရာ လမ်းညွှန်ချက်များတွင် ဖော်ပြထားသည်။

ဥပဒေအရ ဂျပန်နိုင်ငံ၏ စစ်ဘက်ဆိုင်ရာ အခန်းကဏ္ဍကို တိုးမြှင့်ပေးထားပြီး ဂျပန်နိုင်ငံသည် ဒုတိယကမ္ဘာစစ်နောက်ပိုင်း ပထမဆုံးအကြိမ် ပြည်ပသို့ တပ်ဖွဲ့များကို စေလွှတ်ခွင့်ရရှိလာမည်ဖြစ်သည်။

ဂျပန်နိုင်ငံ၏ လုံခြုံရေးဆိုင်ရာမူဝါဒအား ပြင်ဆင်ပြောင်းလဲခြင်းနှင့် ပတ်သက်၍ ပြည်သူများအတွင်း သဘောထားအမြင် သိသိသာသာ ကွဲပြားခြားနားနေကြောင်း လူထုသဘောထား စစ်တမ်းများတွင်ဖော်ပြသည်။

ဒုတိယကမ္ဘာစစ်အပြီး စစ်အင်အားချဲ့ထွင်မှုကို ထိန်းချုပ်ကန့်သတ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ပြောင်းလဲရန် ဝန်ကြီးချုပ် ရှင်ဇိုအာဘေး၏ အစိုးရအဖွဲ့က လွန်ခဲ့သည့် ဇူလိုင်လတွင် ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်ခဲ့သည်။

လုံခြုံရေးဆိုင်ရာ ဥပဒေကြမ်းများကို အစိုးရအဖွဲ့က မေ ၁၄ ရက်တွင် အတည်ပြုကာ မေ ၁၅ ရက်တွင် ပါလီမန်သို့ တင်သွင်းမည်ဟု မျှော်လင့်ရသည်။

**ရိုက်တာ။**

# နိုယူလ်တိုင်ဖုန်းမုန်တိုင်းကြောင့် ဖိလစ်ပိုင်တွင် လူနှစ်ဦးသေ

**မနီလာ မေ ၁၁**

ဖိလစ်ပိုင်နိုင်ငံ လူဇုန်ကျွန်းတွင် အင်အားပြင်းတိုင်ဖုန်းမုန်တိုင်း တိုက်ခိုက်မှုကြောင့် လူနှစ်ဦးသေဆုံးပြီး ထောင်ပေါင်းများစွာ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။ နိုယူလ်တိုင်ဖုန်းမုန်တိုင်းသည် အနောက်ပိုင်းလူဇုန်ကမ်းခြေမှ မြောက်ဘက်ကမ်းလွန်သို့ရွှေ့လျားသွားပြီး မွန်းလွဲပိုင်းတွင် ကာဂါယန်ပြည်နယ်မြောက်ပိုင်းကုန်းတွင်းသို့ ဝင်ရောက်တိုက်ခတ်သွားခဲ့သည်။

မုန်တိုင်းကြောင့် လူဇုန်ကျွန်းမြောက်ပိုင်းနှင့် ကမ်းခြေတစ်လျှောက်ဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းမုန်တိုင်းများတိုက်ခတ်ခဲ့သည်။

သဘာဝဘေးအန္တရာယ်လျော့ပါးရေးနှင့် စီမံခန့်ခွဲရေးကောင်စီ၏ အဆိုအရ ကာဂါယန်ပြည်နယ်တွင် အမျိုးသားနှစ်ဦးသည် ပြန်လည်ပြုပြင်ရေးများလုပ်ဆောင်နေသည့် လျှပ်စစ်ဝါယာကြိုးကို ထိမိသောကြောင့် ဓာတ်လိုက်သေဆုံးသွားခြင်းဖြစ်သည်ဟု ဆိုသည်။ အဆိုပါကောင်စီက အိမ်ထောင်စု ၁၀၀၀ မှ ဒေသခံ ၃၈၀၀ ကျော်ကို ဘေးကင်းရာသို့ ရွှေ့ပြောင်းထားပြီး အပျက်အစီးနှင့် ထိခိုက်ဒဏ်ရာရရှိမှုများကို စောင့်ကြည့်လျက်ရှိသည်။

**အင်န်အိတ်ချ်ကေ။**

# ရွေးကောက်ပွဲဆိုင်ရာအသိပညာပေးသင်တန်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော် မေ ၁၁**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၊ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးသင်တန်းအမှတ်စဉ် (၂/၂၀၁၅)သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင်နေပြည်တော်ရှိ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက အဖွင့်အမှာစကား ပြောကြားသည်။**(အောက်ပုံ)**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက အမှာစကား ပြောကြားရာတွင် ရွေးကောက်ပွဲသည် နိုင်ငံတော်တွင် အသက်တမျှ အရေးကြီးကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဒုတိယအကြိမ်လွှတ်တော်သက်တမ်းအတွက် ပထမအကြိမ် လွှတ်တော်သက်တမ်း မကုန်ဆုံးမီ ရက်ပေါင်း(၉၀) ကြိုတင်၍ ရွေးကောက်ပွဲကို ကျင်းပပေးရမည်ဖြစ်သဖြင့် အောက်တိုဘာလ နောက်ဆုံးပတ်(သို့မဟုတ်) နိုဝင်ဘာလ ပထမပတ်တွင် ကျင်းပပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် အရည်အချင်းပြည့်ဝသော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ရွေးချယ်လျာထားမှသာ လွှတ်တော်အတွင်း အရည်အချင်းပြည့်ဝသော ကိုယ်စားလှယ်များရောက်ရှိပြီး နိုင်ငံကို ဖွံ့ဖြိုးတိုးတက်အောင် ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကို လွတ်လပ်မျှတပြီး ပွင့်လင်းမြင်သာသော ရွေးကောက်ပွဲဖြစ်ကြောင်း နိုင်ငံတကာ စောင့်ကြည့်လေ့လာရေးအဖွဲ့များ၊ ပြည်တွင်းစောင့်ကြည့်လေ့လာရေး လူမှုအဖွဲ့အစည်းများဖြင့် စောင့်ကြည့်လေ့လာအကဲဖြတ်စေမှာဖြစ်ကြောင်း၊ ကော်မရှင်အနေဖြင့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် ပဋိပက္ခဖြစ်ပွားမှုမရှိအောင် လုံခြုံရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်မတော်၊ တိုင်းဒေသကြီး/ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်၊ နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများနှင့် ဆောင်ရွက်ခဲ့ကြောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ပဋိပက္ခများနှင့် အကြမ်းဖက်မှုများကို လေ့လာဖော်ထုတ်ပြီး ကြိုတင်ကာကွယ်နိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာဘေးအန္တရာယ်များ စီမံခန့်ခွဲသည့် နည်းစနစ် (ERM Tool)ကို အသုံးပြု၍ စီမံချက်များချမှတ် ဆောင်ရွက်လျက်ရှိကြောင်း၊ ကော်မရှင်အနေဖြင့် သီးခြားလွတ်လပ်သော အဖွဲ့အစည်းဖြစ်သဖြင့် ၎င်းအဖွဲ့အစည်းတွင် ပါဝင်မည်မဟုတ်ကြောင်း၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တွင် ရွေးကောက်ပွဲနှင့် ပတ်သက်သော ပဋိပက္ခဖြေရှင်းရေးအဖွဲ့များ ဖွဲ့စည်း၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ၂၀၁၃ ခုနှစ်မှ စတင်၍ မဟာဗျူဟာစီမံကိန်း(၂၀၁၄-၂၀၁၈)ကို ရေးဆွဲဆောင်ရွက်ခဲ့ကြောင်း၊ ယခုရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးသင်တန်းကို ဖွင့်လှစ်ခြင်းမှာလည်း ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဟာဗျူဟာစီမံကိန်းပါ ကဏ္ဍတစ်ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ သင်တန်း၏ရည်ရွယ်ချက်မှာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တွင် ရှိကြသည့် ဝန်ထမ်းများ၊ နိုင်ငံရေးပါတီများအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်များနှင့် အမိန့်ညွှန်ကြားချက်များကို သိရှိနားလည်ပြီး မိမိတာဝန်ယူရမည့် လုပ်ငန်းပိုင်းတွင် ကျွမ်းကျွမ်းကျင်ကျင် ပိုင်ပိုင်နိုင်နိုင် ဆောင်ရွက်နိုင်စေရန်နှင့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကို ဥပဒေနှင့်အညီ လွတ်လပ်မျှတပြီး ပွင့်လင်းမြင်သာစွာ ကျင်းပပေးနိုင်စေရန် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာ ဒေါ်မြင့်ကြည်က မဟာဗျူဟာစီမံကိန်း (၂၀၁၄-၂၀၁၈)နှင့် ပတ်သက်၍ လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က ရွေးကောက်ပွဲဆိုင်ရာ ကြေညာချက်များ ထုတ်ပြန်ကြေညာခြင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်း စိစစ်ခြင်းနှင့် ကန့်ကွက်ခြင်း၊ ရွေးကောက်ပွဲကိုယ်စားလှယ် မဲရုံကိုယ်စားလှယ်များ ခန့်ထားခြင်း၊ ရွေးကောက်ပွဲဝင်ခွင့် အာမခံငွေနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခြင်း၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ၊ ဆန္ဒမဲ ရေတွက်ခြင်းနှင့် အနိုင်အရှုံး အတည်ပြုကြေညာခြင်း၊ ကော်မရှင်၏လုပ်ပိုင်ခွင့်များ၊ ရွေးကောက်ပွဲ ကုန်ကျစရိတ်များ၊ ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုနှင့် ပြစ်ဒဏ်များ၊ တရားမဲ့ပြုကျင့်မှုများ၊ ရွေးကောက်ပွဲကန့်ကွက်လွှာများ တင်သွင်းခြင်းနှင့် အဆုံးအဖြတ်ပေးခြင်းတို့နှင့် ပတ်သက်၍ လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဦးညွန့်တင်က ရွေးကောက်ပွဲကျင်းပခြင်း၊ ဆန္ဒမဲပေးခြင်းနှင့် ကြိုတင်ဆန္ဒမဲပေးခြင်းတို့နှင့် ပတ်သက်၍ လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဦးဝင်းကိုက အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်များ၊ လွှတ်တော်(၃)ရပ် ဖွဲ့စည်းပုံ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဖွဲ့စည်းခြင်း၊ မဲဆန္ဒနယ်များ သတ်မှတ်ကြေညာခြင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိခြင်းနှင့် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိခြင်း၊ မဲစာရင်းပြုစုခြင်းတို့နှင့် ပတ်သက်၍ လည်းကောင်း ဆွေးနွေးပို့ချပြီးနောက် သင်တန်းသားများ၏ ဆွေးနွေးမေးမြန်းချက်များအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## အောက်မြန်မာနိုင်ငံ မြို့နှင့် ကျေးရွာမြေများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။ )

၁၃၇၆ ခုနှစ်၊ လ ရက်

( ၂၀၁၅ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ အက်ဥပဒေပုဒ်မ ၉ နှင့် ပုဒ်မ ၂၃-က၊ ပုဒ်မခွဲ (၃)တို့ကို ပယ်ဖျက်ရမည်။

၃။ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ အက်ဥပဒေပုဒ်မ ၄၃-က တွင်ပါရှိသော "not exceeding one month's imprisonment, or two hundred rupees fine, or both." ဆိုသည့်စကားရပ်အစား "not exceeding three month's imprisonment, or three hundred thousand kyats fine, or both."ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

---

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။**

# ပခုက္ကူဦးအုံးဖေ တည်ထောင်သော

## ပခုက္ကူစာပေဆုရစာအုပ်များ ဖြန့်ချိရောင်းချပေးလျက်ရှိ

**နေပြည်တော် မေ ၁၁**

၂၀၁၃ ခုနှစ် ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆုပြိုင်ပွဲတွင် ဆုရရှိခဲ့သော စာမူများကို ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က စာအုပ်အဖြစ် ထုတ်ဝေဖြန့်ချိရောင်းချပေးလျက်ရှိသည်။

အဆိုပါစာအုပ်များမှာ ကဗျာပေါင်းချုပ်ပထမဆုရ သန်းအောင်(အညာမြေ)၏ "တောဒဟတ်ပန်းကဗျာများ" (ရောင်းဈေး ၁၅၀၀ ကျပ်)၊ ဝတ္ထုတိုပေါင်းချုပ် ပထမဆုရ ရဲမြတ်တင်၏ "ဇမ္ဗူရစ်ရွှေစင်ဝတ္ထုတိုများ" (ရောင်းဈေး ၈၀၀ ကျပ်)၊ ဝတ္ထုရှည်ပထမဆုရ သိန်းဇော်(ရွှေလီဦး)၏ "ဒုတိယဘဝအစနှင့် အကြင်နာနှလုံးသားအလှများ"(ရောင်းဈေး ၈၀၀ ကျပ်)၊ ဝတ္ထုရှည်ဒုတိယဆုရ သွဲ့ထားညို(သက္ကလ)၏ "ပန်းခရေကြွေသော်လည်းမွှေး"(ရောင်းဈေး ၆၀၀ ကျပ်)တို့ဖြစ်သည်။

အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈၊ အမှတ် (၂၄၅-၂၄၇)၊ အနော်ရထာလမ်းနှင့် (၉)လမ်းထောင့် လမ်းမတော်မြို့နယ် ရန်ကုန်မြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၉-၂၆၀၉၂၀၉၇၅၊ အမှတ်(တ-၅၅)၊ သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း- ၀၆၇-၄၁၄၆၈၁၊ (၈၆)လမ်း၊ (၂၁)လမ်းနှင့် (၂၂)လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၂-၃၀၁၈၆နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ်(၅၂၉-၅၃၁)၊ ကုန်သည်လမ်းရှိ စာပေဗိမာန်၊ အရောင်းဌာန ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

မြိုင်စေတနာဆေးထိုး
ခရုသင်း (သမင်ဖြူ)
LEUCODERMA
ခရုသင်း (သမင်ဖြူ)၊ ဖြူနီနက်ကွက်များ၊ အနာကြီးရောဂါ၊ ယားနာ၊ ပွေး၊ ဝဲ၊ နှင်းခူ နှင့် အရေပြားရောဂါအမျိုးမျိုးကို ကုသပေးသည်။
ဆရာဦးခင်မောင်မြင့်၊ အမှတ်-၃၊ ဗိုလ်တထောင်ဘုရားလမ်း ... ရန်ကုန်မြို့၊ ဖုန်း-၀၁-၆၆၆၄၇၈၊ ၀၉-၇၉၈၈၆၉၁၀၉
(ဌာနခွဲ)အမှတ်(၂)၊ ၆၂လမ်း၊ ၂၈ x ၂၉လမ်းကြား၊ အောင်တော်မူရပ်၊ မန္တလေးမြို့၊ ဖုန်း - ၀၂-၂၂၅၀၅

## INVITATION FOR OPEN TENDER(3/2015)
## [TENDER NO. MPPE/JET A1/T/1(2015-2016)]

1. Open Tender is invited for the Myanma Petroleum Products Enterprise, the Ministry of Energy for the supply of JET A1(282,000 bb1± 10%)
2. Tender Closing Date &Time - 26-5-2015,12:00 Hrs
3. Tender Opening Date & Time - 26-5-2015,13:00 Hrs
4. Delivery Time - 1st July 2015 to 31st October 2015
5. Tender documents and details are available at the Department of Finance, the Myanma Petroleum Products Enterprise,Nay Pyi Taw, during office hours commencing 11-5-2015 on payment of Myanmar Kyat One Hundred Thousand(Kyat 100,000) per set.
6. Only bid from tenderer who has purchased tender document officially from the Myanma Petroleum Products Enterprise will be accepted for evaluation.

**Managing Director**
**Myanma Petroleum Products Enterprise**
**Ministry of Engery ,No(6) Complex, Nay Pyi Taw**
**Contact Phone No.067-411487/ 411486/411280**

# ဝေါမြို့နယ် ဖိုးဦးစိန်ကျေးရွာ၌ မင်းသုဝဏ်စာကြည့်တိုက်ဖွင့်

**ဝေါ မေ ၁၁**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ဖိုးဦးစိန်ကျေးရွာ မင်းသုဝဏ်စာကြည့်တိုက်ဖွင့်ပွဲနှင့် စာပေစေတမန်ပရဟိတအဖွဲ့နှင့် နယ်လှည့်စာကြည့်တိုက်ကွင်းဆင်းဖွင့်ပွဲကို မေ ၇ ရက် နံနက် ၉ နာရီက အဆိုပါ မင်းသုဝဏ်စာကြည့်တိုက်ရှေ့၌ ကျင်းပရာ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပဲခူးတိုင်းဒေသကြီး ဦးစီးမှူး ဦးလှမျိုးအောင်က စာကြည့်တိုက်ဖွင့်လှစ်ခြင်းနှင့် စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်နိုင်ရန် ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် စာပေစေတမန် ပရဟိတအဖွဲ့ ဥက္ကဋ္ဌ စာရေးဆရာ ဘုန်းဇော်မိုး(ဥဿာ)က နယ်လှည့်စာကြည့်တိုက်နှင့် ပတ်သက်၍ ရှင်းလင်းပြီး မျိုးနွယ်ဂုဏ်ဆောင်ဇာနည်မောင်ဆုတံဆိပ်ဆုရရှိသည့် စာရေးဆရာ မိုးအာကာ (ညောင်ခါးရှည်ကျေးရွာ)အား ဆုချီးမြှင့်ပေးအပ်သည်။ ဆက်လက်၍ ပထဝီစိုးကုမ္ပဏီလီမိတက်က စာပေစေတမန်ပရဟိတအဖွဲ့သို့ ငွေကျပ်တစ်သိန်း၊ ပဲခူးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းက စာအုပ်မျိုးစုံ ၁၀၀ စီ၊ ဂွတ်ဘရားသားကုမ္ပဏီက စာအုပ်မျိုးစုံဝယ်ရန်ငွေကျပ်တစ်သိန်းအား ပေးအပ်လှူဒါန်းကြပြီး ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသက်နိုင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အဆိုပါစာကြည့်တိုက်မှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပြည်သူ့လွှတ်တော်ရန်ပုံငွေမှ ကျပ် ၃၁၄၀၀၀၀၊ ပြည်သူထည့်ဝင်ငွေ ကျပ် ၁၀ သိန်း အကုန်အကျခံ ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ ပရဟိတနယ်လှည့်အဖွဲ့အနေဖြင့် မြို့နယ်အတွင်းကျေးရွာများမှ စာပေဝါသနာရှင် ၃၃ ဦးဖြင့် ဖွဲ့စည်းထားပြီး တစ်လလျှင် ၁၀ ရက်စီ ကျေးရွာများသို့ နယ်လှည့်စာကြည့်တိုက်လုပ်ငန်း ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရွှေ့ပြောင်းတောင်ယာ ကင်းစင်သည့်နိုင်ငံ

**ရွှေ့ပြောင်းတောင်ယာသည် သစ်တောပြုန်းတီးစေသည့် အဓိကအကြောင်းရင်း လေးငါးချက်ထဲတွင် ပါဝင်နေသော်လည်း ရွှေ့ပြောင်းတောင်ယာပပျောက်ရေး ဆိုသည်မှာလည်း ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အဖြေမရှိသည့်ပုစ္ဆာသဖွယ် ဖြစ်နေပါသည်။**

အထူးသဖြင့် လူဦးရေ ၁၀ သန်းခန့် ပတ်သက်မှီခိုနေရသောရွှေ့ပြောင်းတောင်ယာ ဟက်တာ ၁၀ ဒသမ ၂ သန်းရှိသည့် ဖွံ့ဖြိုးဆဲမြန်မာနိုင်ငံအတွက် (သစ်တောဦးစီးဌာနက စွမ်းနိုင်သမျှ နည်းလမ်းစုံဖြင့် ခေတ်အဆက်ဆက်ဆောင်ရွက်ခဲ့၊ ဆောင်ရွက်ဆဲဖြစ်သော်လည်း) ခေါင်းခဲစရာဖြစ်နေပါသည်။

နိုင်ငံအကျယ်အဝန်း၏ ၆၀ ရာခိုင်နှုန်းမှာ တောင်ကုန်း တောင်တန်းများဖြစ်ပြီး ရေမြေတိုက်စားခြင်းနှင့် ဆိုးရွားစွာ သစ်တောပြုန်းတီးနေခြင်းတို့ကြောင့် ပြည်သူများ ဆင်းရဲမွဲတေ ခံစားနေရသည့် ကိုရီးယားနိုင်ငံတွင် နိုင်ငံစီးပွားရေးချွတ်ခြုံကျနေသော်လည်း ၁၉၇၆ ခုနှစ် သမ္မတ ပတ်ချွန်ဟီး အုပ်ချုပ်သောကာလ သစ်တောပြုစုပျိုးထောင်ခြင်း၊ ရေမြေထိန်းသိမ်းခြင်းလုပ်ငန်းများကို လူအား၊ ငွေအားသုံး၍ အကြီးအကျယ်ဆောင်ရွက်ခဲ့ရာ အထူးအောင်မြင်ခဲ့သည်။ သစ်တောပြုစုထိန်းသိမ်းခြင်း စွမ်းဆောင်မှု အကောင်းဆုံးနိုင်ငံအဖြစ် ကမ္ဘာက အသိအမှတ်ပြုခဲ့သည်။ ရွှေ့ပြောင်းတောင်ယာပပျောက်ရေးကိုလည်း အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။

ဤသို့ အောင်မြင်ခြင်းမှာ နိုင်ငံ့ခေါင်းဆောင်၏ မှန်ကန်သည့် ဦးဆောင်မှု၊ သစ်တောဝန်ထမ်းများ၏ ကျွမ်းကျင်မှု၊ အသိစိတ်ဓာတ်နှင့် ပြည်သူတို့၏နိုးကြားသည့် ပူးပေါင်းပါဝင်မှုတို့ကြောင့်ဖြစ်သည်ဟု လေ့လာသူပညာရှင်များက သုံးသပ်ခဲ့ကြသည်။

သို့ဖြစ်ပါ၍ ကိုရီးယားနိုင်ငံ၏ အောင်မြင်ခဲ့သည့် ရွှေ့ပြောင်းတောင်ယာပပျောက်ရေးလုပ်ငန်းနှင့် အတွေ့အကြုံတို့ကို သိရှိလေ့လာနိုင်ရန် ကိုရီးယားနိုင်ငံ ဆိုးလ်အမျိုးသားတက္ကသိုလ်မှ ပါမောက္ခ Lee Kyung-Joon ရေးသားသည့် Successful Reforestation in South Korea စာအုပ်မှ အခန်း(၁၅)ကို ဆီလျော်စွာ ဘာသာပြန် တင်ပြခြင်းဖြစ်ပါသည်။

ကျွန်တော်တို့(ကိုရီးယား)နိုင်ငံမှာတော့ ရွှေ့ပြောင်းတောင်ယာစနစ် ပပျောက်သွားပါပြီ။ ဒီနေ့ခေတ်မှာတော့ ကြားဖူးရင်တောင် မမြင်ဖူးကြတော့ဘူး။ (ကိုရီးယား) တက္ကသိုလ်ကျောင်းသားတွေတောင် ရွှေ့ပြောင်းတောင်ယာဆိုတာ သိတောင်သိကြတော့မယ် မထင်ဘူး။ တကယ်လို့များ ရွှေ့ပြောင်းတောင်ယာ တစ်ကွက်လောက်များ တွေ့လို့ကတော့ သတင်းစာတွေ၊ TV တွေမှာ သတင်းထူးအဖြစ် ချက်ချင်းဟိုးဟိုးကျော်ဖြစ်မယ့် အခြေအနေဖြစ်နေပါပြီ။ ကိုရီးယားနိုင်ငံရဲ့ ရွှေ့ပြောင်းတောင်ယာစနစ်ထိန်းချုပ်ခဲ့တဲ့ သမိုင်းကြောင်းကို ချုပ်ပြောရရင်-

- ✳ ၁၉၆၆-ရွှေ့ပြောင်းတောင်ယာစနစ် ထိန်းချုပ်ရန် ဥပဒေပြဋ္ဌာန်းခဲ့ခြင်း။
- ✳ ၁၉၆၇-ရွှေ့ပြောင်းတောင်ယာတွေကို မိမိအသိစိတ်ဖြင့် သတင်းပို့သည့်စနစ် စတင်ခဲ့ခြင်း။
- ✳ အဲဒီတုန်းက ရွှေ့ပြောင်းတောင်ယာလုပ်တဲ့ အိမ်ထောင်စုပေါင်းသုံးသိန်းရှိခဲ့ပြီး ရန်ပုံငွေရရှိရေး၊ စီမံခန့်ခွဲရေးနဲ့ ကြီးကြပ်ရန်အခက်အခဲများကြောင့် ၁၉၇၂ ခုနှစ်အထိ ရွှေ့ပြောင်း တောင်ယာစနစ်ထိန်းချုပ်ခြင်းကို ထိရောက်စွာ မဆောင်ရွက်နိုင်ခဲ့။
- ✳ ၁၉၇၃ ခုနှစ်တွင် တစ်နိုင်ငံလုံးမှာရှိတဲ့ ရွှေ့ပြောင်းတောင်ယာများရဲ့ အခြေအနေကို ကွင်းဆင်းလေ့လာခဲ့။
- ✳ ၁၉၇၄-၁၉၇၈ တွင် ရွှေ့ပြောင်းတောင်ယာစနစ် ထိန်းချုပ်ခြင်း (၅)နှစ် စီမံကိန်း (5 Year Slash nad Burn Farming Regulation Plan) ချမှတ်ဆောင်ရွက်ခဲ့ရာ ၁၉၇၈ ခုနှစ်တွင် ပြီးစီးခဲ့။

ရွှေ့ပြောင်းတောင်ယာစနစ် ထိန်းချုပ်ဖို့ဆိုတာက လူတွေအသက်ရှင်ရပ်တည်ရေးနဲ့ ဆက်စပ်ပြီး လုပ်ရတာဖြစ်လို့ သစ်ပင်စိုက်ပျိုးခြင်းနှင့် မြေတိုက်စားမှုကာကွယ်တဲ့လုပ်ငန်းစီမံကိန်းတွေ အကောင်အထည်ဖော်ရတာနဲ့ အခြေခံကစပြီး မတူကွဲပြားမှုရှိပါတယ်။

ရွှေ့ပြောင်းတောင်ယာဆိုတာက (ချမ်းသာဖို့မဟုတ်) အသက်ရှင်ရပ်တည်ရေးအတွက် နေစရာ၊ ငွေနဲ့ မြေမရှိတဲ့ (အခြေခံ)လူတန်းစားတွေ ကုန်းမြင့်ပေါ်တက်ပြီး ရုန်းကန်တဲ့လုပ်ငန်းပါ။ ဒါကြောင့် ရွှေ့ပြောင်းတောင်ယာပပျောက်ရေးဆောင်ရွက်တဲ့အခါ ရွှေ့ပြောင်းတောင်ယာသမားမိသားစုအတွက် မြေ၊ နေစရာ၊ အလုပ်အကိုင်ရရှိရေး ဆောင်ရွက်ပေးဖို့ တာဝန်ရှိသလို သူတို့တောင်ပေါ်ပြန်တက်မသွားအောင် (ရွှေ့ပြောင်းတောင်ယာ ပြန်မလုပ်ဖြစ်အောင်)လည်း အစီအစဉ်တွေချပြီး အစိုးရက ဆောင်ရွက်ရမှာပါ။ ဒါကြောင့် ရွှေ့ပြောင်းတောင်ယာပပျောက်ရေးလုပ်ငန်းဆိုတာ (အစိုးရအတွက်) ခက်ခဲတဲ့လုပ်ငန်းပေ့ါဗျာ။

ကိုရီးယားရဲ့ ရွှေ့ပြောင်းတောင်ယာပပျောက်ရေးလုပ်ခဲ့တဲ့ အတွေ့အကြုံကို သစ်တောအရာရှိ Park Soon Jo ကပြောပြတာကတော့-

ကျွန်တော့်ကို ဆိုးလ်ဒေသ သစ်တောဌာန အောက်မှာရှိတဲ့ Hwacheon သစ်တော နယ်မှာ သစ်တောအရာရှိအဖြစ် ၁၉၆၇ ခုနှစ် နွေဦးမှာ စထမ်းဆောင်ဆောင်ချင်း ရွှေ့ပြောင်းတောင်ယာ ပပျောက်ရေးတာဝန်ကို စလုပ်ခဲ့ရတာပါ။ ချမှတ်ထားတဲ့ လုပ်ငန်းရည်မှန်းချက် (policy) အရ (ကျွန်တော့်နယ်မှာ) ရွှေ့ပြောင်းတောင်ယာ ၄ ဒသမ ၉ ဧကကို ဖျက်သိမ်းပြီး အဲဒီနေရာမှာ သစ်တောတည်ထောင်ဖို့လုပ်တော့ (အဲဒီ နေရာက) ရွှေ့ပြောင်းတောင်ယာသမားမိသားစု ဆယ်စုက ကန့်ကွက်ကြ၊ ငိုကြ တောင်းပန်ကြပေ့ါဗျာ။ သူတို့ နေဖို့၊ ဆက်လက်ရပ်တည်နေထိုင်ဖို့၊ လုပ်ကိုင်စားသောက်ဖို့ နေရာအစားရှာပေးဖို့လည်းရှိသေးတော့ ကျွန်တော်ဘာလုပ်ရမှန်းတောင်မသိဘူး ဖြစ်ခဲ့တာဗျ။

ကျွန်တော့်အတွက် ကံကောင်းချင်တော့ အဲဒီတောင်ရဲ့အခြေက မြေပြန့်ရွာလေးရဲ့အစိုးရမြေမှာ ရွာသူကြီးက စပါး ၂ ဒသမ ၅ ဧက တရားမဝင် စိုက်ထားတာကို ကျွန်တော်သိလိုက်တာပါပဲ။ အဲဒီ ၂ ဒသမ ၅ ဧက စပါးစိုက်မြေကို သုည ဒသမ ၁၆ ဧက အကွက်တွေ ဖွဲ့ပြီး သူကြီးအပါအဝင် ရွှေ့ပြောင်းတောင်ယာသမားတွေကို ဆုပေး၊ ဒဏ်ပေးအဖြစ် ခွဲဝေပေးလိုက်ပါတယ်။ ရွှေ့ပြောင်းတောင်ယာသမားများအတွက်ကတော့ သူတို့မမျှော်မှန်းနိုင်ခဲ့တာ(ယာမြေပိုင်)တွေ တကယ်ဖြစ်လာလို့ ဝမ်းသာကြတာပေ့ါဗျာ။ ကာလကြာ (ဆန်မစားနိုင်လို့) ပြောင်းတစ်လှည့်၊ ပဲတစ်လှည့်၊ အာလူးတစ်လှည့် နှစ်စဉ်စိုက်ခဲ့ကြရတာက အခုတော့ အနည်းဆုံး ဆန်ပြုတ် ပူပူနွေးနွေးလေး စားကြရတော့မှာဖြစ်လို့လည်း အလွန်ကျေနပ်နေကြတာပေ့ါ။

ကျွန်တော်လည်း သတ်မှတ်ရည်မှန်းချက်ပြည့်မီစွာ ရွှေ့ပြောင်းတောင်ယာ ၄ ဒသမ ၉ ဧကကို သစ်တောတည်ထောင်နိုင်ခဲ့တာပေ့ါဗျာ။

ကျွန်တော့်ရဲ့ အဲဒီအတွေ့အကြုံကို ကောက်ချက်ချရရင်တော့ ရွှေ့ပြောင်းတောင်ယာစနစ် ထိန်းချုပ်ခြင်း စီမံကိန်း (ရွှေ့ပြောင်းတောင်ယာပပျောက်ရေး)ဆိုတာ ရွှေ့ပြောင်းတောင်ယာသမားတွေ ဆက်လက်ရပ်တည်နေထိုင်ဖို့၊ လုပ်ကိုင်စားသောက်ဖို့၊ အသက်ရှင်ရပ်တည်ဖို့အတွက် သင့်တော်တဲ့ အစားထိုးပေးစရာရရှိမှသာ အောင်မြင်နိုင်မယ် ဆိုတာပါပဲ။

> **ရွှေ့ပြောင်းတောင်ယာစနစ် ထိန်းချုပ်ခြင်းစီမံကိန်း (ရွှေ့ပြောင်းတောင်ယာပပျောက်ရေး) ဆိုတာ ရွှေ့ပြောင်းတောင်ယာသမားတွေ ဆက်လက်ရပ်တည်နေထိုင်ဖို့၊ လုပ်ကိုင်စားသောက်ဖို့၊ အသက်ရှင်ရပ်တည်ဖို့အတွက် သင့်တော်တဲ့ အစားထိုးပေးစရာရရှိမှသာ အောင်မြင်နိုင်မယ် ဆိုတာပါပဲ။**

ကိုရီးယားနိုင်ငံမှာ Joseon ခေတ်ကတည်းက ရွှေ့ပြောင်းတောင်ယာလုပ်ခဲ့ကြတာလို့ ဆိုကြသော်လည်း ကိုရီးယားရဲ့ သစ်တောဧရိယာတစ်ဝက်လောက် ပြောင်းတလင်းခါသွားအောင် ခုတ်ခဲ့တဲ့ဂျပန်တွေ ကျူးကျော်တဲ့ကာလမှာ ရွှေ့ပြောင်းတောင်ယာတွေ အုံနဲ့ကျင်းနဲ့ အမြောက်အမြား ပေါ်ပေါက်ခဲ့ရတာပါ။ ဂျပန်တွေရဲ့ ကျူးကျော်စစ်ကြောင့် ဆုံးရှုံးခဲ့ရတဲ့ စိုက်ပျိုးမြေတွေကို အစားထိုးဖို့နဲ့ ကျူးကျော်သူ ဂျပန်တွေရဲ့ရန်က ဝေးအောင် (ပုန်းအောင်းဖို့)တောင်ပေါ်သို့ ပြောင်းရွှေ့နေထိုင်ပြီး ရွှေ့ပြောင်းတောင်ယာလုပ်ခဲ့ကြတာကြောင့် ဖြစ်ပါတယ်။ ရွှေ့ပြောင်းတောင်ယာတွေကို Gangwon-do နဲ့ Chungbuk ဧရိယာရဲ့ အရှေ့ဘက်ရှိ တောင်တန်းတွေမှာ အများအပြားနဲ့ Gyeongbuk ဧရိယာရဲ့ မြောက်ဘက်တောင်တန်းတွေမှာ ပျံ့နှံ့စွာတွေ့ရပါတယ်။

တောင်တွေ၊ သစ်တောတွေကို ပြုန်းတီးစေလို့ ရွှေ့ပြောင်းတောင်ယာကို ပပျောက်အောင်လုပ်ရမှာဖြစ်သော်လည်း တော၊ တောင်တွေကို ပြုန်းတီးခြင်းမှာ ရွှေ့ပြောင်းတောင်ယာသမားသာ တစ်ဦးတည်း တာဝန်ရှိသူများ မဟုတ်သလို ရွှေ့ပြောင်းတောင်ယာသမားတွေဟာလည်း နိုင်ငံတော်ရဲ့ ကာကွယ်မှုနဲ့ ကြွယ်ဝမှုကို ခံစားထိုက်တဲ့ နိုင်ငံသားတွေဖြစ်ကြလို့ ရွှေ့ပြောင်းတောင်ယာသမားမိသားစုတွေရဲ့ အသက်ရှင်ရပ်တည်ရေးကိုလည်း စဉ်းစားပေးရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ရှေးအစဉ်အဆက်က ရွှေ့ပြောင်းတောင်ယာပပျောက်ရေးအတွက် အရေးယူဆောင်ရွက်ခဲ့တာတွေမရှိခဲ့တာဟာ နားမလည်နိုင်စရာပါ။ ဒါဟာ ရွှေ့ပြောင်းတောင်ယာလုပ်နေကြတာကို သစ်တောဌာနက မသိချင်ယောင်ဆောင်ခဲ့တာ၊ ဒါမှမဟုတ်ရွှေ့ပြောင်းတောင်ယာပပျောက်ရေးလုပ်လို့ ဖြစ်လာမယ့်နောက်ဆက်တွဲအကျိုးဆက်တွေကို ရင်မဆိုင်ရဲတာတွေကြောင့် ဖြစ်ပုံရပါတယ်။ ကိုရီးယားနိုင်ငံ သစ်တောဌာနဖွဲ့စည်းခြင်းနဲ့ ပီပြင်တဲ့သစ်တောဥပဒေပြဋ္ဌာန်းခြင်းကို ၁၉၇၆ ခုနှစ်ကျမှ (သမ္မတ ပတ်ချွန်ဟီးတက်ပြီးမှ) ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပါတယ်။

သမ္မတပတ်ရဲ့ သစ်တောပြန်လည်ထူထောင်ရေး (၁၀)နှစ် စီမံကိန်းစတင်ခဲ့ပြီး သုံးလအကြာ Yeongdong အမြန်လမ်းမကြီးအတွက် သတ်မှတ်ထားတဲ့ ဧရိယာကို ရဟတ်ယာဉ်နဲ့ လှည့်လည်စစ်ဆေးစဉ် Hoenseong Pyeongchang,Gangwon Do ဧရိယာမှာ ရွှေ့ပြောင်းတောင်ယာတွေကို သမ္မတ ပတ်တွေ့ရှိခဲ့ရာ သမ္မတအထူးအလေးထားတဲ့ လယ်သမားတွေ ဝင်ငွေတိုးရေးနဲ့ သစ်တောများ ပြန်လည်တည်ထောင်ရေးလုပ်ငန်းကို ထိခိုက်စေနိုင်လို့ ရွှေ့ပြောင်းတောင်ယာများဟာ သမ္မတပတ်အတွက် သည်းမခံနိုင်စရာ ဖြစ်ခဲ့ရပါတယ်။ ဒါကြောင့် ဆိုးလ်မြို့ကို ပြန်ရောက်ရောက်ချင်း ရွှေ့ပြောင်းတောင်ယာပပျောက်ရေး အစီအစဉ်ရေးဆွဲဆောင်ရွက်ရန် မတ်စောက်နေရာများကို ဦးစားပေးတားမြစ်ပြီး အလျင်အမြန်ပပျောက်အောင်လုပ်ရန်နဲ့ ရွှေ့ပြောင်းတောင်ယာသမားတွေရဲ့ ဘဝရပ်တည်နေထိုင်နိုင်အောင် အခြားနည်းလမ်းဖြင့် ဆောင် ရွက်ပေးရေးမူဝါဒချမှတ်ဆောင်ရွက်ရန် ညွှန်ကြားချက် ထုတ်ပြန်ခဲ့ပါတော့တယ်။ တစ်ပြိုင်တည်းမှာလည်း Gangwon Do ဧရိယာကို ရွှေ့ပြောင်းတောင်ယာပပျောက်ရေးအတွက် ဝမ်သန်း ၁၀၀ ကို ပံ့ပိုးမှုအဖြစ် ခွဲဝေပေးခဲ့ရာ သမ္မတပတ်ရဲ့ အဲဒီလိုလုပ်ရပ်ဟာ ရွှေ့ပြောင်း တောင်ယာပပျောက်ရေး (၅) နှစ်စီမံကိန်း (Five Year Slash and Burn Farming Regulation Plan(1974-1978) ကို စတင်ပေးခဲ့တာလည်း ဖြစ်ပါတယ်။

အုပ်ချုပ်ရေးနဲ့ အလှမ်းကွာဝေးတဲ့နေရာတွေမှာ နေတာဖြစ်လို့ ရွှေ့ပြောင်းတောင်ယာသမားတွေဟာ ကွန်မြူနစ်ပျောက်ကျား (Red Guerilla) တွေရဲ့ အန္တရာယ်ရှိနိုင်ပါတယ်။ ဒါကြောင့် ကိုရီးယားနိုင်ငံမှာ ရွှေ့ပြောင်းတောင်ယာပပျောက်ရေးက နိုင်ငံတော်လုံခြုံရေးနဲ့လည်း ဆက်စပ်နေတာရယ်၊ ရွှေ့ပြောင်းတောင်ယာသမားတွေကို ပစ်မထားနိုင်တာရယ်တို့ကြောင့် ၁၉၇၃ ခုနှစ်မှာ ရွှေ့ပြောင်းတောင်ယာသမားတွေရဲ့ အခြေအနေကို အစိုးရက စာရင်းကောက်ယူခဲ့ရပါတယ်။ ရွှေ့ပြောင်းတောင်ယာသမား အိမ်ထောင်စု ၂၈၀၀၀၀ ဟာ မြေဟက်တာ ၁၂၄၀၀၀ ပေါ်မှာ အိမ်ထောင်စုတစ်စုလျှင် ပျမ်းမျှ သုည ဒသမ ၄၄ ဟက်တာနဲ့ တောင်ယာလုပ်ကိုင်နေကြတာပါ။

## တင်ထွန်း

သစ်တောဌာနကရွှေ့ပြောင်းတောင်ယာပပျောက်ရေးအတွက် စံ (criteria) များ သတ်မှတ်ရာမှာ လျှောစောက် (gradient)ပေါ်မူတည်၍ ၂၀ ဒီဂရီနှင့်အထက် ရွှေ့ပြောင်းတောင်ယာကို သစ်တောမြေ၊ ၂၀ ဒီဂရီနှင့်အောက် ရွှေ့ပြောင်းတောင်ယာကို စိုက်ပျိုးမြေ (arable land)အဖြစ်လည်း သတ်မှတ်ပြီး ရွှေ့ပြောင်းတောင်ယာသမားတွေကိုလည်း သူတို့ဆန္ဒပေါ်မူတည်၍ လက်ရှိနေရာတွင်အခြေချမယ့်သူ၊ နီးစပ်နေရာသို့ ပြောင်းရွှေ့အခြေချမယ့်သူနဲ့ အခြားဒေသသို့ လုံးဝပြောင်းရွှေ့မည့်သူဟု သုံးအုပ်စုခွဲခဲ့ပါတယ်။

လက်ရှိနေရာတွင် အခြေချမည့်သူ (local settlement) များမှာ လျှောစောက် (gradient) ၂၀ ဒီဂရီအောက်မှ ရွှေ့ပြောင်းတောင်ယာသမားများဖြစ်ပြီး မူလနေရာ၌တောင်ယာကို ဆက်လက်လုပ်ကိုင်ခွင့်ရရှိမယ့်သူများ ဖြစ်ပါတယ်။ နီးစပ်နေရာသို့ ပြောင်းရွှေ့အခြေချမယ့်သူ (residence in the neighborhood) များကတော့ လက်ရှိယာနဲ့နီးစပ်ရွာမှာ အခြေချမယ့်သူများဖြစ်ကာ ပြောင်းရွှေ့ရေး၊ အိမ်၊ နွား၊ စားကျက်၊ (ဘယ်ရီ)စိုက်ခင်းများ တည်ထောင်ရန်လိုတဲ့နေရာမျိုးနဲ့ ပျိုးပင်များအား အစိုးရကပံ့ပိုးမှာဖြစ်ပြီး အခြားအသက်မွေးဝမ်းကျောင်းအလုပ်ကို ပြောင်းချင်ရင်လည်း အစိုးရက အပြည့်အဝပံ့ပိုးစီစဉ်ပေးမှာ ဖြစ်ပါတယ်။ လုံးဝပြောင်းရွှေ့မည့်သူ (complete move) တွေဟာ လက်ရှိနေရာတောင်ကုန်းက မြို့ကို ပြောင်းရွှေ့မယ့်သူတွေဖြစ်ကာ သူတို့ရဲ့ ပြောင်းရွှေ့ရေး၊ နေထိုင်ရေး၊ သက်မွေးမှုအတွက် ကိစ္စအဝဝကို အစိုးရက တာဝန်ယူဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။

သမ္မတပတ်ရဲ့ ညွှန်ကြားချက်ရတာနဲ့ ရွှေ့ပြောင်းတောင်ယာနဲ့ တောင်ယာသမားစီမံခန့်ခွဲရေးလုပ်ငန်းစဉ်ကို သစ်တောဌာနအကြီးအကဲ Sohn က သစ်တောအရာရှိ Park Soon Jo ပြောပြတဲ့ အတွေ့အကြုံကို ယူပြီးရေးဆွဲခဲ့ရာ ရွှေ့ပြောင်းတောင်ယာထိန်းချုပ်ရေးဆိုင်ရာ လုပ်ငန်းလမ်းညွှန် (Guide to Office Routine of Slash and Burn Regulation) ထွက်ပေါ်လာခဲ့ပါတယ်။

ရွှေ့ပြောင်းတောင်ယာထိန်းချုပ်ရေးလုပ်ငန်းကို ၁၉၇၉ ခုနှစ်အထိ ဆောင်ရွက်ခဲ့ရာ စနစ်တကျဆောင်ရွက်ခြင်းနဲ့ တောင်ယာသမားတွေအတွက်လည်း စဉ်းစားဆောင်ရွက်ခဲ့တာကြောင့် (ဒီစီမံကိန်း) အထူး အောင်မြင်ခဲ့ပါတယ်။ ရွှေ့ပြောင်းတောင်ယာသမားမိသားစု ၂၈၃၈၇၀ ထဲက မြို့ကို ၁၁၅၇၃၄ စု၊ နီးစပ်ကျေးရွာတွေကို ၂၃၉၄ စုပြောင်းခဲ့ပြီး ၂၆၅၇၈၇ စုကတော့ မူလနေရာမှာပဲ နေမြဲဆက်နေကြပါတယ်။ မူလနေရာမှာ ဆက်နေတဲ့သူတွေကို ချေးငွေထုတ်ချေးပြီး ရွှေ့ပြောင်းတောင်ယာလုပ်တဲ့ စိုက်ပျိုးမြေကိုအရစ်ကျပေးချေဝယ်ယူခွင့်ပေးခဲ့ရာမှာ အစိုးရကချေးငွေ စုစုပေါင်း ဝမ် ၁၂ ဒသမ ၆ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၆ သန်း) ထုတ်ချေးခဲ့ပါတယ်။ ရွှေ့ပြောင်းတောင်ယာစုစုပေါင်းဟက်တာ ၁၂၄၆၄၃ ထဲက ၈၆၀၇၃ ဟက်တာကို သစ်တောများအဖြစ် ပြန်လည်တည်ထောင်နိုင်ခဲ့ပြီး ကျန်ဧရိယာကို စိုက်ပျိုးမြေများအဖြစ် ခွင့်ပြုပေးခဲ့ပါတယ်။

အဆိုပါအချက်များမှာ သစ်တောပြန်လည်ထိန်းသိမ်းရန်ကြိုးပမ်းမှု၏ အားကျအတုယူဖွယ်ရာများအဖြစ် ပြန်လည်တင်ပြခြင်းဖြစ်ပါသည်။ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ သစ်တောပြုန်းတီးရခြင်းအကြောင်းအရင်းများတွင် ရွှေ့ပြောင်းတောင်ယာသည်လည်း အဓိကအချက်ဖြစ်ပါသည်။ သို့ပါ၍ ကိုရီးယားနိုင်ငံ၏ သစ်တောနှင့် ရေမြေထိန်းသိမ်းရေးလုပ်ငန်းမှ ရွှေ့ပြောင်းတောင်ယာပပျောက်ရေး အောင်မြင်စွာ ဆောင်ရွက်ခဲ့ပုံကို အမှတ်တရတင်ပြလိုက်ရပါသည်။ ။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာများ ဖတ်ကြားရှင်းလင်း

**နေပြည်တော် မေ ၁၁**

ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၃)ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲက ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းခေါင်းဆောင်သောအဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့သို့ သွားရောက်ခဲ့သည့် ခရီးစဉ်တို့ကိုလည်းကောင်း၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးနန္ဒကျော်စွာဦးဆောင်သည့်အဖွဲ့ မလေးရှားနိုင်ငံသို့သွားရောက်ခဲ့သည့်ခရီးစဉ်ကိုလည်းကောင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်တိုး ခေါင်းဆောင်သည့်အဖွဲ့ ဗီယက်နမ်နိုင်ငံသို့သွားရောက်ခဲ့သည့်ခရီးစဉ်ကိုလည်းကောင်း လွှတ်တော်က မှတ်တမ်းတင်ခဲ့သည်။

နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပေးပို့လာသော လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုဥပဒေကြမ်း၊ ပြည်တွင်းရေကြောင်းသွားရေယာဉ်ဥပဒေကြမ်း၊ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာများကို လွှတ်တော်သို့ဖတ်ကြားရှင်းလင်းခဲ့ကြသည်။

ထို့ပြင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် စာရင်းစစ်အတည်ပြုပြီးသည့် အမှန်စာရင်း (Actual)များနှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာ (၅/၂၀၁၅)ကို အဆိုတင်သွင်းခဲ့ရာ လွှတ်တော်က အတည်ပြုခဲ့သည်။

**(သတင်းစဉ်)**



ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၃)ရက်မြောက်နေ့ ကျင်းပစဉ်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ဝေးလံခေါင်သီပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ကျေးရွာအုပ်စုများတွင် ဥပဒေပြဋ္ဌာန်းချက်အရ မဖြစ်မနေမဲရုံဖွင့်လှစ်သွားမည်

**နေပြည်တော် မေ ၁၁**

ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၃) ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပရာ ထန်းတပင် မဲဆန္ဒနယ်မှ ဦးသိန်းရီ၏ **"ဝေးလံခေါင်သီ၍ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ကျေးရွာများတွင် သတ်မှတ်ထားသော မဲဆန္ဒဦးရေ ဖြေလျှော့ပြီး မဲရုံများတိုးချဲ့ပေးရန်၊ မဲဆန္ဒရှင်များအား ဆန္ဒမဲပေးရန် သွားလာရေးအတွက် စီစဉ်ဆောင်ရွက်ပေးရန်နှင့် ဆန္ဒမဲပေးရာတွင် ပယ်မဲမဖြစ်ပေါ်ရေးအတွက် မည်သို့စီမံထားသည်ကို သိရှိလိုခြင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးဝင်းကိုက ဝေးလံခေါင်သီပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ကျေးရွာအုပ်စုများတွင် ဥပဒေပြဋ္ဌာန်းချက်အရ မဖြစ်မနေမဲရုံဖွင့်လှစ်သွားမည်ဖြစ်ပြီး သတ်မှတ်ထားသော မဲဆန္ဒရှင်ဦးရေထက် လျော့နည်းခြင်း သို့မဟုတ် သင့်လျော်သော မဲဆန္ဒရှင်အရေအတွက်ရှိပါက မဲရုံဖွင့်လှစ်ခွင့်ရှိပါသဖြင့် သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများနှင့်ပူးပေါင်းညှိနှိုင်း၍ အကြံပြုဆောင်ရွက်စေလိုကြောင်း။



ထန်းတပင် မဲဆန္ဒနယ်မှ ဦးသိန်းရီ။



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးဝင်းကို။

တစ်ရွာမှတစ်ရွာသို့ ဆန္ဒမဲပေးရန် သွားရေး၊ လာရေးအတွက် နိုင်ငံတော်အစီအစဉ်ဖြင့် ယာဉ်၊ ထော်လာဂျီ၊ စက်လှေများ စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ်မရှိပါကြောင်း၊ နိုင်ငံရေးပါတီတစ်ခုခုမှသော်လည်းကောင်း၊ လွှတ်တော် ကိုယ်စားလှယ်လောင်း တစ်ဦးဦးမှသော်လည်းကောင်း၊ ယင်း၏ ရွေးကောက်ပွဲ ကိုယ်စားလှယ် တစ်ဦးဦးမှသော်လည်းကောင်း မဲဆန္ဒရှင်များ သွားလာရေးအတွက် ယာဉ်၊ ထော်လာဂျီ၊ စက်လှေစသည့် တစ်မျိုးမျိုးအား စီစဉ်ဆောင်ရွက်ပေးခြင်းသည် သက်ဆိုင်ရာ ရွေးကောက်ပွဲဥပဒေပါပြဋ္ဌာန်းချက်နှင့် ငြိစွန်းပြီး မဲဆွယ်ခြင်းသဘောသက်ရောက်နေပါသဖြင့် ဆောင်ရွက်ခွင့်မရှိပါကြောင်း။

ဆန္ဒမဲပေးရာတွင် ပယ်မဲမဖြစ်ပေါ်စေရေးအတွက် သတိပြုရန်အချက်များအား သတင်းစာ၊ ဂျာနယ်များမှ ကြိုတင်အသိပညာပေးခြင်း၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၊ မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများမှ ဆင့်ပွားပညာပေးခြင်း၊ မဲရုံများတွင် အများပြည်သူသိရှိစေနိုင်ရန် ကြော်ငြာသင်ပုန်းတွင် ကပ်ထားခြင်းတို့အား ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးသန်းမြင့်၏ **"ကုန်ပစ္စည်းများ ကုန်သွယ်ရာတွင် ကျင့်သုံးနေသော နိုင်ငံအဆင့် ပြတင်းတစ်ပေါက်စနစ်သည် မည်သည့်အကျိုးရလဒ်များရရှိကြောင်း သိရှိလိုခြင်းနှင့် နိုင်ငံအဆင့်မှ အာဆီယံပြတင်းတစ်ပေါက်စနစ်သို့ အဆင့်မြှင့်ရာတွင် မည်သို့အကောင်အထည်ဖော်ဆောင်ရွက်မည်ကို သိရှိလိုခြင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က နိုင်ငံအဆင့် ပြတင်းတစ်ပေါက်စနစ်ကို ကျင့်သုံးခြင်းအားဖြင့် ကုန်သွယ်မှုပြုလုပ်သူများသည် နိုင်ငံတကာကုန်သွယ်မှုနှင့် ဆက်စပ်နေသည့် ကုန်စည်ရှင်းလင်းမှုလုပ်ငန်းစဉ် တစ်လျှောက်လုံးတွင် အချိန်ကြန့်ကြာမှုနှင့် ကုန်ကျစရိတ်များ လျှော့ချနိုင်သဖြင့် လုပ်ငန်းများ ပိုမိုလွယ်ကူရှင်းလင်းလာနိုင်ခြင်း၊ ကုန်စည်ရှင်းလင်းရေးနှင့်ပတ်သက်သော ဥပဒေလုပ်ထုံးလုပ်နည်းများကို ပိုမိုရှင်းလင်းလွယ်ကူစွာ နားလည်လာစေနိုင်ခြင်း၊ မိမိတို့ ဆက်လက်ဆောင်ရွက်ရမည့် အကောက်ခွန်ဆိုင်ရာ လုပ်ငန်းစဉ်များကို ကြိုတင်ခန့်မှန်းသိမြင်လာစေခြင်း၊ Business Cost ကို ကြိုတင်မှန်းဆတွက်ချက်ရာတွင် အထောက်အကူဖြစ်စေနိုင်ခြင်း၊ လူအင်အားသုံးစွဲမှုလျှော့ချနိုင်ခြင်း၊ ကုန်သွယ်မှုကို ကြီးကြပ်ရန်တာဝန်ရှိသည့် ဌာန/အဖွဲ့အစည်းများအနေဖြင့် လုပ်ငန်းများကို ပိုမိုထိရောက်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်စေခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိလာစေနိုင်ပါကြောင်း။

ထိုကဲ့သို့ ကုန်ပစ္စည်းရှင်းလင်းထုတ်ယူမှုများ မြန်ဆန်လာပြီး ကုန်ကျစရိတ်များ လျှော့ချလာနိုင်သည့်အတွက် နိုင်ငံတကာ ကုန်သွယ်မှုပမာဏ တိုးမြှင့်လာနိုင်ပြီး အခွန်ဘဏ္ဍာကောက်ခံရရှိမှုများ ပိုမိုတိုးတက်လာနိုင်စေခြင်း၊ ကုန်တင်သွင်း/တင်ပို့သူများမှ ပူးပေါင်းလိုက်နာဆောင်ရွက်မှုများ ပိုမိုတိုးတက်လာစေနိုင်ခြင်း၊ နိုင်ငံတကာတွင် ကျင့်သုံးဆောင်ရွက်လျက်ရှိသော စနစ်တစ်ခုဖြစ်သည့် Risk Management စနစ်ကို စနစ်တကျ အကောင်အထည်ဖော်ကျင့်သုံးနိုင်မည်ဖြစ်ခြင်း စသည့် အကျိုးကျေးဇူးများကိုလည်း ရရှိစေနိုင်မည်ဖြစ်ပါကြောင်း။

ထို့ပြင် အာဆီယံပြတင်းတစ်ပေါက်စနစ်ကို ဝင်ရောက်ချိတ်ဆက်နိုင်ရေးနှင့် မြန်မာအကောက်ခွန်၏ ထုတ်ကုန်/သွင်းကုန်ဆိုင်ရာ အကောက်ခွန်ရှင်းလင်းရေးလုပ်ငန်းစဉ်များ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန်အလို့ငှာ ယခုလက်ရှိ Manual စနစ်ဖြင့် ဆောင်ရွက်နေသည့် သွင်းကုန်/ထုတ်ကုန် ရှင်းလင်းရေးလုပ်ငန်းစဉ်များနှင့် Myanmar e-customs စနစ်တို့ အစားဂျပန်နိုင်ငံအစိုးရ၏ ဘဏ္ဍာရေးအကူအညီနှင့် ဂျပန်အကောက်ခွန် နည်းပညာပံ့ပိုးမှုတို့ဖြင့် မြန်မာအလိုအလျောက်အကောက်ခွန်ရှင်းလင်းရေးစနစ်နှင့် မြန်မာအကောက်ခွန် သတင်းအချက်အလက်စနစ်တို့ကို ရေးဆွဲတပ်ဆင် အသုံးပြုနိုင်ရေး အကောင်အထည်ဖော်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော **"ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကြမ်း"**နှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးခင်မောင်ညိုက ဖတ်ကြားရှင်းလင်းသည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ဦးစားပေးအစီအစဉ်အတိုင်း ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၁**

အမျိုးသားလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၅) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၁) မှ ဦးစိုးအောင်၏ **မလှိုင်မြို့နယ် သပြေပင်အုပ်စု သံပရာကန်ရွာအနီးရှိ သံပုရာကန်အား ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေက ကျေးလက်ဒေသဖွံ့ဖြိုးရေး အခြေခံအဆောက်အအုံများ၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားမြင့်မားတိုးတက်စေရေးအတွက် နိုင်ငံတော်ဘတ်ဂျက်ခွင့်ပြုငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါကြောင်း၊ သံပုရာကန်ကျေးရွာ မြေသားမိုးရေလှောင်ကန်ပြန်လည်တူးဖော်ပေးခြင်းလုပ်ငန်းအား လတ်တလောဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ဦးစားပေးအစီအစဉ်အတိုင်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။



မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၁)မှ ဦးစိုးအောင်။



ဒုတိယဝန်ကြီး ဦးတင်ငွေ။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂) မှ ဦးလှဆွေ၏ **အလှမ်းကွာဝေးသော အစွန်အဖျားကျေးရွာများ၌ ဖွင့်လှစ်ထားသည့် တိုက်နယ်ဆေးရုံများတွင် အရေးပေါ်လူနာပို့ဆောင်ရန် လူနာတင်ယာဉ်၊ ယာဉ်မောင်းနှင့်စက်သုံးဆီများဖြည့်ဆည်းပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေးက ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာနအနေဖြင့် ပြည်သူ့ဆေးရုံများတွင် လိုအပ်လျက်ရှိသည့် လူနာတင်ယာဉ်များကိုဖြည့်ဆည်းနိုင်ရေး စီစဉ်ဆောင်ရွက်လျက် ရှိပါကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် မြို့နယ်အဆင့်ပြည်သူ့ဆေးရုံများသို့ လူနာတင်ယာဉ်များ ထောက်ပံ့ပေးရန်စီမံချက်များ ရေးဆွဲလျက်ရှိပြီး တိုက်နယ်ဆေးရုံသို့ ဖြည့်ဆည်းပေးရန် အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်မှ အတည်ပြုပေးပို့ထားသည့်မသန်စွမ်းသူများ၏ အခွင့်အရေးများဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို လွှတ်တော်က အတည်ပြုသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးတင်ယုက ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့လာသည့် မြန်မာဗုဒ္ဓဘာသာဝင် မိန်းမများအထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသား လွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခဲ့သည်။

**(သတင်းစဉ်)**

# နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ခိုင်မြဲစေရေး စက်မှု၊ စွမ်းအင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်ရေး ၂၁ ရာစု၏ ရေကြောင်းပိုးလမ်းမကြီးတွင် ချိတ်ဆက်ဆောင်ရွက်နိုင်မည့် အလားအလာများ ဆွေးနွေး



**နေပြည်တော် မေ ၁၁**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံတော် ကောင်စီ အထွေထွေအတွင်းရေးမှူး မစ္စတာ ယန်ကျင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့် အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးတင်နိုင်သိန်း၊ ဦးကျော်ဆန်း၊ ဦးမြင့်လှိုင်၊ ဦးအုန်းမြင့်၊ ဦးဇေယျာအောင်၊ ဦးရဲထွဋ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံတော်ကောင်စီ အထွေထွေအတွင်းရေးမှူး မစ္စတာ ယန်ကျင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး မစ္စတာ ယန်ဟိုလန်လည်း တက်ရောက်သည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ခိုင်မြဲစေရေး၊ စက်မှု၊ စွမ်းအင် စသည့်ကဏ္ဍစုံတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်ရေး၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေး၊ ၂၁ ရာစု၏ ရေကြောင်းပိုးလမ်းမကြီးတွင် ချိတ်ဆက်ဆောင်ရွက်နိုင်မည့် အလားအလာများ၊ အာရှအခြေခံ အဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုဘဏ် (AIIB)တွင် ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံတော်ကောင်စီ အထွေထွေအတွင်းရေးမှူး မစ္စတာ ယန်ကျင်းအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**

(သတင်းစဉ်)

# နှစ်နိုင်ငံအကြား နှစ်ပေါင်းရှည်ကြာ တည်ဆောက်လာခဲ့သည့် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို အခြေခံကာ ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်နိုင်ငံများအဆင့်ဆက်ဆံရေးကို တိုးမြှင့်ဖော်ဆောင်နိုင်ခဲ့

**နေပြည်တော် မေ ၁၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ယနေ့ ညနေ ၆ နာရီခွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံတော်ကောင်စီ အထွေထွေအတွင်းရေးမှူး မစ္စတာယန်ကျင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ရွှေစံအိမ်ဟိုတယ် အစည်းအဝေးခန်းမ၌ တွေ့ဆုံကာ နှစ်နိုင်ငံဆွေးနွေးပွဲတစ်ရပ် ကျင်းပသည်။**(အောက်ပုံ)**

အဆိုပါဆွေးနွေးပွဲသို့ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများတက်ရောက်ကြပြီး ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံတော်ကောင်စီ အထွေထွေအတွင်းရေးမှူးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာယန်ဟိုလန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



တွေ့ဆုံဆွေးနွေးပွဲတွင် နိုင်ငံတော်သမ္မတ၏ ၂၀၁၁ ခုနှစ် တရုတ်နိုင်ငံ ခရီးစဉ်အတွင်း နှစ်နိုင်ငံအကြား နှစ်ပေါင်းရှည်ကြာ တည်ဆောက်လာခဲ့သည့် ဆွေမျိုးပေါက်ဖော် ဆက်ဆံရေးကို အခြေခံကာ ဘက်စုံ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်နိုင်ငံများအဆင့် ဆက်ဆံရေးကို တိုးမြှင့်ဖော်ဆောင်နိုင်ခဲ့မှု၊ နှစ်နိုင်ငံအကြား ခေါင်းဆောင်ပိုင်း၊ လွှတ်တော်ပိုင်းတွင် သာမက အဆင့်မြင့်အရာရှိများအကြား အပြန်အလှန်ခရီးစဉ်များ ပိုမိုဖြစ်ထွန်းလျက်ရှိမှု၊ နှစ်နိုင်ငံအကြား စီးပွားရေး ၊ကုန်သွယ်ရေးအပါအဝင် ဘက်စုံကဏ္ဍစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ တစ်နှစ်ထက်တစ်နှစ် တိုးတက်မြင့်မားလျက်ရှိမှု၊ စွမ်းအင်၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ဆိုင်ရာ ကဏ္ဍများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် အကူအညီများပေးအပ်ခဲ့မှု၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးအကောင်အထည်ဖော်မှု လုပ်ငန်းစဉ်များနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အနေဖြင့် မြန်မာနိုင်ငံ၏ အချုပ်အခြာ အာဏာပိုင်ဆိုင်မှုနှင့် နယ်မြေတည်တံ့ခိုင်မြဲမှုကို ဝင်ရောက်စွက်ဖက်ခြင်းမပြုသည့် မူဝါဒကို အစဉ်တစိုက်ကျင့်သုံးပြီး နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးကိစ္စရပ်များတွင် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိမှုအခြေအနေများအပေါ် ရင်းနှီးစွာ ဆွေးနွေးပြောကြားခဲ့သည်။

ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ညပိုင်းတွင် ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံတော်ကောင်စီ အထွေထွေအတွင်းရေးမှူးနှင့် ကိုယ်စားလှယ်အဖွဲ့အား ရွှေစံအိမ်ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**(သတင်းစဉ်)**

# မဲစာရင်းပြုစုခြင်းဆိုင်ရာ ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှု အလုပ်ရုံဆွေးနွေး

**ပဲခူး မေ ၁၁**

ပဲခူးတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့်အရပ်ဘက်လူမှုအဖွဲ့ အစည်းများအကြားမဲစာရင်းပြုစုခြင်းဆိုင်ရာ ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုအလုပ်ရုံဆွေးနွေးပွဲအား မေ ၁၁ ရက် နံနက် ၉ နာရီက ပဲခူးမြို့ ရွှေသော့ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ပဲခူးတိုင်းဒေသကြီးကော်မရှင်အဖွဲ့ခွဲနှင့် International Foundation for Electoral Systems (IFES) အဖွဲ့အစည်းတို့ ပူးပေါင်းပြီးကျင်းပခဲ့ရာတိုင်းဒေသကြီးကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးဝင်းမောင်က အဖွင့်အမှာစကားပြောခဲ့သည်။ ယင်းအလုပ်ရုံဆွေးနွေးပွဲသို့ တိုင်းဒေသကြီးကော်မရှင်အဖွဲ့ဝင် ဦးဇော်လင်းမောင် (တိုင်းဒေသကြီးဥပဒေအရာရှိ)၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှ အဖွဲ့ဝင်များ၊ အတွင်းရေးမှူးများ စုစုပေါင်း ၅၅ ဦးတက်ရောက်ခဲ့ကြပြီး နေ့လယ်ပိုင်းတွင် အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ မီဒီယာများနှင့် ၂၀၁၅ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဓိကကျသည့် မဲစာရင်းပြုစုခြင်းကိစ္စများနှင့်စပ်လျဉ်း၍ စိတ်ဝင်တစားဆွေးနွေးခဲ့ကြောင်း သိရသည်။

**(ဝ၇၅)**

# အထက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၁၁**

**ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့ပြီး ရန်ကုန် တိုင်းဒေသကြီး၊ဧရာဝတီတိုင်းဒေသကြီး၊ကယားပြည်နယ်၊ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့ တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့သည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

## ပြည်တွင်းရေးရာ

❖ **ကျောဖုံးမှ**

ဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ရှေးဦးစွာ ဆေးရုံအုပ်ကြီး ဒေါက်တာတင်မောင်ညွန့်က နေ့စဉ်လူနာကုသမှု အခြေအနေနှင့် အုပ်ချုပ်မှုဆိုင်ရာ လိုအပ်ချက်များကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်က ဆေးရုံအုပ်ကြီး၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ပုသိမ်မြို့ အထွေထွေရောဂါကုဆေးရုံကြီးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အခြေအနေများကို လုပ်ငန်းတစ်ခုချင်းအလိုက် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတက တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်အပိုင်းမှ ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအမံများနှင့် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး ဆေးရုံဝန်ထမ်းများ၏အုပ်ချုပ်မှုဆိုင်ရာ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတသည် တက်ရောက်လာကြသည့် ကျန်းမာရေးဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ပုသိမ်စက်မှုဇုန်ရှိ Hakers Enterprise(Myanmar) ကုမ္ပဏီလီမိတက် အထည်ချုပ်စက်ရုံသို့ ရောက်ရှိကြပြီး စက်ရုံအတွင်း အဝတ်အထည်များ ချုပ်လုပ်နေမှု၊ ဒီဇိုင်းပုံဖော် ဖြတ်တောက်နေမှုနှင့် ကုန်ချောထုပ်ပိုးဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုရာ စက်ရုံမန်နေဂျာ ဒေါ်ငွေးမေက လုပ်ငန်းဆောင်ရွက်ပုံ အဆင့်ဆင့်နှင့် စက်ရုံဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြသည်။

အဆိုပါ Hakers အထည်ချုပ်စက်ရုံကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် စတင်လည်ပတ်ခဲ့ပြီး ဝန်ထမ်းအင်အား ၂၀၀၀ ခန့်ဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိသည်။ ယင်းစက်ရုံမှ ထုတ်လုပ်သော ကုန်ချောပစ္စည်းများကို ဥရောပနိုင်ငံများသို့ တင်ပို့ဖြန့်ဖြူးလျက်ရှိကြောင်း သိရသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ပုသိမ်စက်မှုဇုန်ရှိ Delta Industrial Group ကုမ္ပဏီလီမိတက် အထည်ချုပ်စက်ရုံသို့ရောက်ရှိကြပြီး စက်ရုံအစည်းအဝေးခန်းမ၌ ပုသိမ်မြို့ ဒေသဖွံ့ဖြိုးရေးဆိုင်ရာရှင်းလင်းခြင်း အခမ်းအနားကိုကျင်းပရာ ရှေးဦးစွာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်က ပုသိမ်မြို့ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများဖြစ်သော လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး၊ ဒေသတွင်းစိမ်းလန်းစိုပြည်ရေး၊ သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပုသိမ်မြို့ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ Mya Bay H & CO Platinum Pathein ကုမ္ပဏီလီမိတက်မှ စီမံကိန်းဒါရိုက်တာ ဦးမျိုးမင်းဝင်းက Platinum Pathein အိမ်ရာစီမံကိန်းနှင့်ပတ်သက်၍ လည်းကောင်း၊ ဧရာဝတီဖွံ့ဖြိုးတိုးတက်မှု ကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးစည်သူစိုးက ပုသိမ်ဆိပ်ကမ်းနှင့် စက်မှုမြို့တော်စီမံကိန်းအားလည်းကောင်း၊ Delta Industrial Group ကုမ္ပဏီလီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးဇော်မင်းလတ်က အထည်ချုပ်စက်ရုံစီမံကိန်းနှင့် မြကျွန်းသာအိမ်ရာစီမံကိန်းအားလည်းကောင်း ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များကို စီမံကိန်းပုံစံငယ်များ၊ Video Clip File များဖြင့် အသေးစိတ်ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက စီမံကိန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နှစ်ရှည်စီမံကိန်းများဖြစ်သဖြင့် ဒေသတစ်ခုအတွင်း ဖွံ့ဖြိုးရေးအတွက် များစွာအားရဖွယ်ရာကောင်းပါကြောင်း၊ ပထမဦးစွာ အခြေခံအဆောက်အအုံများဖြစ်သည့် လမ်း၊ တံတားနှင့် ဆက်သွယ်ရေးကဏ္ဍများ တိုးတက်ကောင်းမွန်ရန် လိုအပ်ပါကြောင်း၊ ပုသိမ်ဒေသအတွက် နှစ်ရှည်စီမံကိန်းလိုအပ်သကဲ့သို့ နှစ်တိုစီမံကိန်းများကိုလည်း ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ပြီး အချိန်တိုအတွင်း ဖွံ့ဖြိုးတိုးတက်စေမည့် ခရီးသွားလုပ်ငန်းကို ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်သင့်ပါကြောင်း၊ ပုသိမ်မြို့၏ အားသာချက်ဖြစ်သော ကမ်းခြေများကို အခြေခံ၍ ဆောင်ရွက်သွားသင့်ပါကြောင်း၊ ထို့ပြင် ဒေသတွင်းထွက်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်ရေးနည်းလမ်းရှာဆောင်ရွက်သွားသင့်ပါကြောင်း၊ ယခုတင်ပြခဲ့ကြသည့် နှစ်ရှည်စီမံကိန်းများကိုလည်း အောင်မြင်ပြီးမြောက်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဆိုပါက ပုသိမ်မြို့သည် ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်သည့် ဒေသတစ်ခုအဖြစ် ပေါ်ထွန်းလာမည်ဖြစ်ပါကြောင်းဖြင့် မှာကြားခဲ့သည်။ **(သတင်းစဉ်)**



**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ပုသိမ်မြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ကုသမှုခံယူနေကြသည့် လူနာများအား ကြည့်ရှုအားပေးစကားပြောကြားစဉ်။** (သတင်းစဉ်)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆားဘီးယားနိုင်ငံရှိ အမျိုးသားရေးဆိုင်ရာ သမိုင်းဝင်ပြတိုက်လေ့လာ

**နေပြည်တော် မေ ၁၁**

ဆားဘီးယားသမ္မတနိုင်ငံတွင် ချစ်ကြည်ရေးခရီးရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မေ ၁၀ ရက် ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီတွင် YugoImport ကုမ္ပဏီသို့ရောက်ရှိပြီး ကုမ္ပဏီ အစည်းအဝေးခန်းမ၌ Mr. Aleksandar Lijakovic က ကုမ္ပဏီ၏ ထုတ်လုပ်မှုဆိုင်ရာကိစ္စရပ်များအား ရှင်းလင်းတင်ပြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

ယင်းနောက် Museum of Yugoslav History သို့ ဒေသစံတော်ချိန် ညနေ ၃ နာရီ ၂၅ မိနစ်တွင် ရောက်ရှိပြီး ပြတိုက်အတွင်း လှည့်လည်ကြည့်ရှုရာ**(အပေါ်ယာပုံ)** တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။



Museum of Yugoslav History သည် ဆားဘီးယားနိုင်ငံရှိ အမျိုးသားရေးဆိုင်ရာ သမိုင်းဝင်ပြတိုက်တစ်ခုဖြစ်ပြီး ၃ ဒသမ ၂ ဟက်တာ အကျယ်ရှိသည့် ပန်းခြံတစ်ခုအတွင်း တည်ရှိကာ သမ္မတ မာရှယ်တီးတိုးနှင့် ဇနီးတို့အား ဂုဏ်ပြုအထိမ်းအမှတ် အုတ်ဂူထားရှိသည့် နေရာလည်းဖြစ်သည်။ ၂၀ ရာစု ကာလအတွင်းရှိ ယူဂိုဆလားဗီးယားနိုင်ငံ၏ သမိုင်းကြောင်းကို ပုံဖော်ထားသော ပစ္စည်းအမျိုးပေါင်း နှစ်သိန်းကျော် စုဆောင်းပြသထားသည်။ အဆိုပါပြတိုက်သည် ၁၉၆၀ ပြည့်နှစ်တွင် မာရှယ်တီးတိုး၏ နှစ်(၇၀)ပြည့်မွေးနေ့ကို ဂုဏ်ပြုလက်ဆောင်အဖြစ် ပေးအပ်ထားသည့် May-25 Museum နှင့် ၁၉၆၅ ခုနှစ်တွင် စတင်တည်ဆောက်သည့် Museum of the Revolution တို့ကို ပေါင်းစပ်ဖွဲ့စည်းထားသည့် ပြတိုက်တစ်ခုဖြစ်ကြောင်း သိရသည်။

**(မြဝတီ)**

# ပုတီးကုန်း-သင်ပုတ္တောင် ကျေးရွာချင်းဆက် ကျောက်ချောလမ်းသစ်ဖွင့်

**သဲကုန်း မေ ၁၁**

ကျေးလက်နေပြည်သူများ ရာသီမရွေးသွားလာနိုင်ရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် မြန်မာရွှေသရဖူကုမ္ပဏီမှ တာဝန်ယူတည်ဆောက်သော ပုတီးကုန်း-သင်ပုတ္တောင်ကျေးရွာချင်းဆက် ကျောက်ချောလမ်းသစ် ဖွင့်ပွဲကို မေ ၁၀ ရက်က ကျင်းပရာ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့်စိုး၊ ပဲခူးတိုင်းဒေသကြီး လူမှုရေးဝန်ကြီးနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ်အတွင်းရှိ ပုတီးကုန်း-သင်ပုတ္တောင်ကျေးရွာချင်းဆက်သွယ်သည့် ကျောက်ချောလမ်းမှာ အကျယ် ၁၂ ပေ၊ လမ်းအရှည် ၃ မိုင် ၅ ဒသမ ၅ ဖာလုံ၊ ဒု ကိုးလက်မရှိပြီး ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စရပ်များ ရာသီမရွေးသွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(သဲကုန်းကျေးလက်)**

✻ **ကမ္ဘာ့ဖလား**

ပြန်မိကာ ပြန်လည်ထိုးဖောက်လာနိုင်ခဲ့သည်။ ၂၁ မိနစ်တွင် ယူ-၂၀ အသင်း ဦးဆောင်ဂိုးရခဲ့ပြီး ရန်လင်းအောင်ဖန်တီးပေးသော ဘောလုံးကို ရန်နိုင်ဦးက ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ ခြောက်မိနစ်အကြာတွင် ယူ-၂၃ အသင်းချေပဂိုးပြန်ရခဲ့ပြီး ပယ်နယ်တီမှတစ်ဆင့် စည်သူအောင်က သွင်းယူခဲ့ခြင်းဖြစ်သည်။ သရေ ဖြစ်ပြီးနောက်ပိုင်းတွင် ယူ-၂၃ အသင်း ပိုဖိကစားနိုင်ခဲ့ပြီး ၃၅ မိနစ်တွင် ကောင်းဆက်နိုင်က ဒုတိယဂိုးသွင်းယူပေးခဲ့သည်။

ဒုတိယပိုင်းတွင်လည်း ယူ-၂၃ အသင်းကသာ ပွဲကို စိုးမိုးထားခဲ့ပြီး ယူ-၂၀ ဂိုးပေါက်ကို ခြိမ်းခြောက်နိုင်ခဲ့သည်။ ၇၄ မိနစ်တွင် ယူ-၂၃ အသင်း တတိယဂိုးရခဲ့ပြီး ကွင်းလယ်လူ ရဲကိုဦးက အဝေးမှကန်သွင်းခဲ့ခြင်းဖြစ်သည်။ အောင်သူဝင်လာပြီးနောက်ပိုင်း မြန်မာယူ-၂၀ အသင်း တိုက်စစ်ကစားပုံပိုကောင်းလာသော်လည်း ချေပဂိုးရရှိအောင် မစွမ်းဆောင်နိုင်ခဲ့ပေ။

## သတိပေးနှိုးဆော်ချက်

၁။ ရန်ကုန်မြို့တော်အတွင်း၌ မြို့တော်အင်္ဂါရပ်နှင့်အညီ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ တိုးတက်ကောင်းမွန်အောင် အစိုးရနှင့်ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးမှ အကောင်အထည်ဖော် ဆောင်ရွက်နေသကဲ့သို့ ပြည်သူများမှလည်း ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ သို့ရာတွင် နေ့စဉ်သွားလာနေကြသော မော်တော်ယာဉ်များအနက် အချို့သောမော်တော်ယာဉ်များမှာ အသံဆူညံမှုကိုဖြစ်စေသော ပါဝါအိတ်ဇော‌များ တပ်ဆင်မောင်းနှင်အသုံးပြုနေသဖြင့် ပြည်သူများအနေဖြင့် စိတ်အနှောင့်အယှက်ဖြစ်ခြင်း၊ ပတ်ဝန်းကျင်အား အထိတ်တလန့်ဖြစ်ခြင်းတို့ ကြုံတွေ့နေရပါသည်။

၂။ သို့ပါ၍ အဆိုပါစည်းကမ်းမဲ့ယာဉ်များအား တည်ဆဲဥပဒေနှင့်အညီ စစ်ဆေးအရေးယူခဲ့ရာ၌ ယာဉ်သက်တမ်း (၁)လ ပိတ်သိမ်းဆောင်ရွက်ခဲ့သော်လည်း စည်းကမ်းလိုက်နာမှုအားနည်းနေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ထပ်မံ၍ စည်းကမ်းချိုးဖောက်ပါက မော်တော်ယာဉ် မှတ်ပုံတင်ခြင်းကို တည်ဆဲဥပဒေနှင့်အညီ အနည်းဆုံး(၁)နှစ်ရပ်စဲမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး**
**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# မြို့နယ်ချင်းဆက်လမ်းတံတားဆောင်ရွက်မည့်လုပ်ငန်း လျာထားချက်များညှိနှိုင်းဆွေးနွေး

**အရာတော် မေ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ် မြို့နယ်ချင်းဆက်လမ်းတံတား ၂၀၁၅-၁၆ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့်လုပ်ငန်း လျာထားချက် ညှိနှိုင်းဆွေးနွေးပွဲကို မေ ၇ ရက်က မြို့နယ်ဆောက်လုပ်ရေး အင်ဂျင်နီယာ ဌာနရိပ်သာခန်းမဆောင်တွင် ပြုလုပ်သည်။

ရှေးဦးစွာ မြို့နယ်အင်ဂျင်နီယာ ဦးစီးအရာရှိ (မြို့ပြ) ဦးလွင်မျိုးသန်းက ဌာနမှဆောင်ရွက်မည့်လုပ်ငန်း တန်ဖိုးငွေ (၂၉၇၄ ဒသမ ၉၀၄)သန်း၊ တင်ဒါအောင်သည့်တန်ဖိုးငွေ (၁၁၄၉ ဒသမ ၂၇)သန်း ပိုငွေဖြင့် ဆောင်ရွက်သည့် တန်ဖိုးငွေ (၄၀၉ ဒသမ ၅၀၅) သန်း စုစုပေါင်းငွေ (၃၆၃၃ ဒသမ ၆၇၉)သန်းဖြင့် မြင်းမူ-အရာတော်-နောင်ကြီးအိုင်-ဘုတလင်လမ်း ဆောင်ရွက်မည့်လုပ်ငန်းလျာထားချက် ၁၃ မျိုး မုံရွာ-အရာတော်-ရွှေဘို ဆောင်ရွက်မည့်လုပ်ငန်းလျာထားချက် ၁၁ မျိုး မုံရွာ-သာစည်-နောင်ကြီးအိုင်-မူးကမ်းကြီး ရွှေဘိုလမ်း ဆောင်ရွက်မည့်လုပ်ငန်း လျာထားချက် ၁၉ မျိုး လုပ်ငန်းပိုင်းဆိုင်ရာများကို ဆွေးနွေးတင်ပြသည်။

ယင်းသို့ ဆွေးနွေးတင်ပြမှုများအပေါ် လိုအပ်ချက်၊ အားနည်းချက်၊ အားသာချက်များကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်က အကြံပြုဆွေးနွေး ပြောကြားပြီး မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးငြိမ်းမောင်မောင်မှ မြို့တွင်း/မြို့ပြင် မြို့နယ်ချင်းဆက်လမ်းဘေးဝဲယာများတွင် ရေတင်ရေဝပ်မှုမရှိစေရန်နှင့် ရေစီးရေလာကောင်းမွန်ပြီး ကျေးလက်နေပြည်သူများ နွားလှည်းများ လမ်းမဘေးမှမောင်းနိုင်အောင် ဆောင်ရွက်ပေးနိုင်ရန် ဆွေးနွေးပြောကြား သည်။

ထို့နောက် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးတင်ထွန်းမှ မြို့တွင်းလမ်းပိုင်းများ ဆောင်ရွက်ရာတွင် ကုန်းမြင့်၊ ကုန်းနိမ့်များ ဖြေလျှော့ဖောက်လုပ်ခင်းကျင်းရန်နှင့် မြို့တွင်းလမ်းဘေးများတွင် ရေထွက်ပေါက်များထားရှိပေးရန် အကြံပြုတင်ပြရာ ဆွေးနွေးတင်ပြချက်များအပေါ် ခရိုင်ဆောက်လုပ်ရေး အင်ဂျင်နီယာ လ/ထညွှန်မှူး (မြို့ပြ) ဒေါ်ထွေးငယ်မြင့်က လာမည့်ဘဏ္ဍာနှစ်တွင် ငွေလုံးငွေရင်းပေါ် မူတည်ပြီး ကုမ္ပဏီများဖြင့် ညှိနှိုင်းတိုင်ပင်ပြီး လိုအပ်သည်များကို ဖြည့်တင်းဆောင်ရွက်လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။

**(မြို့နယ်ပြန်/ဆက်)**



# စပါးဝယ်လိုအားကြောင့် တင်း ၁၀၀ လျှင် ငါးသိန်းဝန်းကျင်ထိ မြင့်တက်လာ

**ရေတာရှည် မေ ၁၁**

တရုတ်ဈေးကွက်၏ ဝယ်လိုအားအပြင် ဒေါ်လာဈေး ဆက်လက်မြင့်တက်လျက်ရှိသဖြင့် စပါးဈေးမှာ ယခုနှစ် မေလအတွင်း တင်း ၁၀၀ လျှင် ကျပ် ၄၇၀၀၀၀ အထိ မြင့်တက်လာကြောင်း တောင်သူများက ပြောသည်။



"ပျဉ်းမနားနဲ့ အေလာမြို့တွေဘက်က အဝယ်တွေ တအားဆင်းတယ်။ ဒီက ပွဲစားတွေထက် ဈေးလည်းပိုပေးတော့ တောင်သူတွေ အဆင်ပြေပါတယ်" ဟု မှန်စီကျေးရွာနေ တောင်သူ ဦးတင်ဝင်းက ပြောသည်။

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်းရှိ နွေစပါးစိုက်ပျိုးသူများသည် စပါးရောင်းချရာတွင် လုပ်ငန်းကုန်ကျစရိတ်အတွက်ရောင်းချခြင်းနှင့် စပါးအဖြိုင်ပေါ်ချိန်၌ ဈေးနှုန်းကျဆင်းမည်စိုးသောကြောင့်ဟူ၍ နှစ်မျိုးရှိကာ လက်ရှိဈေးကွက်အနေအထားအရ တရုတ်နိုင်ငံ၏ ဈေးကွက်ဝယ်လိုအားမှာလည်း မြင့်တက်လျက်ရှိကြောင်း သိရသည်။

"မူဆယ်မြို့မှာက တစ်ရက်ကို ကုန်တင်ကားကြီးအစီးရေ ၂၀၀အထက် ဝင်တဲ့အထဲမှာ ဆန်ပို့တဲ့ကားက အစီးရေ ၇၀ အထက်မှာပါတယ်။ ကျွန်တော့်ကားဆိုရင် တစ်ခေါက်ကို ဆန်အိတ် ၃၀၀ ပါတယ်။ လမ်းကြောင်းကောင်းရင် ဆန်တင်ပို့မှုက ဒီထက်မြင့်တက်နိုင်သလို ဆန်ကွဲ၊ ဆန်လတ်တွေလည်းဝယ်လိုအား အတော်ကောင်းနေတာတွေ့ရတယ်။ ဆန်ဈေးကျဖို့ လောလောဆယ် မဖြစ်နိုင်သေးပါဘူး"ဟု ရေတာရှည်မြို့နယ်မှ မူဆယ်မြို့အထိဆန်တင်ပို့နေသည့် ကုန်တင်ယာဉ်မောင်းတစ်ဦးက ပြောသည်။ နွေစပါးစိုက်တောင်သူများအနေဖြင့် စပါးရောင်းဝယ်ရာတွင် ဈေးကွက်အနေအထားကို လေ့လာ၍ အရောင်းအဝယ်ပြုလုပ်ရန် လိုအပ်ပြီး ရိတ်သိမ်းပြီးသား စပါးများအား ဆက်တိုက်ရောင်းချနေပါက စပါးလက်ကျန်နည်းပါးကာ နောက်ပိုင်းတွင် စပါးဈေးမြင့်တက်နိုင်ကြောင်း ခန့်မှန်းတွက်ချက်မှုများလည်းရှိနေသည်။

**ကိုလွင်(ဆွာ)**

## ကိုရီးယားနိုင်ငံသို့ သီးနှံများ တင်ပို့ရောင်းချမည်

**နေပြည်တော် မေ ၁၁**

မြန်မာ့လယ်ယာထွက်ကုန်သီးနှံများဖြစ်သည့် ငရုတ်အစိုနှင့် ကညွတ်၊ စိန်တလုံး သရက်သီးများကို ယခုလကုန်အတွင်း ကိုရီးယားနိုင်ငံဈေးကွက်သို့ တင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်းနှင့် မြန်မာ့ကုန်အမှတ်တံဆိပ်တစ်ခု နိုင်ငံခြားဈေးကွက်အတွင်း အခိုင်အမာရရှိရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

နေပြည်တော် ဇေက ၉၀၀ စံပြရှိ ငရုတ်စိုက်ခင်းများ၊ ကညွတ်စိုက်ခင်းများနှင့် စိန်တလုံးသရက်စိုက်ခင်းများအား မေ ၇ ရက်က ဆိုးလ်မြို့အခြေစိုက် Sam Jin ကုမ္ပဏီမှ CEO Mr.Bae Dae Yeol ဦးဆောင်သော ကိုရီးယားနိုင်ငံ စားသောက်ကုန်တင်ပို့ရောင်းချရေးဆိုင်ရာ လုပ်ငန်းရှင်အဖွဲ့ လာရောက် လေ့လာခဲ့ကြပြီး မြန်မာ့စိန်တလုံးသရက်သီးများ၏ သဘာဝအနံ့၊ အရသာကောင်းမွန်မှု၊ သီးလုံးအရွယ်အစားနှင့် အလေးချိန်တို့အားကိုရီးယားဧည့်သည်အဖွဲ့မှ အလွန်ကြိုက်နှစ်သက်ကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**

## နိုင်ငံပုံရိပ်ကို ထိခိုက်စေသည့် ကလေးသူငယ်များ အပြုအမူပပျောက်ရေး ညောင်ဦးတွင် ကွင်းဆင်းဆောင်ရွက်

**ညောင်ဦး မေ ၁၁**

ညောင်ဦးတွင် မြို့နယ်ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ (TCRC)မှ တာဝန်ရှိသူများသည် ညောင်ဦး (ပုဂံ)ဒေသ၌ တောင်းရမ်းစားသောက်သူ ကလေးငယ်များ ပပျောက်ရေး လှုပ်ရှားမှုတစ်ရပ်အနေဖြင့် ကလေးသူငယ် အများစု တောင်းရမ်းစားသောက်လျက်ရှိသည့် နေရာများသို့ သွားရောက်၍ တောင်းရမ်းစားသောက်သည့် ကလေးငယ်များနှင့် အဆိုပါကလေးများ၏မိဘများကို ခေါ်ယူစုဝေးစေကာ ပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ တောင်းရမ်းစားသောက်သူ ကလေးငယ်များသည် ပြည်တွင်းပြည်ပခရီးသွား ဧည့်သည်များ ပို့ဆောင်သော မော်တော်ယာဉ်များ ဖြတ်သန်းသွားလာမှု အများဆုံးဖြစ်သည့် သဲချောင်းများတွင် အန္တရာယ်ကြီးစွာဖြင့် ပြေးလွှား တောင်းရမ်းစားသောက်လျက်ရှိသည်။

သို့ဖြစ်ရာ မြို့နယ်ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီအဖွဲ့ဝင်များသည် ညောင်ဦး-မြင်းခြံသွားကားလမ်း ညောင်ဦးမြို့နယ် ညောင်လှကျေးရွာနှင့် တောင်သာမြို့နယ် မာလာကျေးရွာကြားရှိ မာလာချောင်း၊ ညောင်ဦးမြို့နယ် တောင်ရှေ့ကျေးရွာရှိ မရောင့်ရဲချောင်း၊ ညောင်ဦး-ပုပ္ပားသွား ဗျတ္တပန်းဆက်လမ်းပေါ်ရှိ ဂျမ်းလှိုးကျေးရွာအနီးပတ်ဝန်းကျင် စသည့်နေရာများသို့ သွားရောက်ကွင်းဆင်းကြည့်ရှုစစ်ဆေးကာ အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**




# စကားပြောသောအမှိုက်များ

အမှိုက်ကစကားပြောတယ်ဆိုလို့ ဆန်းနေပါလိမ့်မယ်။ တကယ်စကားအများကြီးကို ပြောတာပါမိတ်ဆွေ။

မကြာသေးခင်လပိုင်းက ထိုင်းနိုင်ငံ ပတ္တရားကမ်းခြေကို အလည်တစ်ခေါက် ရောက်ခဲ့ပါတယ်။ ကျွန်မတို့ရဲ့ ထားဝယ်မောင်းမကန်အလှကို မမီဘူးလို့ပဲ သာသာထိုးထိုး တွေးမိပါတယ်။ ကြိတ်ကြိတ်တိုးစည်ကားလှတဲ့ ပတ္တရားကမ်းခြေမှာ လူတစ်ဝက်ကျော်လောက်က ကျွန်မတို့လို နိုင်ငံပေါင်းစုံကလာတဲ့ ခရီးသည်တွေပါပဲ။ ညီမလေးနဲ့အတူ ကမ်းခြေရေစပ်မှာ ဒီဇိုင်းမျိုးစုံ၊ လူရောင်စုံကြားဖြတ်ပြီး ငေးမောလို့ တဖြည်းဖြည်းလမ်းလျှောက် ဖြစ်ပါတယ်။

လူနည်းနည်းပါးပြီး နေရာလွတ်နေတဲ့ကမ်းစပ်က ထိုင်ခုံလေးမှာ ထိုင်ချလိုက်တုန်း နောက်ခုံက မြန်မာစကားပြောသံကြားလို့ ဝမ်းသာအားရနဲ့ လှည့်ကြည့်ဖြစ်ပါတယ်။ အသက်(၂၅)ဝန်းကျင် ယောကျ်ားလေးနှစ်ဦးပါ။ တစ်ဦးက "မင်းကို ဒီကမ်းခြေရေစပ်က သဲပြင်မှာ ငါရှာခိုင်းတဲ့ပစ္စည်းတစ်ခုကို တွေ့ရင် ဘတ် ၂၀၀ ပေးမယ်" တဲ့။ ကျန်လူငယ်က "မြန်မြန်ပြောကွာ၊ ဘာရှာရမလဲ။ ဘတ် ၂၀၀ တကယ်ပေးမှာနော်"တဲ့။ ကျွန်မ စိတ်ဝင်စားပြီး နားစွင့်မိပါတယ်။ သူ့အဖြေက "ရေစိုကြွပ်ကြွပ်အိတ် တစ်အိတ်"တဲ့။ ရှာခိုင်းခံရတဲ့လူငယ်က တဟားဟားရယ်ပြီး "ဟိတ်ကောင်ရေ ဘတ် ၂၀၀ သာပေး မင်းလိုချင်တဲ့ ရေစိုကြွပ်ကြွပ်အိတ်တစ်လုံး မဟုတ်ဘူး။ လေးထောင့်သံပုံးတစ်လုံးစာ ထမ်းလာပေးမယ်။ အေး ဒီပတ္တရားမှာတော့ မဟုတ်ဘူးနော်။ ငါတို့ဆီက ချောင်းသာမှာ"တဲ့။ ပြောရင်းရယ်မောနေတဲ့ လူငယ်နှစ်ဦးစကားအဆုံးမှာ သန့်ပြန့်နေတဲ့ ကမ်းခြေကိုကြည့်ရင်း အတွေးထဲ နစ်သွားပါတယ်။

ညီမလုပ်သူက "ထိုင်နေရင်း ဗိုက်ဆာလာတယ်အစ်မ။ ပုစွန်ကင်သွားစားရအောင်"ဆိုလို့ အတွေးစဖြတ်ရင်း ကမ်းစပ်အပေါ်ပိုင်းအထက်နားက ပုစွန်ကင်ဆိုင် ရောက်သွားပါတယ်။ လတ်လတ်ဆတ်ဆတ် ပုစွန်ကျားကြီးတွေကို မီးဖိုနဲ့ချက်ချင်း ကင်ရောင်းနေတာပါပဲ။ တစ်ပွဲဝယ်တော့ ဆိုင်ရှင်မကြီးက ပုစွန်ပွဲအပြင် ပန်းကန်လွတ်တစ်ချပ်ထိုးပေးရင်း စကားတွေပြောတာ နားမလည်တာမို့ ကျွန်မတို့အဖွဲ့ရဲ့ဌာနေဧည့်လမ်းညွှန် ဖစ်စ်ရီတာကို မေးကြည့်ရပါတယ်။ သူက "ပုစွန်စားရင် အခွံနဲ့လွှင့်ပစ်ချင်တာအားလုံးကို ပေးထားတဲ့ပန်းကန်ထဲကိုထည့်ပါ၊ စားပွဲအောက် သဲပြင်ပေါ် လုံးဝမကျပါစေနဲ့"လို့ ပြောတာပါလို့ ဘာသာပြန်ပေးပါတယ်။

သတိထားစားသောက်နေရင်း ကျွန်မလက်ကြားက ပုစွန်ခွံသေးသေးလေးတစ်ခု သဲပြင်ပေါ်ပြုတ်ကျသွားလို့ စားပွဲအောက်ကို ငုံ့တုန်း ပုစွန်မီးကင်နေတဲ့ဆိုင်ရှင်မကြီးက သူ့ကိုယ်လုံးကြီးကိုမှ အားမနာ၊ အတင်းဝင်ကောက်လိုက်ပါတယ်။ အားနာကြောင်းတောင်းပန်ပြီး ထွက်လာခဲ့ပေမယ့် ကျောကုန်းနောက်မှာထိုင်လို့ ဘာတွေပြောကျန်နေမှန်း မသိတော့ပါဘူး။

**"ဟိတ်ကောင်ရေ ဘတ် ၂၀၀ သာပေး မင်းလိုချင်တဲ့ ရေစိုကြွပ်ကြွပ်အိတ်တစ်လုံး မဟုတ်ဘူး။ လေးထောင့်သံပုံးတစ်လုံးစာ ထမ်းလာပေးမယ်။ အေး ဒီပတ္တရားမှာတော့ မဟုတ်ဘူးနော်။ ငါတို့ဆီက ချောင်းသာမှာ"**

ညဘက်တည်းခိုတဲ့ ဟိုတယ်ဧည့်ခန်းမှာ ဌာနေဧည့်လမ်းညွှန်နဲ့ ဒီအကြောင်းပြန်ပြောဖြစ်ပါတယ်။ သူက ထိုင်းနိုင်ငံဟာ သန့်ရှင်းသပ်ရပ်မှုကို အထူးဂရုပြုတဲ့နိုင်ငံဖြစ်ကြောင်း၊ နိုင်ငံသားတိုင်းကလည်း အသိနဲ့ထိန်းသိမ်းကြကြောင်း၊ စည်းကမ်းမဲ့အမှိုက်ပစ်၊ တံတွေးထွေးတာကိုလည်း လုံးဝသည်းမခံဘဲ ထိထိရောက်ရောက် အရေးယူကြောင်းနဲ့ စိတ်မဆိုးဘူးဆိုရင် သူ့အတွေ့အကြုံပြောပြီး ကျွန်မကိုအကြံပေးချင်ပါတယ်တဲ့။ မနှစ်က ဧည့်သည်တစ်ဖွဲ့နဲ့အတူ မြန်မာနိုင်ငံက ချောင်းသာကို လမ်းညွှန်အဖြစ် ရောက်ခဲ့ဖူးပါတယ်။ ကမ်းခြေဟာ သာယာလှပပြီး ပင်လယ်စာတွေကလည်း ဈေးချိုတဲ့အပြင် စားလို့လည်း အလွန်ကောင်းပါတယ်တဲ့။ ဒါပေမယ့် ကြွပ်ကြွပ်အိတ်ခွံတွေ၊ အအေးဘူးခွံတွေ၊ ပိုက်တွေ၊ ငါးကင်တုတ်ချောင်းတွေ၊ ပုစွန်ခွံအမှိုက်တွေဟာ သဲပြင်နဲ့ရေစပ်မှာ ပွစိတက်နေတာတွေ့ခဲ့ရပါတယ်။ သူ့ခရီးသည်တွေကလည်း ဒီအချက်ကိုထောက်ပြကြတယ်တဲ့။ ဒီတော့ သူ့အမြင်က သိပ်လှတဲ့ မိန်းကလေးတစ်ယောက်ဟာ ဘယ်လောက်လှပနေပေမယ့် ညစ်ပတ်ပေရေနေတဲ့ အဝတ်အစားတွေကို ဝတ်ဆင်ထားသလိုပဲ နှစ်သက်စရာမကောင်းဖြစ်နေတယ်လို့ ဥပမာလေးနဲ့ ပြောပြပါတယ်။

ကဲ မိတ်ဆွေလည်း ကျွန်မခေါင်းစဉ်ပေးထားတဲ့ စကားပြောတဲ့ အမှိုက်တွေနဲ့ ထိတွေ့မိပြီထင်ပါတယ်။ "အမှိုက်ကစ ပြာသာဒ်မီးလောင်" ဆိုတဲ့ ရှေးစကားလည်းရှိခဲ့တာပါပဲ။ "မြန်မာဟေ့" လို့ ကြွေးကြော်ချင်ရင် သန့်ရှင်းသပ်ရပ်ဖို့ ကိုယ်တစ်နိုင်တစ်ပိုင်အသိနဲ့ ထိန်းသိမ်းနိုင်တာက စလုပ်ရမှာပါ။ စည်းကမ်းဖောက်ဖျက်သူတွေကိုလည်း ဆိုင်ရာက သူများနိုင်ငံလို ထိထိရောက်ရောက်အရေးယူမှုတွေလုပ်မယ်ဆိုရင် ကားပေါ်က ထွေးချတဲ့ တံတွေးကိစ္စတွေလည်း တစ်ပါတည်းအေးသွားမှာပါ။

မြန်မာမ လှလှလေး အဝတ်သန့်သန့်လေးဝတ်ထားပြီး ပိုလှတဲ့မြင်ကွင်းကို ကြည့်ချင်လှပါပြီ။ ။

**ဧကရီ(မော်ကျွန်း)**

ပြည်တွင်းရေးရာ

# တလင်းကြီး(၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံတည်ဆောက် ကျေးလက်ပြည်သူတို့၏ကျန်းမာရေးကို စောင့်ရှောက်နိုင်တော့မည်

**မန္တလေး မေ ၁၁**

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရန် လိုအပ်လှပေသည်။ သဘာဝသယံဇာတများ ပေါကြွယ်သည့်တိုင်အောင် ထိုသယံဇာတများကို အသုံးချနိုင်သည့် နည်းပညာနှင့်အတူ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်လှသည်။ လက်ရှိကာလတွင် နိုင်ငံတော်က ပြည်သူများ ကျန်းမာရေးအတွက် ဝန်ဆောင်မှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးလျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာနမှ ကျေးလက်ဒေသများတွင် သားဖွားဆရာမ တစ်ရွာတစ်ယောက်နှုန်းထားရှိရေးကို ရည်ရွယ်ကာ ရည်မှန်းချက်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ကုလသမဂ္ဂ ထောင်စုနှစ်ရည်မှန်းချက်ပြည့်မီရေး အတွက် အသက်ငါးနှစ်အောက် ကလေးသေဆုံးမှုကို သိသာစွာလျော့ချနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ပြည်သူများ ကျန်းမာရေးအသိရှိစေရန် ရုပ်သံလိုင်းများမှ ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများပြုလုပ်ကာ အသိပေးလျက်ရှိသည်။ လက်ရှိကာလတွင် မြန်မာနိုင်ငံ ဒေသအသီးသီးတွင် လိုအပ်လျက်ရှိသော (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံများ တည်ဆောက်ပေးလျက်ရှိသည်။ ယင်းတို့ထဲတွင် မန္တလေးတိုင်းဒေသကြီး အမရပူရ မြို့နယ် တလင်းကြီးကျေးရွာ တိုက်နယ်ဆေးရုံလည်းပါရှိသည်။

(၁၆)ကုတင်ဆံ့ တလင်းကြီးတိုက်နယ်ဆေးရုံတည်ဆောက်မှုမှာ ၃၀ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်သည်။ **(အောက်ပုံ)** တည်ဆောက်မှုတွင် ဆေးရုံပင်မဆောင်၊ ဆရာဝန်နေအိမ်နှင့်အတူ ဝန်ထမ်းဆောင်များ ပါဝင်သည့် သတ်မှတ်ပုံစံအတိုင်း တည်ဆောက်လျက်ရှိသည်။ တည်ဆောက်မှုကို Dominance Construction Co.,Ltd. က တာဝန်ယူတည်ဆောက်လျက်ရှိသည်။ လာမည့် ၂၀၁၅-၂၀၁၆ တွင် တလင်းကြီးကျေးရွာ (၁၆)ခုတင်ဆံ့တိုက်နယ်ဆေးရုံမှ ကျေးလက်နေပြည်သူတို့၏ ကျန်းမာရေးကို စောင့်ရှောက်ကုသကာ ကျေးလက်ပြည်သူတို့အကျိုး၊ တိုင်းပြည်အကျိုးကို ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**(တိမ်တမန်)**



# ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်တွင် ပထမအကြိမ် ရှေးဟောင်းကားပြပွဲ နှစ်ရက်တာ ပြသ ရှေးဟောင်းကား ၂၅ စီးကျော်နှင့် ဆိုင်ကယ် အစီး ၂၀ ကျော် ပါဝင်ပြသ



ဆီစားအသက်သာဆုံးကား အော်စတင်(ပန်းရောင်)။

မေ ၉ ရက်နှင့် ၁၀ရက် နှစ်ရက်ကြာ ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်တွင်ကျင်းပသည့် ပထမအကြိမ် ရှေးဟောင်းကားပြပွဲတွင် ရှေးဟောင်းကား ၂၅ စီးကျော်နှင့် ရှေးဟောင်းဆိုင်ကယ် အစီး ၂၀ ကျော် ပြသခဲ့ပြီး ရှေးအကျဆုံး မော်ဒယ် ၁၉၂၈ ခုနှစ်မှ ၁၉၉၂ မော်ဒယ်ကားများ (အော်စတင်၊ မာစီဒီး၊ ကယ်ဒီးလက် အမျိုးအစားများ) အများဆုံးပြသထားပြီး မော်ဒယ်သစ်ဒီဇိုင်းအမျိုးမျိုးဆိုင်ကယ်များကိုလည်း ပြသခဲ့ပြီး ကားဝါသနာရှင်များ စိတ်ဝင်တစား ကြည့်ရှုလေ့လာခဲ့ကြသည်။ **(သန့်ဇင်ဝင်း)**

# (၃၂)ကြိမ်မြောက် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းဖွင့်

**အလုံ မေ ၁၁**

အလုံမြို့နယ် သံဃနာယကအဖွဲ့ မြို့နယ်သံဃနာယက ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တပဏ္ဍာဝံသ၏ ဩဝါဒကိုခံယူပြီး အလုံမြို့နယ် သာသနာ့နုဂ္ဂဟ အဖွဲ့မှ ဦးဆောင်ပြုလုပ်သော ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းကို အလုံမြို့နယ် သစ်တောရပ်ကွက် အောင်ဇေယျရိပ်မွန်အိမ်ရာတွင် ဖွင့်လှစ်သင်ကြားပေးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးက ပြောသည်။

အဆိုပါသင်တန်းအား မေ ၂၄ရက်ထိ နေ့စဉ် ညနေ ၄နာရီမှ ၆နာရီထိ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး စာမေးပွဲအား နိုင်ငံတော်သံဃနာယကအဖွဲ့ ပညာရေးအဖွဲ့ငယ်မှ ထုတ်ဝေသော ဗုဒ္ဓဘာသာယဉ်ကျေးမှု စာမေးပွဲမေးခွန်းလွှာဖြင့် မေ ၂၅ ရက်တွင် ကျင်းပမည်ဖြစ်သည်။

**တင်မောင်ဦး(အလုံ)**

# ကချင်ပြည်နယ် စီအူးနှင့် စီခမ်းကြီးကြား မြစ်ရေတိုက်စားသော ကားလမ်းအား ဌာနဆိုင်ရာအဖွဲ့များ ပူးပေါင်းဆောင်ရွက်

**ရန်ကုန် မေ ၁၁**

မန်စီမြို့နယ်အဆုံး စီအူးကျေးရွာနှင့် စီခမ်းကြီးကျေးရွာသို့ ဆက်သွယ်ထားသော မော်တော်ကားလမ်းနှင့် အပြိုင် စီးဆင်းနေသည့် စီခမ်းကြီးချောင်းရေတိုက်စားမှုအား သက်ဆိုင်ရာမှအချိန်မီ ပြန်လည်ပြုပြင်ထိန်းသိမ်းနိုင်ခြင်းမရှိပါက မော်တော်ကားလမ်းတစ်ခုတည်းကိုသာ အားထားအသုံးပြုနေရသော စီအူးကျေးရွာနေ ပြည်သူ ၉၀၀၀ ခန့်သည် ယခုနှစ်မိုးရာသီတွင် လမ်းပန်းဆက်သွယ်သွားလာမှုများ ပြတ်တောက်ရတော့မည်ဖြစ်ကြောင်း ဒေသခံပြည်သူများ၏ ပြောကြားချက်အရ သိရသည်။

စီအူးကျေးရွာနှင့် စီခမ်းကြီးကျေးရွာကြား မော်တော်ကားလမ်းမြစ်ရေတိုက်စားမှုကြောင့် လမ်းပန်းဆက်သွယ်ရေးပြတ်တောက်ရမည့်အခြေအနေနှင့် ပတ်သက်၍ စီအူးကျေးရွာအုပ်ချုပ်ရေးမှူး ဦးထွန်းကြည်က “ကျွန်တော်တို့နေတဲ့ စီအူးကျေးရွာဟာ ကချင်ပြည်နယ် မန်စီမြို့နယ်ရဲ့ အစွန်ဆုံးဖြစ်သလို ရှမ်းပြည်မြောက်ပိုင်း မဘိန်းမြို့နယ်နဲ့ ထိစပ်နေတဲ့ ကျေးရွာတစ်ရွာဖြစ်ပါတယ်။ ရွာထဲမှာ လူဦးရေ ၈၀၀၀ ကျော်နေထိုင်ကြပါတယ်။ ဟန်ထက်၊ မန်သာနှင့် သံတံတားအထိကို ၂၀၁၄-၂၀၁၅ ခုနှစ် ဘတ်ဂျက်မှာ မြေသားမှကတ္တရာကျောက်လမ်းအထိ ပြင်ဆင်ခွင့်ပြုထားပြီးဖြစ်တယ်။ သံတံတားမှ စီကော်၊ စီခမ်းကြီး၊ မွန်ဝင့်၊ ခါချဉ်နှင့် စီအူးလမ်းအပိုင်းကို ကောင်းမွန်စွာ ဆက်သွယ်လို့ရတဲ့ မြေသားလမ်းအဖြစ် ခွင့်ပြုထားပေမယ့် လမ်းကိုပြင်သလား၊ မပြင်သလားတော့မသိဘူး၊ မဟာဗျူဟာကျတဲ့လမ်းဟာ လမ်းမှာ ကျွဲလူးအိုင်တွေနဲ့ ဆိုးရွားနေတာတွေ့ရမှာဖြစ်တယ်။

စီအူးကျေးရွာဟာ ကားလမ်းကလွဲရင် တခြားဆက်သွယ်သွားလာနိုင်တဲ့ ရေလမ်းလည်းမရှိတဲ့အပြင် အခုလိုနွေရာသီမှာတောင် ခက်ခက်ခဲခဲနဲ့ မဖြစ်မနေသွားလာနေရပါတယ်။ မိုးရာသီဆိုရင် ကားမဆိုထားနဲ့ စက်ဘီး၊ မော်တော်ဆိုင်ကယ်တောင် လုံးဝသွားမရတဲ့လမ်းဖြစ်တဲ့အတွက် စီအူးနဲ့ စီခမ်းကြီးကြား ကားလမ်းမြစ်ရေတိုက်စားမှုကို အခုလိုပွင့်လင်းရာသီအချိန်မှာ အမြန်ဆုံးပြင်ဆင်ပေးစေလိုပါတယ်”ဟု ပြောကြားခဲ့သည်။

ဒေသခံများ၏ပြောကြားချက်များနှင့် ပတ်သက်၍ တာဝန်ရှိသူများသည် မြစ်ရေတိုက်စားနေသော ကမ်းပြိုမြေနေရာများသို့ သွားရောက်ကြည့်ရှုပြီး လတ်တလောအခြေအနေထက် ယိုယွင်းပျက်စီးမှုများ တိုးပွားမလာအောင် မြို့နယ်ဌာနဆိုင်ရာအဖွဲ့များက ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(စောလှိုင်ဝင်း)**

**နိုင်ငံတာဝန်ကျေပွန်ဖို့ရေး ကျသင့်အခွန်မှန်မှန်ပေး**

# ရုပ်မြင်သံကြားအစီအစဉ်

*၁၂ - ၅ - ၂၀၁၅ (အင်္ဂါနေ့)*

## မြဝတီ

- ၆:၀၃ တရားတော်
- ၆:၁၅ မေတ္တာပို့
- ၆:၂၀ ဓမ္မပူဇာတေး
- ၆:၂၅ ကိုယ်လက်လှုပ်ရှားအားကစား
- ၆:၃၅ မျိုးချစ်တပ်မတော်
- ၆:၅၅ မြန်မာသံစဉ်ချိုနှာဝင်
- ၇:၁၀ အမျိုးသားရေးတေးကဗျာ
- ၈:၁၀ စိုက်ပျိုးသုတ
- ၈:၂၅ မြတ်နိုးစရာရိုးရာလက်မှုပညာ
- ၈:၃၅ ခရီးလည်းသွားစကားလည်းဆို
- ၉:၀၀ တည်ဆောက်ပြုပြင် မြို့တော်တစ်ခွင်
- ၄:၂၅ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄:၃၅ အင်္ဂလိပ်စာသုတ
- ၅:၀၀ သာယာသီကြွေးခေတ်ဆန်းတေး
- ၅:၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဂန္ထဝင်မြောက်အမုန်း အပိုင်း(၁၉)
- ၆:၃၅ Dream Team
- ၇:၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ပန်းခူးသူဆူးစူးပါစေ အပိုင်း(၄၁)
- -VOA အင်္ဂလိပ်စာသင်ခန်းစာ
- - ဟာသရုပ်စုံ
- - ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- - မှော်ဝင်စီးချင်း အပိုင်း(၆)

## MRTV - 4

- ၅:၀၀ ပဌာန်းပါဠိတော်၊ မေတ္တာသုတ်
- ၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “လေဟုန်စီးတဲ့ပန်းလိပ်ပြာ” (အပိုင်း-၇)
- ၈:၀၀ Cartoon Series (Go Go Giggles)
- ၈:၄၀ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာ
- ၉:၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အိုအေစစ်ကမ္ဘာလေး” (အပိုင်း-၆၅)
- ၉:၄၅ အနုပညာမိုးကောင်းကင်
- ၁၀:၀၅ ခေတ်သစ်ပျိုမေ
- ၁၁:၁၀ သွားမယ်စားမယ် (Ahjumma)
- ၁၁:၄၀ Forever Music Tribute Saw Bhawe Mhue Live Show (အပိုင်း-၃) (ဒုတိယပိုင်း)
- ၁၂:၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ရာဇဝင်ထဲကရင်ခုန်သံ” (အပိုင်း-၄)
- ၂:၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ “ဝိညာဉ်ရှိုက်သံ” (အပိုင်း-၂၉)
- ၃:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “လေဟုန်စီးတဲ့ပန်းလိပ်ပြာ” (အပိုင်း-၇)
- ၃:၃၅ ရန်ကုန်မြင်ကွင်းကျယ် -စိန်ဂေဟာ ဆိုင်ခွဲများတွင် ကျင်းပပြုလုပ်ခဲ့သော Thingyan Lucky Draw အစီအစဉ်အတွက် ကံထူးရှင်ရွေးချယ်ပွဲ - Oramin C မှကြီးမှူးကျင်းပသော Stress & Health Symposium
- ၃:၅၅ Cartoon Series (Go Go Giggles)
- ၄:၃၀ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာ
- ၄:၅၅ ခေတ်သစ်ပျိုမေ
- ၆:၁၀ Health Fix
- ၆:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “လေဟုန်စီးတဲ့ပန်းလိပ်ပြာ” (အပိုင်း-၈)
- ၇:၁၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ “ဝိညာဉ်ရှိုက်သံ” (အပိုင်း-၃၀)
- ၈:၁၀ ရသစုံညွှန်းတမ်းများ
- ၈:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အိုအေစစ်ကမ္ဘာလေး” (အပိုင်း-၆၆)
- ၉:၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ရာဇဝင်ထဲကရင်ခုန်သံ” (အပိုင်း-၅)
- ၉:၄၅ အနုပညာမိုးကောင်းကင်
- ၄:၃၅ ဖွံ့ဖြိုးသာယာ ကောလင်းမြေမှာ . . .

## mitv

- Insight Myanmar (Library) (Ep-1) Myanmar Library Survey
- The Iron Rider
- National Literary Icon and Guiding Light of Myanmar Literature "Sayar Zaw Gyi" (Episode-2)
- Culture Shows: Composer Ma Mya Lay
- Choral Dance ( Duel )
- Lucrative Myanma Rattan Industry
- Kyaikhteeyoe: My Father The Porter
- Jeyyanandi (A Day in the Life of a Nun)
- Crab Business (Part-I) Mud Crab
- Short Trip With Steve (Mon State)
- Today Myanmar "Visiting Neighbours Thailand"
- Taste Of Myanmar (Rice Salad with Vegetables)
- A Life In The Ring
- Marketable Goods (Myanmar Arts & Handicrafts)
- Myanmar Alternative Medicine (Noni)
- Art Students: Theatrical Art
- National Literary Icon and Guiding Light of Myanmar Literature "Sayar Zaw Gyi" (Episode-1) (Childhood and Student Life)
- Sagaing: Youth Leader
- FLying Without Wings- My Great Limitless Adventure - Inle Lake (Part-2)
- Black Gold (P - II)
- Youth Filmmaker: Lwin Ko Ko Oo
- The Art of Making Glaze Ware
- Traffic Police

# ယခုနှစ်မှ ထူးထူးခြားခြားပါဝင်လာသည့် ကဗျာလွတ်အကပြိုင်ပွဲ

သတင်း-ခင်ခင်သက်၊
ဖြိုးစန္ဒာမြင့်
ဓာတ်ပုံ-ဇင်ဘိုမင်း

**နေပြည်တော် မေ ၁၁**

မြန်မာ့အကပညာ၏ အခြေခံလည်းဖြစ်က မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာကို ထိန်းသိမ်းလျက်ရှိသော အခြေခံအကတစ်မျိုးဖြစ်သည့် ကဗျာလွတ်အကပြိုင်ပွဲကို ယခုနှစ် (၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွင် ထူးထူးခြားခြားအနေဖြင့် ထည့်သွင်းကျင်းပခဲ့သည်။



**ရှမ်းပြည်နယ်မှ ကဗျာလွတ်အက ပြိုင်ပွဲဝင် နန်းမြမြတ်ချယ်။**

အဆိုပါပြိုင်ပွဲကို မေ ၁၁ ရက် နံနက်ပိုင်းက မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ရွှေရတုခန်းမတွင် ကျင်းပခဲ့ရာ အခြေခံပညာအသက် (၁၀-၁၅)အဆင့်ပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်အဖွဲ့ ၁၄ ဖွဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

"သမီးက ၂၀၁၂ ခုနှစ်ကစပြီး ပြည်နယ်အဆင့်ပြိုင်ပွဲတွေမှာ ယှဉ်ပြိုင်ခဲ့တာ။ ဒီနှစ်မှ နိုင်ငံတော်အဆင့် ပြိုင်ခွင့်ရတာဆိုတော့ စိတ်လှုပ်ရှားမိပေမယ့် ကျောင်းက ဆရာ ဆရာမတွေ အကောင်းဆုံး သင်ကြားပေးထားတာမို့ ဆုရမယ်လို့ မျှော်လင့်ပါတယ်"ဟု ရှမ်းပြည်နယ်ကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ခဲ့သည့် ကဗျာလွတ်အက ပြိုင်ပွဲဝင် နန်းမြမြတ်ချယ်က ပြောပြခဲ့သည်။




မြန်မာ့ရိုးရာ အခြေခံအကပညာရပ်တစ်ခုဖြစ်သည့် ကဗျာလွတ်ပြိုင်ပွဲများ ယခုကဲ့သို့ ကျင်းပရခြင်းနှင့် ပတ်သက်ပြီး "ဒီလိုပြိုင်ပွဲတွေ ကျင်းပပေးလို့ ဝမ်းမြောက်မိပါတယ်။ နှစ်စဉ် မျိုးဆက်သစ်တွေကို ရိုးရာအမွေ လက်ဆင့်ကမ်းပေးနိုင်လို့ ထိရောက်မှုရှိတဲ့ပွဲလည်းဖြစ်ပါတယ်"ဟု ကရင်ပြည်နယ်မှ အုပ်ချုပ်သူ ဒေါ်နန်းစိန်မြခင်က ရင်ဖွင့်စကားဆိုသည်။

ထို့နောက် ယခုယှဉ်ပြိုင်နေကြသည့် ကလေးငယ်များသည် ပညာရှင်များ မဟုတ်သော်လည်း ကြိုးစားယှဉ်ပြိုင်နေကြသည်ကို မြင်တွေ့ရသည့်အတွက် အားရမိပါကြောင်း၊ ရိုးရာအမွေအနှစ်တစ်ခုဖြစ်သည့် အကပညာရပ်ကို သင်ကြားပေးရသည့်အတွက် ဂုဏ်ယူမိကြောင်း၊ ယခုကဲ့သို့ သင်ကြား ယှဉ်ပြိုင်ခြင်းမှ မျိုးဆက်သစ်များအနေဖြင့် မိမိတို့ ရိုးရာယဉ်ကျေးမှုကိုချစ်ခင်စိတ်များ ဖြစ်ပေါ်လာစေချင်ပါကြောင်း ရန်ကုန်တိုင်းဒေသကြီး ကဗျာလွတ် အကအဖွဲ့၏ အကနည်းပြ ဒေါ်ခင်မီမီက ရှင်းပြခဲ့သည်။

ဆက်လက်ပြီး မွန်ပြည်နယ်ကိုယ်စားပြု ကဗျာလွတ်အက ပြိုင်ပွဲဝင် မသက်ဝေဖူးက "အရင်က ကဗျာလွတ်အကနဲ့ မရင်းနှီးပါဘူး။ ကျောင်းက ပြိုင်ပွဲဝင်ဖို့ ရွေးချယ်ပြီးလေ့ကျင့်ယှဉ်ပြိုင်ရာကနေ ဒီအကပညာအပေါ်မှာ စိတ်ဝင်စားလာတာပါ"ဟု ဆိုသည်။

ထို့နောက် ရခိုင်ပြည်နယ်မှ လာရောက်အားပေးသည့် ပရိသတ်တစ်ဦးက"အကပညာကို ဝါသနာပါတယ်လေ။ ဒါကြောင့် ကဗျာလွတ်ပြိုင်တာကို လာအားပေးတာ။ ကလေးတွေက ငယ်ပေမယ့် သေသေချာချာ စနစ်တကျ လေ့ကျင့်ထားတော့ ခေါင်း၊ ခါး၊ ခြေ၊ လက် မှန်ကန်ပြီး ကြည့်ရတာ ညီညီညာညာနဲ့ တကယ်နှစ်သက်မိတယ်"ဟု ၎င်း၏ပြိုင်ပွဲအပေါ်အမြင်ကို ပြောပြသည်။

အဖွဲ့လိုက် စည်းလုံးညီညွတ်မှုရှိရန်လည်းလိုအပ်ပြီး တစ်ဦးချင်းအနေဖြင့်လည်း ခေါင်း၊ ခါး၊ ခြေ၊ လက် ကကွက်မှန်ကန်ရန်လိုအပ်သည့် ကဗျာလွတ်အကပြိုင်ပွဲများ ကျင်းပရခြင်းကြောင့် မျိုးဆက်သစ်လူငယ်များအနေဖြင့် မြန်မာ့ရိုးရာ အကပညာကို စိတ်ဝင်စားလာပြီး နည်းစနစ်ကျကျ သိရှိစေနိုင်မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# အရေအတွက်နည်းသော်လည်း အရည်အချင်းမနည်းပါ

မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ကျင်းပလာခဲ့သည်မှာ (၂၁)ကြိမ် တိုင်ခဲ့ပြီဖြစ်သည်။ သို့သော် ယခုနှစ်တွင် ယခင်နှစ်များနှင့်မတူ ပြိုင်ပွဲဝင်များ လျော့နည်းသွားသည်ကို တွေ့ရပေသည်။

အဆိုပါ အကြောင်းအရာနှင့် ပတ်သက်၍ မြန်မာနိုင်ငံဂီတ အစည်းအရုံး(ဗဟို)မှ တွဲဖက်အတွင်းရေးမှူးလည်းဖြစ်၊ ယခုပြိုင်ပွဲကြီးတွင် အဆို(မဟာဂီတ) အကဲဖြတ်ဒိုင်အဖွဲ့ဝင် တစ်ဦးလည်းဖြစ်သော ဦးသက်ဆွေက ပြိုင်ပွဲဝင်များ နည်းသွားရခြင်းမှာ ပြိုင်ပွဲကျင်းပသည့်ရက် အပြောင်းအလဲကြောင့် အချို့သောပြိုင်ပွဲဝင်မည့်သူများ လေ့ကျင့်မှုအဆင်သင့် မဖြစ်သေး၍ ဝင်ရောက်ယှဉ်ပြိုင်နိုင်ခြင်း မရှိခြင်းကြောင့်ဖြစ်ကြောင်း ရှင်းပြခဲ့သည်။

ပြိုင်ပွဲဝင်ဦးရေမှာ နည်းပါးသွားသော်လည်း ၎င်းတို့၏ အရည်အချင်းမှာ မနည်းကြောင်း၊ ပညာရပ်ပိုင်းတွင် အဆင့်အတန်းမြင့်မြင့်ယှဉ်ပြိုင်လာနိုင်ကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

ထို့ပြင် ဦးသက်ဆွေက "ဒီနှစ်မှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက ရွေးတံဆိပ်ရတဲ့သူတွေကိုပဲ အခုနိုင်ငံတော်အဆင့်မှာ ယှဉ်ပြိုင်စေတာပါ။ ဒီနှစ်ပြိုင်ပွဲဝင်တွေဟာ တကယ်ကို ကျေနပ်စရာ ကောင်းပါတယ်။ ကလေးတွေ ဆိုပေမယ့်လည်း အဆိုပညာမှာ စနစ်ကျလာတယ်။ အဆင့်မြင့်လာတယ်။ ဒါလည်း အရင်ပြိုင်ပွဲဝင်အတွေ့အကြုံတွေရယ် သူတို့ကို သင်ကြားပြသတဲ့ ဆရာ ဆရာမတွေရဲ့ သင်ကြားမှုတွေ နည်းစနစ်မှန်လာတာကြောင့်လို့ ကျွန်တော်ထင်ပါတယ်။



**မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို) တွဲဖက်အတွင်းရေးမှူးနှင့် အဆို(မဟာဂီတ) အကဲဖြတ် ဒိုင်အဖွဲ့ဝင် ဦးသက်ဆွေ။**

"အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးကို ဦးတည်ဆောင်ရွက်နေတဲ့ ဒီပြိုင်ပွဲကြီးကို ကျင်းပပေးတဲ့အတွက် မျိုးဆက်သစ်တွေအနေနဲ့ ရိုးရာတေးဂီတတွေကို လက်ဆင့်ကမ်းထိန်းသိမ်းပေးရာ ရောက်ပါတယ်။ ကိုယ့်ယဉ်ကျေးမှုကို ချစ်မြတ်နိုးတတ်တဲ့ ဒီလိုမျိုးဆက်သစ်တွေကြောင့် နောင်နှစ်တွေမှာလည်း ဒီပြိုင်ပွဲကြီးရှိနေဦးမယ်လို့ ယုံကြည်ပါတယ်။ ဒီပြိုင်ပွဲကြီးနဲ့အတူ မြန်မာ့မဟာဂီတရဲ့ အနာဂတ်ဟာလည်း ဆက်လက်ရှင်သန်နေဦးမှာပါ"ဟု ၎င်း၏ ယုံကြည်ချက်ကို ထုတ်ဖော်ခဲ့သည်။

အလားတူ အခြားသောပြိုင်ပွဲဝင်များကလည်း မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ဆက်လက်ကျင်းပစေလိုကြပြီး ဇာတ်တော်ကြီးကဲ့သို့ ယခုနှစ်တွင် ယှဉ်ပြိုင်ခွင့်မရခဲ့သော ဘာသာရပ်များကိုလည်း နောင်နှစ်များတွင် ပြန်လည်ထည့်သွင်းကျင်းပပေးစေလိုကြောင်းဖြင့် ရင်ဖွင့်ခဲ့ကြသည်။

**သတင်း- ခင်ခင်သက်၊ မျိုးစန္ဒာမောင်**
**ဓာတ်ပုံ-သွင်ဘုန်းသန့်**

"တိုင်းတစ်ပါးယဉ်ကျေးမှုတွေ ထိုးဖောက်နေရာယူလာတဲ့ အခုလိုအချိန်မှာ ကိုယ့်ရိုးရာအနုပညာကို စွဲမက်နှစ်သက်ပြီး အချိန်ယူလေ့ကျင့်ကာ လာရောက်ယှဉ်ပြိုင်ကြတဲ့ ပြိုင်ပွဲဝင်တွေကို ချီးကျူးလေးစားပါတယ်။ ဒီလို အမွေဆက်ခံချင်တဲ့ မျိုးဆက်သစ်တွေရှိနေသရွေ့ ဒီမဟာဂီတအဆိုပညာရပ်ဟာလည်း မတိမ်ကော မပပျောက်ဘဲ ဆက်လက်ရှင်သန်နေဦးမှာပါ"

ဦးသက်ဆွေ

# မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပဉ္စမနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် မေ ၁၁**

(၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို မေ ၁၁ ရက် နံနက်ပိုင်းက နေပြည်တော် ရေဆင်းတက္ကသိုလ်များ နယ်မြေရှိ သတ်မှတ်နေရာအသီးသီးတွင် ပဉ္စမနေ့အဖြစ် မြိုင်မြိုင်ဆိုင်ဆိုင် ဆက်လက်ကျင်းပခဲ့သည်။

မေ ၁၁ ရက် နံနက်ပိုင်းတွင် အဆိုပြိုင်ပွဲများကို စိုက်ပျိုးရေးတက္ကသိုလ်စုဝေးခန်းမတွင် ကျင်းပခဲ့ရာ ဝါသနာရှင်(ဒုတိယတန်း)(အမျိုးသား) အဆင့်ပြိုင်ပွဲတွင် ဇာတိမာန်တေးသီချင်းဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာ (အမျိုးသမီး) ပြိုင်ပွဲတွင် ဝါသနာရှင်(ပထမတန်း) (အမျိုးသား၊ အမျိုးသမီး)၊ အဆင့်မြင့်ပညာ (အမျိုးသား၊ အမျိုးသမီး)၊ ဝါသနာရှင် ဒုတိယတန်း(အမျိုးသား၊ အမျိုးသမီး)၊ အခြေခံပညာ အသက် (၁၀-၁၅) အမျိုးသား၊ အမျိုးသမီး၊ အခြေခံပညာ အသက် (၁၅-၂၀)




အဆင့်တွင် မြန်မာ့ခေတ်တေးသီချင်းများဖြင့်လည်းကောင်း အသီးသီး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အကပြိုင်ပွဲများကို မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ရွှေရတုခန်းမတွင် ကျင်းပခဲ့ရာ အခြေခံပညာ အသက် (၁၀-၁၅) အဆင့် ကဗျာလွတ်အကပြိုင်ပွဲဝင် အဖွဲ့ ၁၄ ဖွဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ဆက်လက်ပြီး စိုက်ပျိုးရေးတက္ကသိုလ် စာသင်ခန်းမအတွင်း ကျင်းပလျက်ရှိသည့် အတီး(ဂီတာ) (အမျိုးသား၊ အမျိုးသမီး)အဆင့်ပြိုင်ပွဲများကို ကျင်းပခဲ့ရာ ဝါသနာရှင်(ပထမတန်း)အဆင့် ပြိုင်ပွဲဝင်တစ်ဦးဖြစ်သူ ဧရာဝတီတိုင်းဒေသကြီးမှ ဒေါ်ဥမ္မာက "ကိုယ်တိုင် လူငယ်တွေကို အနုပညာအမွေ လက်ဆင့်ကမ်းပေးနေပေမယ့် အချို့လူငယ်တွေက စည်းရုံးရခက်တယ်။ ဒီလိုပြိုင်ပွဲတွေရှိနေလို့သာ မြန်မာ့သုခုမ ပညာရပ်တွေ တည်မြဲနေမယ်လို့ ထင်မိပါတယ်"ဟု ၎င်း၏အမြင်ကို ပြောပြခဲ့သည်။

ထို့နောက် စိုက်ပျိုးရေးတက္ကသိုလ် ပတ္တမြားခန်းမ၌လည်း အတီး(ပတ္တလား) ပြိုင်ပွဲများဖြစ်သည့် ဝါသနာရှင်(ဒုတိယတန်း)အမျိုးသား၊ အမျိုးသမီးအဆင့်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ကိုးဦးက မဲဇာတောင်ခြေ(ပတ်ပျိုး)သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာ အသက်(၁၀-၁၅)(အမျိုးသမီး) အဆင့်ပြိုင်ပွဲများကို ကျင်းပခဲ့သည်။

၎င်းနောက် သစ်တောသုတေသနဌာန စုဝေးခန်းမတွင် ဆိုင်း တစ်ဦးချင်းပြိုင်ပွဲများကို လည်းကောင်း၊ စိုက်ပျိုးရေးသုတေသန ဦးစီးဌာန စုဝေးခန်းမတွင် အတီး(နှဲ)ပြိုင်ပွဲများကိုလည်းကောင်း၊ သစ်တောတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် အတီး(ဒုံမင်း)ပြိုင်ပွဲများကို လည်းကောင်း ကျင်းပခဲ့သည်။

**သတင်း- ခင်ခင်သက်၊ ဖြိုးစန္ဒာမြင့်**
**ဓာတ်ပုံ-ဇင်ဘိုမင်း**




**ချင်းပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦး အဆိုယှဉ်ပြိုင်နေစဉ်။**

## အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) သင်တန်းသားအိပ်ဆောင်အတွက် အထောက်အကူပြုပစ္စည်းများပေးအပ်လှူဒါန်း



**ရန်ကုန် မေ ၁၁**

LG Co.,Ltd မှ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)တွင် သင်တန်းသား သင်တန်းသူအိပ်ဆောင်ရှိ ရေချိုးခန်းနှစ်ခန်းအား ပြန်လည်ပြုပြင်ပေးခြင်း၊ အဝတ်လျှော်ခန်း တစ်ခန်းအသစ်တည်ဆောက်ပေးခြင်း၊ အဝတ်လျှော်စက် ၁၄ လုံးနှင့် ဘောလုံးကွင်းနားနေဆောင်တွင်ထားရှိမည့် ခုံတန်းရှည်နှစ်စုံတို့အား ပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို မေ ၉ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပရာ LG Co.,Ltd မှ အလုပ်သမားအဖွဲ့အစည်း CEO Mr.Bae Song Ho က လှူဒါန်းရခြင်းအကြောင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီးစီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးသန်းမြင့်က LG Co.,Ltd မှ အလုပ်သမားအဖွဲ့အစည်း CEO Mr.Bae Song Ho အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

ထို့နောက် ဝူရှူးအားကစားနည်းနှင့် မြန်မာ့ရိုးရာခြင်းလုံးခတ်အားကစားနည်းများမှ တစ်ဦးချင်းစွမ်းရည်ပြနှင့်အဖွဲ့လိုက်သရုပ်ပြသကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးသန်းမြင့်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်း၊ LG Co.,Ltd မှ အလုပ်သမားအဖွဲ့အစည်း CEO Mr.Bae Song Hoနှင့် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများအတွက် လိုအပ်သော ရေချိုးဆောင်၊ အဝတ်လျှော်စက်ခန်း၊ အဝတ်လျှော်ခန်းတို့အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး အခမ်းအနားသို့ တက်ရောက်လာကြသော ဧည့်သည်တော်များက ပြန်လည်ပြုပြင်လှူဒါန်းထားသည့် ရေချိုးခန်း၊ အဝတ်လျှော်စက်နှင့် အဝတ်လျှော်ခန်းတို့အား လိုက်လံကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**(ကြေးမုံ)**

## ကမ္ဘာ့ဖလားဝင်ပြိုင်မည့် မြန်မာ ယူ-၂၀ အသင်းအားဂုဏ်ပြု၍ ရေဝတီဘဏ်မှ AYA U-20 Visa card (Limited Edition) မိတ်ဆက်ထုတ်ဝေ

**ရန်ကုန် မေ ၁၁**

ယခုနှစ်တွင် နယူးဇီလန်နိုင်ငံ၌ကျင်းပမည့် ကမ္ဘာ့ဖလား(အသက်၂၀အောက်) ယူ-၂၀ ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိထားသော မြန်မာ ယူ-၂၀ အသင်းအား ဂုဏ်ပြုသောအားဖြင့် ရေဝတီဘဏ်မှ AYA U20 Visa Card (Limited Edition) အား မေ ၈ ရက်တွင် စတင်မိတ်ဆက်လိုက်ကြောင်း သိရသည်။

ရေဝတီဘဏ်မှ ဂုဏ်ပြုထုတ်ဝေလိုက်သော AYA U20 Visa Card ကိုင်ဆောင်ထားသူအနေဖြင့် အမေရိကန်ဒေါ်လာ၊ ယူရိုငွေ၊ စင်ကာပူဒေါ်လာတို့ကို နိုင်ငံပေါင်း ၂၀၀ ကျော်ရှိ ATM စက်ပေါင်း ၁ ဒသမ ၄၀ သန်းကျော်၊ POS Terminal စက် ၃၈ ဒသမ ၁ သန်းကျော်တို့တွင် လွယ်ကူချောမွေ့လျင်မြန်စွာ သုံးစွဲနိုင်မည်ဖြစ်ပြီး ခရီးသွားလာရာတွင် ငွေသားကိုင်ဆောင်သွားရန် မလိုအပ်တော့ဘဲ POS စက်များတွင် စိတ်ချယုံကြည်စွာဖြင့် လျင်မြန်စွာ ငွေပေးချေနိုင်မည်ဖြစ်ကြောင်း မေ ၈ ရက်က မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည့် AYA U20 Visa Card (Limited Edition) စတင်မိတ်ဆက်ထုတ်ဝေခြင်း သတင်းစာရှင်းလင်းပွဲမှသိရသည်။

အဆိုပါ AYA U20 Visa Card ကို ယနေ့ခေတ်စားလျက်ရှိသော online shopping သုံးစွဲရာတွင်လည်း အွန်လိုင်းပေါ်မှ ငွေပေးချေသုံးစွဲနိုင်ပြီး နိုင်ငံရပ်ခြားသွားရောက်ရာတွင်လည်း ရောက်ရှိရာနိုင်ငံ၏ ATM စက်များ၊ POS အသုံးပြုသောဆိုင်များတွင် လွယ်ကူစွာငွေပေးချေနိုင်မည်ဖြစ်ပြီး အရေးပေါ်ငွေလိုအပ်ပါက ရောက်ရှိရာနိုင်ငံ၏ ATM စက်များတွင် တစ်ရက်ကို အများဆုံး အမေရိကန်ဒေါ်လာ ၅၀၀ ထုတ်ယူသုံးစွဲနိုင်မည်ဖြစ်သည်။

ရေဝတီဘဏ်မှ ထုတ်ဝေလိုက်သော AYA U20 Visa Card ၏ သက်တမ်းမှာ နှစ်နှစ်တာကာလအတွင်း သုံးစွဲနိုင်မည်ဖြစ်ပြီး ကတ်စာရင်းအမှတ်ထဲသို့ အမေရိကန်ဒေါ်လာ ၁၀၀၀၀ နှင့် ညီမျှသောတန်ဖိုး မြန်မာငွေကျပ်အား Top up ပြုလုပ်ထားနိုင်သည်။ ယင်းအပြင် AYA U20 Visa Card ဖြင့်ပင် တစ်လလျှင် အမေရိကန်ဒေါ်လာ ၁၀၀၀၀နှင့်ညီမျှသည့် တန်ဖိုးအထိ ငွေလွှဲပြောင်းခြင်း (Transaction) ပြုလုပ်နိုင်မည်ဟု သိရသည်။ ကတ်အရေအတွက် ၂၀၀၀ သာ ထုတ်ဝေသွားမည်ဖြစ်ပြီး ကမ္ဘာ့ဖလား ယူ-၂၀ ပြိုင်ပွဲဝင် မြန်မာဘောလုံးအသင်းကို ဂုဏ်ပြု၍အမှတ်တရ ထုတ်ဝေခြင်းဖြစ်သည်။

"ရေဝတီဘဏ်က ထုတ်ထားတဲ့ World Travel Visa Card နဲ့ အတူတူပါပဲ။ အခုဟာက ကမ္ဘာ့ဖလားပြိုင်ပွဲဝင်မယ့် မြန်မာအသင်းကို ဂုဏ်ပြုထုတ်တာဖြစ်တဲ့အတွက် အမှတ်တရ ဒီဇိုင်းတစ်ခုဖြစ်ပါတယ်" ဟု ရေဝတီဘဏ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

AYA U20 Visa Card (Limited Edition) ဝန်ဆောင်မှုအား စတင်အသုံးပြုနိုင်ပြီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ရေဝတီဘဏ်ခွဲများနှင့် AYA Facebook နှင့် ayabank.com.mmတို့တွင် စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

**(၀၀၁)**

## မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယပွဲစဉ် (ပဲခူး) ဆုချီးမြှင့်ပွဲ ကျင်းပ

**ပဲခူး မေ ၁၁**

မြန်မာနိုင်ငံတွင် ထူးချွန်သောဂေါက်သီးအားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့်မြန်မာပီဂျီအေမှ ကြီးမှူး၍ မြဝတီဘဏ်လီမိတက်မှ အဓိကကူညီပံ့ပိုးပေးသော ၂၀၁၅ခုနှစ် ဒုတိယပွဲစဉ်(ပဲခူး)၏ စတုတ္ထနေ့(၁၈)ကျင်းပြိုင်ပွဲကို မေ ၁၀ ရက် နံနက်ပိုင်းတွင် ပဲခူးမြို့ရှိ ဟံသာဝတီဂေါက်ကလပ်၌ဆက်လက်ကျင်းပသည်။

စတုတ္ထနေ့ (၁၈)ကျင်းအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်လှဟန်က မြဝတီဘဏ်လီမိတက်သို့ ဂုဏ်ပြုမှတ်တမ်းလွှာအားပေးအပ်ချီးမြှင့်ရာ မြဝတီဘဏ်လီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးယုလွင်ကလက်ခံရယူပြီး အမှတ်တရလက်ဆောင်ကို ဟံသာဝတီဂေါက်ကွင်းမှ ဒါရိုက်တာ ဦးစိန်သန်းက လက်ခံရယူသည်။

ထို့နောက် အပျော်တမ်း အမျိုးသမီး၊ အမျိုးသား၊ ပညာရှင်အဆင့်တို့၏ နေ့အလိုက်အကောင်းဆုံးရိုက်ချက်ဆုများကို မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် အမှုဆောင် ဦးကိုကိုလေးက ပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး ဟံသာဝတီဂေါက်ကွင်းမှ ဒါရိုက်တာ ဦးစိန်သန်းက အပျော်တမ်းအဆင့်အမျိုးသမီး ပြိုင်ပွဲ၌စုစုပေါင်းရိုက်ချက် ၂၃၆ ချက်ဖြင့် တတိယရရှိသော ခင်မာနွယ်၊ စုစုပေါင်းရိုက်ချက် ၂၃၅ချက်ဖြင့် ဒုတိယရရှိသော မေဦးခိုင်တို့အား ဆုများကိုပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကိုကိုအေးက အပျော်တမ်းအဆင့် အမျိုးသားပြိုင်ပွဲ၌ တတိယရရှိသော ဟိန်းစည်သူ၊ ဒုတိယရရှိသော မောင်မောင်ဦးတို့အား ဆုများကိုပေးအပ်ချီးမြှင့်သည်။ ယင်းနောက် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် ဌာနကြီးမှူး ဦးသန်းထွန်းက Professional အဆင့်ပြိုင်ပွဲတွင် စုစုပေါင်း ရိုက်ချက် ၂၈၇ ချက် (1Under) ဖြင့် တတိယရရှိသော ရန်မျိုးအေး (CEO Group)၊ စုစုပေါင်းရိုက်ချက် ၂၈၂ ချက် (6 Under) ဖြင့် ဒုတိယရရှိသော မျိုးဝင်းအောင်(P.R.G.R)တို့အားဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဗိုလ်ချုပ်ဇာနည်ဝင်းက အပျော်တမ်းအဆင့် အမျိုးသမီးပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၂၅ ချက်ဖြင့် ပထမရရှိသော ယဉ်မေမျိုး၊ အပျော်တမ်းအဆင့် အမျိုးသားပြိုင်ပွဲတွင် စုစုပေါင်း ရိုက်ချက် ၂၈၄ ချက် (4Under) ဖြင့်ပထမရရှိသော ဇင်မင်းသူ၊ Professioal အဆင့်ပြိုင်ပွဲတွင်စုစုပေါင်းရိုက်ချက် ၂၇၉ ချက် (9 Under ) ဖြင့်ပထမရရှိသော ဇော်ဇော်လတ် (HAN Golf Academy) တို့အား ဆုများကိုပေးအပ်ချီးမြှင့်၍ မြဝတီဘဏ်လီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးယုလွင်က ပထမရရှိသွားသော ဇော်ဇော်လတ် (HANGolf Academy) အား ဆုကြေးငွေချက်လက်မှတ်ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်းသိရသည်။

**(ဖိုးသော်ဇင်)**

## ချန်ပီယံရှစ်က ဘယ်အသင်း ပရီမီယာလိဂ်ကို တန်းတက်လာဦး မလဲ

**နိုင်လင်းကြည်**



မစ်ဒယ်ဘရော့ အသင်းနှင့် ဘရန်းဖို့ဒ်အသင်းတို့ ပရီမီယာလိဂ်ကို တန်းတက်ရေး Play-Offs ပထမအကျော့ပွဲစဉ်။

ပုံမှန်ကစားနေကျ ချန်ပီယံရှစ်ဘောလုံးရာသီကတော့ ပြီးဆုံးခဲ့ပါပြီ။ ချန်ပီယံရှစ်ပြိုင်ပွဲပြီးဆုံးခဲ့ပြီဆိုပေမယ့် လာမယ့် ၂၀၁၅-၂၀၁၆ ဘောလုံးရာသီ ပရီမီယာလိဂ်ဆီကို အလိုအလျောက်တန်းတက်လာမယ့်အသင်းနှစ်သင်းကတော့ ထွက်ပေါ်လာခဲ့ပြီဖြစ်ပါတယ်။

အဲဒီနှစ်သင်းထွက်ပေါ်ပြီးချိန်မှာ နောက်ထပ်တစ်သင်း ပရီမီယာလိဂ်ကို တန်းတက်ခွင့်ရရှိဦးမှာဖြစ်လို့ ချန်ပီယံရှစ်အမှတ်ပေးဇယားရဲ့ အဆင့်(၃)နေရာကနေ အဆင့်(၆)နေရာအတွင်း ရပ်တည်နေတဲ့အသင်းလေးသင်းထဲက လာမယ့်ပရီမီယာလိဂ်ပြိုင်ပွဲမှာ တန်းတက်အသင်းအဖြစ်နဲ့ ဘယ်အသင်းကို မြင်တွေ့ခွင့်ရမလဲဆိုတာကလည်း ပရီမီယာလိဂ်ပရိသတ်တွေအတွက် စိတ်ဝင်စားဖို့ကောင်းနေခဲ့ပါပြီ။

ချန်ပီယံရှစ်အမှတ်ပေးဇယားရဲ့ အဆင့်(၃)နေရာမှာ နော့ဝှစ်ချ်အသင်း၊ အဆင့်(၄)နေရာမှာ မစ်ဒယ်ဘရော့အသင်း၊ အဆင့်(၅)နေရာမှ ဘရန်းဖို့ဒ်အသင်းနဲ့ အဆင့်(၆)နေရာမှာ အစ်ဆွစ်အသင်းတို့က အသီးသီးရပ်နေတာဖြစ်ပြီး ဒီအသင်းလေးသင်းဟာ ပရီမီယာလိဂ်တန်းတက်ခွင့်တစ်နေရာအတွက် Play-Offs ကစားရမှာဖြစ်ပါတယ်။

၂၀၁၄-၂၀၁၅ ချန်ပီယံရှစ်ပြိုင်ပွဲ ပြီးဆုံးခဲ့ပြီးတဲ့နောက်မှာ ဘုန်းမောက်အသင်းဟာ ရမှတ် ၉၀ နဲ့ အမှတ်ပေးဇယားထိပ်ကနေဦးဆောင်ပြီး ပရီမီယာလိဂ်ကို အလို အလျောက်တန်းတက်လာခဲ့သလို ဝက်ဖို့ဒ်အသင်းဟာလည်း အမှတ်ပေးဇယားမှာ ရမှတ် ၈၉ မှတ်နဲ့ ဒုတိယနေရာက ရပ်တည်ပြီး ပရီမီယာလိဂ်ကို အလိုအလျောက်တန်းတက်လာခဲ့ပါတယ်။

အစ်ဆွစ်အသင်းကတော့ အောက်တိုဘာလတုန်းက အမှတ်ပေးဇယားရဲ့ထိပ်ဆုံးကနေ အလိုအလျောက်တန်းတက်ဖို့ နီးစပ်မှုရှိခဲ့ပေမယ့် ဧပြီလမှာတော့ ရှုံးကန်ရမှုများရှိခဲ့ကာ ရမှတ် ၇၈ မှတ်ဖြင့်သာ ရာသီကုန်ခဲ့တာကြောင့် အလိုအလျောက်တန်းတက်ခွင့်နဲ့ လွဲခဲ့ရပါတယ်။

ဘရန်းဖို့ဒ်အသင်းဟာလည်း ချန်ပီယံရှစ်ပြိုင်ပွဲရဲ့ နောက်ဆုံးပွဲစဉ်မှာ ဝီဂန်အသင်းကို သုံးဂိုး-ဂိုးမရှိနဲ့ နိုင်ခဲ့တာကြောင့် အဆင့်(၅)နေရာမှာ ရပ်တည်နိုင်ခဲ့ပြီးလာမယ့် ဘောလုံးရာသီမှာ ပရီမီယာလိဂ်တန်းတက်ဖို့လမ်းကြောင်းပေါ်ကို ရောက်ရှိလာခဲ့ပါတယ်။ နော့ဝှစ်ချ်အသင်းနဲ့ မစ်ဒယ်ဘရော့အသင်းတို့ဟာလည်း အဆင့်(၃)နဲ့ အဆင့်(၄)အသီးသီးရပ်တည်ခဲ့ကြပေမယ့် ချန်ပီယံရှစ်ပြိုင်ပွဲရဲ့ စည်းမျဉ်းတွေကြောင့် Play-Offs ကစားပြီး နိုင်မှသာ ပရီမီယာလိဂ်ကို တန်းတက်ခွင့်ရရှိမှာဖြစ်ပါတယ်။

Play-Offs ကစားတဲ့နေရာမှာလည်း ရှုံးထွက်ပြိုင်ပွဲတွေလိုပဲ ချန်ပီယံရှစ်ရဲ့ အဆင့်(၃)ကနေ အဆင့်(၆) အထိ ပါဝင်နေတဲ့ အသင်းလေးသင်းကစားဖို့ ရှိနေတာမို့ ဆီမီးဖိုင်နယ်အဆင့် အိမ်ကွင်း၊ အဝေးကွင်းဆိုပြီး နှစ်ကျော့ယှဉ်ပြိုင်ကစားရတာဖြစ်ပြီး အဲဒီလေးသင်းထဲက တစ်သင်းသာ ပရီမီယာလိဂ်ကို တန်းတက်ခွင့်ရရှိမှာ ဖြစ်ပါတယ်။

ဘရန်းဖို့ဒ်အခြေစိုက် ဘရန်းဖို့ဒ်အသင်းကတော့ ၁၈၈၉ ခုနှစ် အောက်တိုဘာ ၁၀ ရက်မှာ တည်ထောင်ခဲ့တာဖြစ်ပြီး အခုနှစ်ချန်ပီယံရှစ်ပြိုင်ပွဲမှာ အဆင့်(၅) နေရာရပ်တည်နိုင်ခဲ့တာကြောင့် ပရီမီယာလိဂ်ကို တန်းတက်ဖို့ Play-Offs ကစားခဲ့ရာ အိမ်ကွင်းမှာ ကစားခဲ့ရတဲ့ပွဲမှာ မစ်ဒယ်ဘရော့ကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးခဲ့တာကြောင့် မစ်ဒယ်ဘရော့အိမ်ကွင်းမှာ အနိုင်ကစားပြီး ပရီမီယာလိဂ်ကို တန်းတက်ဖို့ အခွင့်အလမ်းတစ်ရပ်ပိုင်ဆိုင်ခွင့်ရရှိလာမလား။ ဒါမှမဟုတ် မစ်ဒယ်ဘရော့ကပဲ ထပ်မံအနိုင်ရပြီး ဘရန်းဖို့ဒ်အသင်း ပရီမီယာလိဂ်တန်းတက်ခွင့်အိပ်မက် ပျက်ပြယ်သွားမလားဆိုတာကလည်း အဝေးကွင်းအကျော့မှာ အဆုံးအဖြတ်ပေးသွားမှာဖြစ်လို့ စိတ်ဝင်စားဖို့ ကောင်းနေခဲ့ပါတယ်။

**ဆက်လက်ဖော်ပြပါမည်။**

■

## လက်ပစ်ဗုံးနှစ်လုံးနှင့် စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိ

**ခေါဇာ မေ ၁၁**

ခေါဇာတပ် (၃၁) ခေါဇာမြို့မှ ဒုအရာခံဗိုလ်စိုးဝင်းပါ အင်အား တပ်စိတ် တစ်စိတ်သည် မေ၁၀ ရက် ည ၁၀နာရီ ၁၅မိနစ်က လှည့်ကင်းဆောင်ရွက်နေစဉ် ရေး-ခေါဇာသွားကားလမ်းနေရာ၌ ရေးမြို့ဘက်မှ ခေါဇာမြို့ဘက်သို့ မောင်ဗညားကောင်းချမ်း (ခ) ငြိမ်းချမ်း(၂၉)နှစ် ဇာဂလယ်ကျေးရွာတောင်ဘုံ ကျေးရွာအုပ်စု ရေးမြို့နယ်နေသူမောင်းနှင်ပြီး နောက်မှ မောင်ပု(၄၀)နှစ် တောင်ဘုံကျေးရွာအုပ်စု ရေးမြို့နယ်နေသူတို့ လိုပ်ပါစီးနင်းလာသည့် ယာဉ်အမှတ် ၃၇ယ/×××× ဝေ့ဖ် 125 အနီရောင် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးစဉ် ဆိုင်ကယ်တူးဘောက်အတွင်းမှ လက်ပစ်ဗုံး နှစ်လုံး၊ လက်ကိုင်စကားပြောစက် တစ်လုံး၊ ဒိုင်ယာစီပင်ဆေးပြား ၂၉ လုံးတို့အား မေ ၁၁ ရက် နံနက် ၈ နာရီ မိနစ်၂၀ က ရေးရဲစခန်းသို့ လွှဲပြောင်းပေးအပ်ကာ ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်း(ရေး)**

**မူးယစ်ကိုပစ်**
**ပန်းတိုင်သစ်**
**စိတ်သစ်လူသစ်**
**ဘဝသစ်**

## (၅၀၀၀)ကျပ်တန် ငွေစက္ကူအတု ကိုင်တွယ်သုံးစွဲနေသူနှစ်ဦးအား ကော့ကရိတ်မြို့နယ်ရဲတပ်ဖွဲ့က ဖော်ထုတ်ဖမ်းဆီး

**ကော့ကရိတ် မေ ၁၁**

ကရင်ပြည်နယ် ကော့ကရိတ်မြို့ ဗိုလ်ချုပ်လမ်းရှိ မြို့မစည်ပင်ဈေးရှေ့တွင် မသင်္ကာဖွယ်ငွေစက္ကူများ ကိုင်တွယ်အသုံးပြုနေကြောင်း တာဝန်သိပြည်သူတစ်ဦးသတင်းပို့ချက်အရ မေ ၉ ရက် နံနက်ပိုင်းတွင် ကော့ကရိတ်မြို့မ ရဲစခန်းမှူးဒုရဲမှူးမြင့်အောင်၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ခင်အောင်ဆန်း၊ ခရိုင်မှုခင်းနှိမ်နင်းရေးအဖွဲ့ခေါင်းဆောင်ရဲအုပ်အောင်အောင်ဦး၊ နယ်ထိန်းတပ်ကြပ် မျိုးမင်းထွန်းတို့သည် သွားရောက်ရှာဖွေစစ်ဆေးခဲ့ရာ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် အိမ်အမှတ် မ/၇၈ ရွှေဂဲပွါးရပ်ကွက်၊ ၃၆ လမ်း၊ ၅၇× ၅၈ လမ်းကြားနေ လှမင်းထွန်း (၃၅)နှစ်နှင့် ခင်ဖြိုးအောင် (၂၅)နှစ် မ/၁၆၂၄၊ ၇၁×၇၂လမ်းကြားနှင့် ၃၄×၃၅လမ်းကြားအထွက် (၇၀၁)ရန်မျိုးကံရပ်ကွက် ချမ်းအေးသာဇံမြို့နယ် မန္တလေးတိုင်းဒေသကြီးနေသူတို့ကို တွေ့ရှိရ၍ ရှာဖွေစစ်ဆေးရာ လှမင်းထွန်းလွယ်ထားသော ဘေးလွယ်အိတ်အတွင်းမှ ကျပ် ၅၀၀၀ တန်ငွေစက္ကူအတု နံပါတ်စုံ ၁၂ ရွက်ကိုသိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ခရိုင်မှုခင်းနှိမ်နင်းရေး အဖွဲ့ခေါင်းဆောင် ရဲအုပ်အောင်အောင်ဦးက တရားလိုပြုလုပ်၍ ကော့ကရိတ်မြို့မရဲစခန်းက အမှုဖွင့်ထားပြီး အမှုမှကွင်းဆက်တရားခံများ ဖမ်းဆီးရမိရေး ဆက်လက်စုံစမ်းဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**

## ပိုင်ရှင်မဲ့ ငွေစက္ကူအတုများ သိမ်းဆည်းရမိ

**ကောလင်း မေ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ဥတုံးပင်ကျေးရွာ မြောက်ဘက် လေးမိုင်ခန့်အကွာတွင် မေ ၁၀ ရက်က ဆိုင်ကယ်တစ်စီးနှင့် အတူ ငွေစက္ကူအစစ်နှင့်ရောရာ ငွေစက္ကူအတုများ သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၀ ရက် ညနေ ၅ နာရီအချိန်ခန့်တွင် ဦးကျော်ဝေ (၄၃) နှစ် ဈေးရောင်း အင်ခုံလမ်းခွဲ ကောလင်းမြို့နယ် နေထိုင်သူသည် ကောလင်းမြို့နယ် ဥတုံးပင်ကျေးရွာ မြောက်ဘက် လေးမိုင်ခန့်အကွာ ရွှေဘို-မြစ်ကြီးနားကားလမ်း မိုင်တိုင် (၈၀) နှင့် (၈၁) ကြားရှိရေမြောင်းထဲတွင် ဆိုင်ကယ်တစ်စီးနှင့် ခရီးဆောင်အိတ်နှစ်လုံး တွေ့ရှိရကြောင်း ခန်သာရဲစခန်းသို့ သတင်းပေးပို့ချက်အရ ခန်သာရဲကင်းစခန်းမှူး ရဲအုပ်သန်းဇော်နှင့်အဖွဲ့က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ ၄၁ယ/×××× အနက်ရောင် YINANBO-125 အမျိုးအစား ဆိုင်ကယ်နှင့်အတူ ကယ်ရီယာခုံတွင် ညှပ်ထားသော အနက်ရောင်ဘေးလွယ် အိတ်နှစ်လုံးကို တွေ့ရှိရသည်။

ထို့နောက် ရဲအုပ်သန်းဇော်နှင့်အဖွဲ့သည် ဆက်လက်ရှာဖွေစစ်ဆေးရာ ၎င်းဆိုင်ကယ်တူးဘောက်အတွင်းမှ အနက်ရောင်ပလတ်စတစ်အိတ်ဖြင့်ထည့်လျက် အကွာရာဂဏန်းတစ်မျိုးတည်းပါ ၅၀၀၀ ကျပ်တန် ငွေစက္ကူ ၂၂၂ ရွက်၊ မြန်မာငွေစက္ကူ ၁၀၀၀ ကျပ်တန်အရွက် ၆၀ နှင့် အခြားသက်သေခံပစ္စည်းများကို တွေ့ရှိရကြောင်း၊ ဆိုင်ကယ်ကယ်ရီယာခုံတွင်ညှပ်ထားသော အိတ်နှစ်လုံးအား ဆက်လက်ရှာဖွေစစ်ဆေးရာ ၎င်းအိတ်များအတွင်းမှ CNCတံဆိပ်ပါ လက်တိုအင်္ကျီ တစ်ထည်၊ LEVI STRAUSS တံဆိပ်ပါ ဂျင်းဘောင်းဘီအပြာနုရောင် သုံးထည်၊ GIFFINI တံဆိပ်ပါ အနီဖြူကျား စပို့ရှပ်အင်္ကျီ တစ်ထည်၊ TRISTAR တံဆိပ်ပါ ရှပ်အင်္ကျီလက်တို တစ်ထည်တို့အား တွေ့ရှိခဲ့ကြောင်း၊ ငွေစက္ကူများအား အတု၊ အစစ်ခွဲခြားသိရှိနိုင်ရန် ကောလင်းမြို့၊ မြန်မာ့စီးပွားရေးဘဏ်မှ ငွေကိုင်(၂) ဦးဌေးလွင်ထံသို့ သွားရောက်ပြသခဲ့ရာ အကွာရာဂဏန်း တစ်မျိုးတည်းပါ ၅၀၀၀ ကျပ်တန် ၂၂၂ ရွက်မှာ ငွေတုများဖြစ်နေကြောင်း စစ်ဆေးသိရှိခဲ့သဖြင့် ပိုင်ရှင်အား အမြန်ဖော်ထုတ်နိုင်ရန် စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုကိုညိမ်း (ကောလင်း)**

## မိုးလေဝသအခြေအနေ

**မေ ၁၂ ရက် နေ့အပူချိန်များ**

| တိုင်းဒေသကြီးနှင့် ပြည်နယ် | အမြင့်ဆုံး | အနိမ့်ဆုံး |
|---|---|---|
| နေပြည်တော်နှင့် အနီးတစ်ဝိုက် | ၄၀°C | ၂၇°C |
| ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက် | ၃၉°C | ၂၅°C |
| မန္တလေးမြို့နှင့် အနီးတစ်ဝိုက် | ၄၀°C | ၂၅°C |
| ပဲခူးတိုင်းဒေသကြီး | ၃၉°C | ၂၅°C |
| ချင်းပြည်နယ် | ၃၁°C | ၂၁°C |
| မကွေးတိုင်းဒေသကြီး | ၄၂°C | ၂၅°C |

**မေ ၁၂ ရက် ရန်ကုန်ဆိပ်ကမ်း ရေတက်ရေကျ အခြေအနေ**

| | | | |
|---|---|---|---|
| ရေကျ | နံနက် | ၃း၄၉ နာရီ | ၆. ၄၆ ပေ |
| ရေတက် | နံနက် | ၁၀း၀၄ နာရီ | ၁၆. ၄၁ ပေ |
| ရေကျ | ညနေ | ၄း၃၀ နာရီ | ၇. ၈၄ ပေ |
| ရေတက် | ည | ၁၀း၂၇ နာရီ | ၁၆. ၄၄ ပေ |

**မေ ၁၂ ရက် ရန်ကုန်မြို့ နေဝင်နေထွက်ချိန်**

| | | |
|---|---|---|
| နေထွက် | နံနက် | ၅း၃၅ နာရီ |
| နေဝင် | ညနေ | ၆း၂၆ နာရီ |

## တောမီးမှတစ်ဆင့် ယောဂီတည်းခိုဆောင် လေးလုံး မီးလောင်မှုဖြစ်ပွား

**ထီးလင်း မေ ၁၁**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် ညောင်ဇဉ်ကျေးရွာရှိ တောရဘုန်တော်ကြီးကျောင်းအနီးတွင် မေ ၆ ရက် နံနက် ၉ နာရီက တောမီးလောင်ကျွမ်းခဲ့ရာမှတစ်ဆင့် တောရဘုန်းတော်ကြီး ကျောင်းဝင်းအတွင်းရှိ ယောဂီဆောင်များမီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားခဲ့သဖြင့်ကျောင်းဝင်းအတွင်းရှိ ယောဂီများတည်းခိုဆောင် အဆောက်အဦး လေးလုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်းသိရသည်။

ထိုမီးလောင်ရာနေရာသို့ မြို့နယ် ရဲမှူးစိုးဝင်းဦးစီးသောရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဆန်းဦး ဦးစီးသည့် မီးသတ်တပ်ဖွဲ့ဝင်များ၊အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာနေပြည်သူများ စုပေါင်းအင်အား ၁၀၀ကျော်တို့က မီးသတ်ယာဉ်တစ်စီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၁၀ နာရီတွင် မီးလုံးဝငြိမ်းသတ်နိုင်ခဲ့ကြောင်းသိရသည်။

မီးလောင်မှုကြောင့် အမျိုးသမီးယောဂီတည်းခိုဆောင်အလျား ပေ ၂၀၊ အနံ ၁၅ ပေ၊ အမြင့် ၁၈ ပေရှိ သက်ငယ်မိုး၊ ထရံကာ၊ ပျဉ်ခင်းအဆောက်အအုံတစ်လုံး၊ အလျား ၂၀ ပေ၊အနံ ကိုးပေ၊ အမြင့် သုံးပေရှိ ထရံကာ၊ ဝါးကြမ်းခင်း၊ အမိုးမပါတန်းလျား တစ်ခု၊ အမျိုးသားယောဂီတည်းခိုဆောင်အလျား ပေ ၂၀၊ အနံ ၁၅ ပေ၊အမြင့် ၁၂ ပေ ဝါးကပ်မိုး၊ ထရံကာ၊ ပျဉ်ခင်းအဆောက်အအုံတစ်လုံး၊ သီလရှင်တည်းခိုဆောင် အလျား ၁၅ ပေ၊ အနံ ၁၀ ပေ၊ အမြင့် ၁၂ ပေပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုးအဆောက်အအုံတစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

**(ကျော်ဇေယျ)**

## တောင်တွင်းကြီး၌ ၁၂ ဘီးကားနှင့် မြင်းလှည်းမျက်နှာချင်းဆိုင်တိုက်၊ တစ်ဦးသေဆုံး၊ ခြောက်ဦး ဒဏ်ရာရ

**တောင်တွင်းကြီး မေ ၁၁**

တောင်တွင်းကြီးမြို့ ရွှေအိုး(၁) ရပ်ကွက် တောင်တွင်း-မြို့သစ်ကားလမ်းတွင် မေ ၇ ရက် နံနက် ၆ နာရီ ၄၅ မိနစ်က ကားနှင့်မြင်းလှည်း တိုက်မိခဲ့၍ အမျိုးသားတစ်ဦးသေဆုံးကြောင်း သတင်းအရ တောင်တွင်းကြီးမြို့မရဲစခန်းမှရဲတပ်ကြပ်ကြီးရဲဝင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့သည်။

ဖြစ်စဉ်မှာတောင်တွင်းကြီးမြို့ဘက်မှ မြို့သစ်ဘက်သို့အေးမင်း (၃၄)နှစ် တောင်တွင်းကြီးမြို့နေသူ မောင်းနှင်လာသည့်ယာဉ်အမှတ် 9G-××× မစ်ဆူဘီရှီ ဖူဆိုအမျိုးအစား ၁၂ ဘီးကုန်တင်ယာဉ်သည် မိုင်တိုင်အမှတ် ၁/၁ နှင့် ၁/၂ အကြား ညီအစ်မကောင်းမှုဘုရားရှေ့အရောက် ၎င်းလမ်းအတိုင်း မြို့သစ်ဘက်မှတောင်တွင်းကြီးဘက်သို့ စံရွှေမြင့် (၄၂)နှစ် ပေါက်ကုန်းရွာ တောင်တွင်းကြီးမြို့နေသူမောင်းနှင်ပြီးနောက်မှ ခရီးသည်ခြောက်ဦးတင်ဆောင်မောင်းနှင်လာသော မြင်းလှည်းအမှတ် (၈၀)နှင့်မျက်နှာချင်းဆိုင် တိုက်မိခဲ့ပြီး မြင်းလှည်းမောင်း စံရွှေမြင့်မှာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ပြီး ထိုမြင်းလှည်းပေါ် လိုက်ပါလာသော ခင်တဲကျေးရွာနေသူများဖြစ်ကြသည့် မဝါနု (၂၄)နှစ်၊ မခင်ပြုံးကြည် (၄၇)နှစ်၊ ဒေါ်အေးရီ (၆၇)နှစ်၊ မလှဲ့လှဲ့ခိုင် (၁၆)နှစ်၊ မသီတာကြည် (၄၂)နှစ်တို့တွင် ဒဏ်ရာများ (မစိုးရိမ်ရ) အသီးသီးရရှိခဲ့ကြောင်း၊ ယာဉ်မောင်းအေးမင်းမှာ ထွက်ပြေးသွားခဲ့ကြောင်း၊ သိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ ယာဉ်မဆင်မခြင်မောင်းနှင်တိုက်မိပြီး ထွက်ပြေးသွားသူအေးမင်းအား တောင်တွင်းကြီးမြို့နယ်မြို့မရဲစခန်းက အမှုဖွင့်ထားသည်။

**(၀၁၀၉)**

## ရပ်ထားသောယာဉ်အား ဆိုင်ကယ်ဝင်တိုက်၍ ဆိုင်ကယ်မောင်းသူသေဆုံး

**ရေတာရှည် မေ ၁၁**

ကားလမ်းနံဘေးကပ်လျက် စပါးအိတ်တင်နေသည့် ထော်လာဂျီယာဉ်အား ဆိုင်ကယ်စီးနင်းသူက အရှိန်လွန်ဝင်ရောက်တိုက်မိခဲ့ပြီး သေဆုံးသွားခဲ့သော အမှုတစ်ခု ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့မြောက်ဘက်အထွက် ညောင်ပင်သာကျေးရွာအနီး၌ မေ ၁၀ ရက် ည ၇ နာရီတွင် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရေတာရှည်မြို့မရဲစခန်းတွင် ဒုရဲအုပ်သိန်းမြင့် တာဝန်မှူးအဖြစ်ရှိနေစဉ် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ ရန်ကုန်-မန္တလေးကားလမ်းမိုင်တိုင် အမှတ် ၁၉၂/၄ နှင့် ၅ အကြား၌ ကျော်သက်ပိုင်(၂၅)နှစ် ဘိုးတော်ကုန်းကျေးရွာ ရေတာရှည်မြို့နေသူ မောင်းနှင်သည့် နံပါတ်မပါ ထော်လာဂျီယာဉ်သည် မြောက်ဘက်ကိုဦးခေါင်းလှည့်လျက် လမ်းပခုံးနှင့် မြေသားလမ်းပေါ်တွင်ရပ်တန့်၍ စပါးအိတ်များတင်နေချိန် တောင်မှမြောက်သို့ ကောင်းကောင်း(၂၀)နှစ်၊ ရွှေကဇောင်းကျေးရွာ ဆွာမြို့နေသူ မောင်းနှင်သည့် ၄၂ယ/×××× HONDA 110 အနက်ရောင်ယာဉ်မှ အချိန်လွန်ကာဝင်တိုက်မိခဲ့သည်။ ယာဉ်တိုက်မှုကြောင့် ကောင်းကောင်းတွင် ယာနားထင်၊ မေးစေ့၊ ရင်ဘတ်၊ ယာလက်ခုံတို့၌ ဒဏ်ရာများရရှိသွားခဲ့ပြီး နေပြည်တော်ခုတင် (၁၀၀၀) ဆေးရုံကြီးအရောက်၌သေဆုံးသွားခဲ့၍ ရေတာရှည်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**ဒဂုံမြို့သစ်(တောင်ပိုင်း)**

မူးယစ်တပ်ဖွဲ့စု(၄၁)ရန်ကုန်(အရှေ့)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၈ ရက်က အမှတ် ၇၁၇(က) မေမြို့ပန်းလမ်း (၇၂) ရပ်ကွက် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေ မဝင်းဝင်းအေး၏ နေအိမ်ကို ရှာဖွေရာ နေအိမ်မီးဖိုခန်းအတွင်းရှိ ထမင်းစားစားပွဲအောက် ပစ္စည်းများထည့်သည့် အခန်းအတွင်းမှ ပလတ်စတစ်ကပ်ခွာအိတ်များဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀၊ မီးဖိုခန်းအတွင်းရှိ ပစ္စည်းများတင်သည့် စင်ပေါ်မှ ပလတ်စတစ်ကော်ဘူးအတွင်း ပလတ်စတစ်ကပ်ခွာအိတ်ဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၉၆၀ စုစုပေါင်းစိတ်ကြွရူးသွပ်ဆေးပြား ၂၅၆၀ သိမ်းဆည်းရမိသဖြင့် မဝင်းဝင်းအေး (ခ) ခင်နှောင်း (၄၅) နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**တန့်ယန်း**

မူးယစ်တပ်ဖွဲ့စု (၂၃) တန့်ယန်းမှ တပ်ဖွဲ့ဝင်များသည် မေ ၇ ရက်က တန့်ယန်း-မိုင်းကောင်သွားလမ်း တန့်ယန်းမြို့အထွက် ဂိတ်ဟောင်းအနီးတွင် မိုင်းကောင်ကျေးရွာမှ တန့်ယန်းမြို့ဘက်သို့ လုံးမောင် မောင်းနှင်လာသော မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ တူးဘောက်အတွင်းမှ ပလတ်စတစ်အကြည်ဖြင့် ထည့်လျက် ဘိန်းဆီခဲ ၁ ဒသမ ၃ ကီလို သိမ်းဆည်းရမိသဖြင့် လုံးမောင် (၅၂) နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။



မဝင်းဝင်းအေး(ခ)ခင်နှောင်းအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**ကြေးမုံ**

## အင်ဒိုနီးရှားနိုင်ငံသို့ လူကုန်ကူးခံရသူ မြန်မာနိုင်ငံသား ၅၃၅ ဦးအနက် ရေးမြို့နယ်မှလေးဦးပါဝင်

**ရေး မေ ၁၁**

အင်ဒိုနီးရှားနိုင်ငံကျွန်းများပေါ်တွင်ရောက်ရှိနေသော မြန်မာရေလုပ်သား ၅၃၅ ဦးအား မေ ၁၃ ရက် မှ ၂၂ ရက်အတွင်းအဖွဲ့များခွဲ၍ အင်ဒိုနီးရှားနိုင်ငံ အမ်ဘွန်းကျွန်းမှတစ်ဆင့် မြန်မာနိုင်ငံသို့ နိုင်ငံပိုင်လေကြောင်းလိုင်းဖြင့် ပြန်လည်ခေါ်ယူနိုင်ရေးစီစဉ်ဆောင်ရွက်လျက်ရှိရာတွင် မွန်ပြည်နယ်မှ၂၈ဦး အနက် ရေးမြို့နယ်မှ အမျိုးသားလေးဦးပါဝင်နေကြောင်းသိရသည်။

ယင်းသို့ လူကုန်ကူးခံရသူလေးဦး နေရပ်သို့ ပြန်လည်ရောက်ရှိရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက စီစဉ်ဆောင်ရွက်နေကြကြောင်းသိရသည်။

**ထွန်းထွန်း(ရေး)**

# ဘော်ဒါဆောင်ကျူရှင်များနှင့် ကိုယ်ပိုင်ကျောင်းများ စည်းကမ်းတကျဖွင့်ရန်မျှော်လင့်

**မကွေး မေ ၁၁**

မကွေးမြို့ပေါ်တွင် ဘော်ဒါဆောင်ကျူရှင်ကျောင်းများ တစ်နှစ်ထက်တစ်နှစ် အပြိုင်အဆိုင်ဖွင့်လှစ်လာကြသောကြောင့် ဘော်ဒါဆောင်ကျူရှင်ကျောင်းများ အလွန်များပြားလာခဲ့ပြီး စည်းကမ်းမဲ့ဖွင့်လှစ်ထားရှိသော ဘော်ဒါဆောင်တစ်ချို့ကြောင့် မြို့ပေါ်ရပ်ကွက်နေပြည်သူတချို့ စိတ်အနှောင့်အယှက်များဖြစ်နေကြကြောင်း ယင်းဒေသခံများ၏ ပြောပြချက်အရ သိရသည်။

မကွေးမြို့ပေါ်တွင် လာမည့်ပညာသင်နှစ်၌ ကိုယ်ပိုင်ကျောင်းများ အပြိုင်အဆိုင်ဖွင့်လှစ်မည်ဖြစ်သောကြောင့် ကိုယ်ပိုင်ကျောင်းများ တိုးလာမည်ဖြစ်သော်လည်း ယင်းကျောင်းများတိုးပွားလာခြင်းနှင့်အပြိုင် စည်းကမ်းမဲ့စွာ ဖွင့်လှစ်လာကြမည်ကို မလိုလားကြောင်း ယင်းဒေသခံများက ဆက်လက်ပြောသည်။

ပြီးခဲ့သည့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် မကွေးမြို့ပေါ်ရှိ ဘော်ဒါဆောင်ကျူရှင်ကျောင်းများမှာ မိမိတို့ပညာရေးဌာနမှတရားဝင်ချထားပေးသော ဘာသာရပ်သင်ကိုယ်ပိုင်သင်တန်းကျောင်းမှတ်ပုံတင်လျှောက်ထားခြင်းမရှိသလို ထိုဘော်ဒါဆောင်ကျူရှင်များမှာဘာသာရပ်သင်ကိုယ်ပိုင်သင်တန်းကျောင်းမှတ်ပုံတင်မရှိဘဲ မိမိသဘောဖြင့်သာ တရားမဝင် ဘော်ဒါဆောင်ကျူရှင်ကျောင်းဖွင့်လှစ်သင်ကြားနေခြင်းများသာဖြစ်ပြီး လာမည့် ၂၀၁၅-၂၀၁၆ ပညာရေးနှစ်တွင် ထိုဘော်ဒါဆောင်ကျူရှင်ကျောင်းများအား မိမိတို့ပညာရေးဌာနအနေဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်ညှိနှိုင်းကာ စည်းကမ်းများသတ်မှတ်ဆောင်ရွက်သွားရန် အစီအစဉ်ရှိကြောင်း မကွေးတိုင်းဒေသကြီးပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဦးတင်အောင်လင်းက ပြောသည်။

လက်ရှိ မကွေးမြို့တွင်ပေါ်တွင် ဘော်ဒါဆောင်ကျူရှင်ကျောင်းများနှင့် ကိုယ်ပိုင်ကျောင်း လျှောက်ထားဆဲကျောင်းများမှာ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာနမှ တရားဝင်ချထားပေးသော ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်နှင့် ကိုယ်ပိုင်ကျောင်းဆရာဖြစ်လက်မှတ် မရရှိသေးဘဲ ကျောင်းသားများလက်ခံကာ စာသင်ကြားနေခြင်းများပြုလုပ်ဆောင်ရွက်နေခြင်းများရှိနေကြောင်း သိရသည်။

၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် မကွေးမြို့ပေါ်မှကိုယ်ပိုင်ကျောင်းလျှောက်ထားဆဲ ကျောင်းတချို့တွင် ပညာရေးဝန်ကြီးဌာနမှပြဋ္ဌာန်းထားသည့် ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်နည်းဥပဒေစံနှုန်းနှင့် ကိုက်ညီမှုမရှိသော ကျောင်းများပါဝင်နေကြောင်း၊ ထိုကိုယ်ပိုင် ကျောင်းစံနှုန်းနှင့် ကိုက်ညီမှုမရှိသောကျောင်းများအား ပညာရေးဝန်ကြီးဌာနမှ ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ချထားပေးခြင်းပြုမည်ကိုဒေသခံများမှ စိုးရိမ်လျက်ရှိနေကြောင်း သိရသည်။

**ကျော်ဇေယျ**

## အင်ပူမြို့တောင်သူလယ်သမားများနှင့် တွေ့ဆုံပွဲကျင်းပ

**အင်ပူ မေ ၁၁**

အင်ပူမြို့အားကစားခန်းမတွင် မေ ၉ ရက် မွန်းလွဲ ၁ နာရီက ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် အင်ပူမြို့နယ်အတွင်းရှိ တောင်သူလယ်သမားများ တွေ့ဆုံပွဲကို ကျင်းပခဲ့ကြောင်းသိရသည်။

တွေ့ဆုံပွဲတွင် တက်ရောက်လာသော တောင်သူများက လိုအပ်ချက်များနှင့် အခက်အခဲများ တင်ပြဆွေးနွေးရာ သက်ဆိုင်ရာကဏ္ဍအသီးသီးရှိ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ပြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးစန်းမောင်က လိုအပ်ချက်များအား ထပ်ဆင့်ဖြေကြား ရှင်းလင်းပေးခဲ့သည်။

အဆိုပါအခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် ဝန်ကြီးများ၊ တိုင်း၊ ခရိုင်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ်နှင့် ရပ်ကျေးအထောက်အကူပြု ကော်မတီဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အင်ပူမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၈၁ ခုမှ တောင်သူများ စုစုပေါင်းအင်အား ၃၁၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**

## ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ လမ်းအန္တရာယ်ကင်းရှင်းရေး ပညာပေးပြခန်းပြသခြင်းနှင့် ဟောပြောပွဲကျင်းပ

**ဘောလခဲ မေ ၁၁**

ကယားပြည်နယ် ဘောလခဲခရိုင် ဘောလခဲမြို့နယ် စောလဖော်ခန်းမတွင် ကုလသမဂ္ဂကမ္ဘာလုံးဆိုင်ရာ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု ပညာပေးပြခန်းပြသခြင်းနှင့် ဟောပြောပွဲကို မေ ၇ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပညာပေးဟောပြောပွဲအခမ်းအနားသို့ ကယားပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးချစ်လှက အဖွင့်အမှာစကားပြောကြားပေးပြီး ကယားပြည်နယ် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါ်နန်းစိုးစိုးလတ်က ယဉ်အန္တရာယ်ကင်းရှင်းရေးနှင့်ပတ်သတ်၍ ဆွေးနွေးခဲ့သည်။

ဆက်လက်၍ အမှတ်(၂)ယာဉ်ထိန်းရဲမှူး သိန်းဌေးဝင်းက ယာဉ်စည်းကမ်း ၊ လမ်းစည်းကမ်းလိုက်နာဆောင်ရွက်ရမည့် အဓိကအချက်နှင့် ဥပဒေများကို အသေးစိတ်တင်ပြဆွေးနွေးပေးခဲ့သည်။

ပညာပေးဟောပြောပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ပြည်နယ်ဝန်ကြီး ဦးချစ်လှ ၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားရေးမှူး ဒေါ်စိုးစိုးလတ်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဘောလခဲမြို့နယ်အတွင်းရှိ ကျေးရွာအသီးသီးမှ ဒေသခံပြည်သူစုစုပေါင်းအင်အား ၂၁၀ ခန့် တက်ရောက်ခဲ့ကြသည်။

ယင်းပြခန်းတွင်ပြသထားသော မှုခင်းနှင့်ပတ်သက်သော ဓာတ်ပုံများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆောင်ပုဒ်များ၊ ပြိုင်ပွဲဆုရယာဉ်စည်းကမ်း ကာတွန်းဓာတ်ပုံများကို လေ့လာကြည့်ရှုခဲ့ကြသည်။

**လှရွှေ(ပြန်/ဆက်)**



**လှိုင်လင်မြို့ မြို့ကျက်သရေဆောင် မြကန်သာရေကန်နှင့် ပန်းခြံ သန့်ရှင်းသာယာလှပစေရေး စုပေါင်းလုပ်အားပေးပွဲကို မေ ၉ ရက် နံနက် ၆ နာရီက အဆိုပါရေကန်ပတ်လမ်း (လှိုင်လင်-နမ့်စန်) ကားလမ်းတစ်လျှောက်နှင့် ပန်းခြံဝင်းအတွင်း သန့်ရှင်းရေးလုပ်ငန်းများအား ဒေသခံမြို့ပေါ်ရပ်ကွက်နေပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ စုပေါင်းဆောင်ရွက်ကြကြောင်းသိရသည်။** သတင်းနှင့် ဓာတ်ပုံ - မိုးလွင်ဦး(လှိုင်လင်)




### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၁ဂျီ၊ မြေကွက်အမှတ်-ပဌမတန်းစား-၅၉၊ မြေကွက်တည်နေရာအမှတ်-၂၁၊ သစ္စာလမ်း၊ မင်္ဂလာတောင်ညွန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (ဒေါ်ဇင်)အမည်ပေါက်နှစ်(၉၀)ဂရန်မြေအား ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး တရားမကြီးမှုအမှတ် ၇၆/၂၀၁၄ (တရားနိုင် ဒေါ်ညွန့်ညွန့်ဆွေက တရားရှုံး ဒေါ်ဇင်အပေါ် မြေနှင့်အိမ်အား အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု) တရားမဇာရီမှု အမှတ် ၁၃၇/၁၄အမိန့်တို့တင်ပြ၍ တရားရှုံးဒေါ်ဇင်ကိုယ်စားဘီလစ်အရာရှိ ဒေါ်အဲမွန်သန့်[၁၂/စခန(နိုင်)၀၆၁၁၂၆] ကအရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါ ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

စာအုပ်စာပေလူ့မိတ်ဆွေ

### အမည်ပြောင်း

မရမ်းကုန်းမြို့နယ်၊ အလက(၁) အလယ်တန်းကျောင်း စတုတ္ထတန်း (A)မှ မထက်ဝင့်ဝါအောင်အား မရွှေနှင်းဝေဟု ပြောင်းလဲခေါ်ပါရန်။

### ဖခင်အမည်မှန်

သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာ၊ အထက (ကျောက်ရေတွင်း)၊ Grade-8 မှ မောင်ချမ်းမြေ့သူ၏ ဖခင်အမည်မှန်မှာ ဦးဒယ်နီ(ခ)ဦးထွန်းထွန်းနိုင်[၁၂/ဗတထ(နိုင်)၀၃၁၃၅၃]ဖြစ်ပါကြောင်း။ ဦးထွန်းထွန်းနိုင်

### သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
### စက်မှုနည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
### သတင်းအချက်အလက်နည်းပညာတက္ကသိုလ်
### သတင်းအချက်အလက်နည်းပညာပါရဂူဘွဲ့သင်တန်းသား/သူများခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ သတင်းအချက်အလက်နည်းပညာ တက္ကသိုလ်တွင် သတင်းအချက်အလက်နည်းပညာပါရဂူဘွဲ့သင်တန်း Ph.D (IT)ကိုဖွင့်လှစ်မည် ဖြစ်ပါသည်။

၂။ အထက်ပါ ပါရဂူဘွဲ့သင်တန်းသည် အချိန်ပြည့်သင်တန်းဖြစ်ပြီး စုစုပေါင်း(၃)နှစ်သင်တန်း ဖြစ်ပါသည်။

၃။ အဆိုပါ သင်တန်းသို့ အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူများလျှောက်ထားနိုင်ပါသည်-

(က) လျှောက်ထားသူနှင့်မိဘနှစ်ပါးစလုံးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ကွန်ပျူတာဘာသာရပ်(သို့မဟုတ်)အလားတူသတင်းအချက်အလက် နည်းပညာဆိုင်ရာ ဘာသာရပ်အထူးပြုဖြင့် မဟာဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။

(ဂ) ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဌာန၏ ခွင့်ပြုချက်ဖြင့်လျှောက်ထားရမည်။

(ဃ) သင်တန်းအားအချိန်ပြည့် တက်ရောက်နိုင်သူဖြစ်ရမည်။

(င) သင်တန်းတက်ရောက်မည့် ကျောင်းသား၊ ကျောင်းသူများသည် Referee (၂)ဦးထံမှ Letter of Recommendation တင်ပြနိုင်ရမည်။

(စ) သင်တန်းလျှောက်လွှာနှင့်အတူ မိမိပြုလုပ်လိုသော သုတေသနမူကြမ်း (Research Proposal) ပူးတွဲတင်ပြနိုင်သူဖြစ်ရမည်။

၄။ သင်တန်းတက်ရောက်ရန် လျှောက်ထားသူများသည် အရည်အချင်းစစ်သင်တန်းဝင်ခွင့်စာမေးပွဲ (Entrance Exam)ကို အောက်ပါအတိုင်းဖြေဆိုရမည်ဖြစ်ပြီး အင်္ဂလိပ်ဘာသာနှင့် ဘာသာရပ်ဆိုင်ရာများအား Online ဖြင့် ဖြေဆိုရမည်ဖြစ်ပါသည်-

| နေ့ရက် | ဘာသာရပ် | အချိန် | နေရာ |
|---|---|---|---|
| ၃၀-၅-၂၀၁၅ | အင်္ဂလိပ်စာ | ၉း၀၀မှ၁၁း၀၀နာရီ | သတင်းအချက်အလက် |
| စနေနေ့ | ဘာသာရပ် | ၁၃း၀၀မှ၁၅း၀၀နာရီ | နည်းပညာတက္ကသိုလ် |

၅။ ရေးဖြေစာမေးပွဲဖြေဆိုအောင်မြင်သူများသည် ၄-၆-၂၀၁၅ရက် (ကြာသပတေးနေ့)တွင် သတင်းအချက်အလက် နည်းပညာတက္ကသိုလ်၌ လူတွေ့ဖြေဆိုကြရမည်ဖြစ်ပါသည်။

၆။ ပါရဂူဘွဲ့သင်တန်းကို ၁၈-၆-၂၀၁၅ ရက်(ကြာသပတေးနေ့) တွင် စတင်ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်။

၇။ IT ပညာနယ်ပယ်တွင် လုပ်သက်အတွေ့အကြုံ(၁၅)နှစ်နှင့်အထက်ရှိပြီး IT ဘာသာရပ်တွင် မဟာဘွဲ့တစ်ခုခုရရှိပြီးသူများသည် အရည်အချင်းစစ်ဝင်ခွင့်စာမေးပွဲ (Entrance Exam) ဖြေစရာ မလိုဘဲ သီးခြားလျှောက်ထားနိုင်ပါသည်။

၈။ သင်တန်းဝင်ခွင့်လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့်သတင်းအချက်အလက် နည်းပညာ တက္ကသိုလ်တွင် ၂၂-၅-၂၀၁၅ရက် (သောကြာနေ့)နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

၉။ အခြားသိရှိလိုသည်များရှိပါက သတင်းအချက်အလက်နည်းပညာတက္ကသိုလ်၊ ၁၄-၂၀၊ သံလွင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ဖုန်း-၀၁-၅၃၇၃၉၃၊၀၁-၅၃၄၃၁၅သို့ ဆက်သွယ်မေးမြန်း နိုင်ပါသည်။



ဆောင်းပါး

# "ဓားကိုဖျက် ဝါးမျက်၊ လူကိုဖျက်အရက်"

à ပေါက်ပေါက်

အရက်ဆိုတဲ့ Ethyl Alcohol (အီသိုင်းလ်အယ်လ်ကိုဟော) ဟာ ပျမ်းမျှအားဖြင့် ဘီယာအပျော့မှာ ၃ ရာခိုင်နှုန်း၊ ဘီယာအပြင်းမှာ ၆ ရာခိုင်နှုန်း၊ ဝိုင်အပျော့မှာ ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်း၊ ရှယ်ရီနှင့် ဝိုင်မှာ ၁၆ ဒသမ ၂၀ ရာခိုင်နှုန်း၊ ဝီစကီနှင့် ဂျင်မှာ ၄၀ ရာခိုင်နှုန်း၊ ဘရန်ဒီမှာ ၄၅ ဒသမ ၀၅ ရာခိုင်နှုန်း၊ ရမ်မှာ ၅၀ ရာခိုင်နှုန်းမှ ၆၉ ဒသမ ၀၅ ရာခိုင်နှုန်း၊ ဗော့ဒ်ကာမှာ ၆၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းအထိ အသီးသီးပါဝင်နေပါတယ်။

Ethyl Alcohol ဟာ ဓာတုပစ္စည်းတစ်မျိုးဖြစ်တာကြောင့်လည်း ရေမွှေး၊ ပေါင်ဒါမှုန့်၊ မိတ်ကပ်စတဲ့ အလှကုန်ပစ္စည်းတွေမှာသာမက၊ ဆေးဝါး၊ ဆပ်ပြာ၊ ဆပ်ပြာမှုန့်စသည်ဖြင့် လူသုံးကုန်ပစ္စည်းတွေမှာပါ ထည့်သွင်းဖော်စပ်လေ့ရှိပါတယ်။

အရက်က လူကိုအားတက်စေတယ်၊ အရက်သောက်ရင် စိတ်ဓာတ်တက်ကြွတယ်ဟူ၍ အရက်နှစ်သက်သူများက အကြောင်းအမျိုးမျိုးဖြင့် သောက်သုံးနေကြသော်လည်း၊ တကယ်တမ်းမှာတော့ အရက်က လူကို နွေးကွေးလေးလံထိုင်းမှိုင်းစေရုံသာမက၊ အားအင်ယုတ်လျော့လာစေနိုင်ပါတယ်။

အရက်အလွန်အကျွံသောက်သူများမှာ ကိုယ်ခံအားစနစ်ကိုအားနည်းစေပြီး၊ ကူးစက်ပိုးဝင်နိုင်ခြေများသလိုရောဂါဖြစ်လွယ်စေပါတယ်။ ဒါ့ပြင် မျက်နှာအသားအရေပွစိစိဖြစ်ကာ နီးမြန်းနေပြီး ခန္ဓာကိုယ်က အမြဲလိုလို ပူနွေးနေပါတယ်။

အရက်က ဦးနှောက်ကိုထိစေတာကြောင့်လည်း သွေးထဲကို အယ်လ်ကိုဟောပမာဏ ၂ မီလီဂရမ် ရောက်သွားတာနဲ့ စကားနည်းသူ စကားများလာပါတယ်။ သွေးထဲကို ၂၀ မီလီဂရမ်မှ ၃၀ မီလီဂရမ် ရောက်သွားတာနဲ့ လမ်းလျှောက်ယိုင်လာပါတယ်။ သွေးထဲကို ၁၅၀ မီလီဂရမ် ရောက်သွားတဲ့အခါ မူးပြီးရစ်လာပါပြီ။ အရက်သောက်ပြီးနောက် ရစ်တတ်သူဟာ မိမိကိုယ်ကိုရော၊ သူတပါးကိုပါ အသက်အန္တရာယ်ဖြစ်စေတတ်ပါတယ်။

အကယ်၍ သွေးထဲကို ၄၀၀ မီလီဂရမ် ရောက်သွားပြီဆိုရင်တော့ သတိမေ့ပြီး သေစေနိုင်ပါတယ်။



စီးကရက်လိုဘဲ အယ်လ်ကိုဟောက လူကိုစွဲလန်းမှုဖြစ်စေပါတယ်။ အရက်ကိုလွန်ကျွံစွဲလမ်းစွာ သောက်သုံးတဲ့အခါ -

(၁) အသည်းကြီး၊ အသည်းရောင်၊ အသည်းခြောက်၊ အသားနှင့် မျက်လုံးဝါခြင်း၊ ရေဖျဉ်းစွဲခြင်း၊ အသည်းကင်ဆာ စသည့်အသည်းရောဂါများ၊

(၂) သွေးအန်ခြင်း၊

(၃) အစာချေလမ်းကြောင်းသွေးယိုစိမ့်ခြင်းနှင့် အစာအိမ်ရောဂါ၊

(၄) ခံတွင်းကင်ဆာ၊ အစာရေမြိုပြွန်ကင်ဆာ၊

(၅) ရင်သားကင်ဆာ၊

(၆) နှလုံးရောဂါ၊

(၇) သွေးတိုးရောဂါ၊

(၈) လေငန်း၊

(၉) ဝက်ရူးပြန်ကဲ့သို့ အတက်ကြီးခြင်း၊

(၁၀) အသည်းရောဂါကြောင့် ကျောက်ကပ်ပျက်စီးခြင်း၊

(၁၁) အစာစားချင်စိတ်မရှိတော့ဘဲ ကိုယ်အလေးချိန်လျော့ကျလာခြင်း

(၁၂) ပို့အန်၊ မောပမ်း၊ အားနည်း၊ ကြွက်တက်ခြင်း၊

(၁၃) အယ်လ်ကိုဟောမှာ ကယ်လိုရီပါဝင်တာကြောင့် အရက်စွဲသူတွေမှာ အဝလွန်ရောဂါ၊

(၁၄) အမျိုးသားများမှာ ပန်းသေပန်းညှိုးရောဂါ၊

(၁၅) ဦးနှောက်နှင့်အာရုံကြောများ ထိခိုက်သွားတာကြောင့် စိတ်ဓာတ်ကျ၊ စိတ်ဖောက်ပြန်သွားပြီး 'အရက်သမားအမှားတစ်ထောင်' ဆိုသကဲ့သို့ ရာဇဝတ်မှုကျူးလွန်သည်အထိ ဖြစ်လာနိုင်ပါတယ်။

အကယ်၍ ကိုယ်ဝန်ဆောင်အမျိုးသမီးများ အရက်သောက်သုံးပါက အယ်လ်ကိုဟောနှင့် သန္ဓေသားထိတွေ့မှုကြောင့် ဦးနှောက်၊ နှလုံးနှင့် အခြားအင်္ဂါအစိပ်အပိုင်းတွေမှာ မွေးရာပါချို့ယွင်းချက်ပါတာမျိုး ဖြစ်တတ်ပါတယ်။

အရက်နဲ့ ဓာတ်မတည့်သူများမှာ အယ်လ်ကိုဟောအနည်းငယ်မျှသောက်သုံးမိတာနှင့်တပြိုင်နက် မျက်စိနီ၊ သွေးခုန်နှုန်းမြန်၊ ဖြူဖပ်ဖြူရော်ဖြစ်ကာ ချွေးသီးချွေးပေါက်တွေကျလာပြီး သွေးအန်စေတတ်ပါတယ်။

အရက်အလွန်အကျွံသောက်မိ၍ သေခါနီးလက္ခဏာများမှာ -

(၁) ခန္ဓာကိုယ်အေးစက်လာခြင်း၊

(၂) နှုတ်ခမ်းဖျား၊ နားရွက်ဖျား၊ ခြေသည်း၊ လက်သည်းများ ပြာနှမ်းလာခြင်း၊

(၃) သလိပ်ထွက်ခြင်း၊

(၄) မျက်စိသူငယ်အိမ်ကျယ်လာခြင်း၊

(၅) သွေးခုန်နှုန်းလျော့ကျလာခြင်း၊

(၆) အသက်ရှူနှေးပြီး အသက်ငင်လာခြင်းတို့ဖြစ်ပါတယ်။

'ဓားကိုဖျက် ဝါးမျက်၊ လူကိုဖျက် အရက်' ဆိုသည့်စကားအတိုင်းအရက်သောက်သူများအနေဖြင့် ဘဝရဲ့ရည်မှန်းချက်ပန်းတိုင်ဆီအရောက်သွားဖို့ အရက်က တားဆီးပစ်ပါတယ်။ အရက်စွဲတဲ့သူတွေအနေနဲ့ လုပ်ငန်းခွင် (သို့မဟုတ်) အိမ်မှာ ရန်လိုတတ်ပြီး စီးပွားရေးနှင့် အသက်မွေးဝမ်းကျောင်းမှုတို့မှာ ထိခိုက်လာစေနိုင်ပါတယ်။

ဒါ့ပြင် အရက်သောက်ပြီးနောက် ခံတွင်း၊ ချွေးတို့မှာ အရက်နံ့စွဲကျန်ရစ်စေတာကြောင့်လည်း လူမှုရေးနယ်ပယ်မှာ အကျိုးယုတ်စေပါတယ်။ အရက်သောက်နည်း သုံးမျိုးရှိရာ -

(၁) တစ်ခါ တစ်လေမှ ပေါင်းသင်းဆက်ဆံရေးအတွက် မလွှဲမရှောင်သာ၍သောက်ခြင်းကို လူကအရက်ကိုသောက်တယ်လို့ ဆိုနိုင်ပါတယ်။

(၂) ညနေစောင်းရင် လေပြိုတာ၊ လေချဉ်တက်တာမျိုးကို 'အရက်က လူကိုသောက်တယ်' လို့ ခေါ်ဆိုနိုင်ပါတယ်။

(၃) မိုးလင်းကတည်းက အရက်နဲ့မျက်နှာသစ်ကာ၊ တစ်နေကုန် အချိန်ရှိသရွေ့သောက်ခြင်းကို 'အရက်က အရက်ကိုသောက်တယ်' လို့ ခေါ်ဆိုနိုင်ပါတယ်။

မည်သူမျှ မွေးကတည်းက အရက်မသောက်တတ်ကြပါဘူး။ လောကီ၊ လောကုတ္တရာ နှစ်ဖြာအတွက် အပြစ်များတဲ့အရက်ကို မသောက်တတ်သေးသူများကလည်း အစလုပ်ပြီး မသောက်ကြပါရန်နှင့် အရက်သောက်တတ်သူများအနေဖြင့်လည်း အရက်ကို ကြိုးစားဖြတ်ကြဖို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။




**အခန်းဆက်ဝတ္ထုရှည်**



# သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်

**တက္ကသိုလ်ဘုန်းနိုင်**

*ကြေးမုံသတင်းစာတွင် ဝတ္ထုကဏ္ဍယခင်ကထည့်သွင်းဖော်ပြပေးခဲ့ဖူးပါသည်။ ထိုဝတ္ထုကဏ္ဍကို စာဖတ်ပရိသတ်များ ပြန်လည်ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် နေ့စဉ် ပြန်လည်ဖော်ပြပေးလိုက်ပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်" ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဦးစွာတင်ဆက်ပေးလိုက်ပါသည်။*

*ထိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသခံစားမှုက ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည်ကို ဖတ်ရှုလေ့လာ သိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ်ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။ (စာတည်း)*

**ယမန့်နေ့မှအဆက်**

ဒါပေမယ့် မောင် . . . ကိုကို တစ်ခုပဲပြောမယ်။ ကိုလှရွှေ (ကျောင်းသားခေါင်းဆောင် အာဇာနည်ကိုလှရွှေ)နဲ့ ကိုကိုတို့လည်း 'လူမိုက်အလိုရှိသည်' လို့ အော်တုန်းက အော်ခဲ့ကြတာပဲ . . .။ ဒါပေမယ့် . . . အခု . . . လူမိုက် အလို မရှိဘူး၊ သုခမိန်အလိုရှိတယ်။ တိုင်းပြုပြည်ပြု သုခမိန် အလိုရှိတယ် . . ."

ကိုကိုက အော်နေသဖြင့် ကျွန်တော်က ဘာပြန်ပြောရမှန်း မသိ။ ကိုကိုကသာ သတိပြန်ဝင်ဟန်ဖြင့်လေသံကို နှိမ့်၍ ဆက်ပြောသည်။

"ပြီးတော့ ဖေဖေဆန္ဒကိုလည်း မောင်တို့ ပြန်ငဲ့ချိန်ရောက်ပြီထင်တယ်။ ဖေဖေက ကိုကိုဖြစ်ဖြစ်၊ မောင်ဖြစ်ဖြစ် တစ်ယောက်ယောက်ကို သူ့ခြေရာနင်းပြီး ဆရာဝန်ကြီးဖြစ်စေချင်တယ်။ ကိုကို့အတွက်တော့မဖြစ်နိုင်တော့ဘူး . . .။ ဒီတော့ မောင် စဉ်းစားလေ . . ."

ကျွန်တော်တို့ ညီအစ်ကိုသည် ပေါင်းလောင်းမြစ်ရေကို ငေးစိုက်ကြည့်ရင်း တစ်ခါတုန်းကလိုပင် ငြိမ်နေကြသည်။ နောက်ဆုံးတွင် တစ်ခုတုန်းကလိုပင် ကိုကို့လက်ကို ဆွဲယမ်း၍ ကျွန်တော် နှုတ်ဆက်၏။

ရက်များမကြာမီ ကိုကိုနှင့် ကျွန်တော်သည် တောင်ငူ၌ ခွဲကြသည်။ ကိုကိုက စစ်သုံးဂျစ်ကား တစ်စီးဖြင့် ရန်ကုန် ပြန်မည်ဖြစ်၏။ ကျွန်တော်က ခရီးသည်တင် ဘတ်စ်ကား အဟောင်းကြီးဖြင့် မန္တလေးသို့သွားမည်ဖြစ်သည်။

ကျွန်တော်တို့ ညီအစ်ကိုနှစ်ဦးစလုံး သိက္ခာကြီး၍ အရှက်ကြီးသည်။ ကုန်လွန်ခဲ့သော ရက်များအတွင်းအသည်းနှလုံး နှင့်ဆိုင်သော စကားများကို မပြောခဲ့ကြ။

ကျွန်တော်၏ ကားကြီး ထွက်ခါနီးမှ ကိုကိုက တည်တည်ကြီးဖြင့် ဆို၏။

"ဒါထက် . . . မောင်။ မြိုင်တို့တော့ ပွဲရုံလုပ်ငန်း ဆက်လုပ်တုန်းပဲ . . .။ ခိုင်တို့ကတော့ သန်လျင်မှာပဲ ရှိသေးတယ် "

ကျွန်တော့်ထံမှ စကားအဖြေ မစောင့်ဘဲ ကိုကိုသည် သူ့ဂျစ်ကားဆီသို့ ခြေလှမ်းကျဲကြီးများဖြင့်ထွက်ခွာသွား၏။

ကျွန်တော်က တဂျိုင်းဂျိုင်း၊ တဂျုံးဂျုံးဖြင့် ရုန်းကန်ထွက်စပြုသော ဘတ်စ်ကားထိုင်ခုံ နောက်မှီလှဲကာမျက်စိမှိတ်ရင်း နတ်ရှင်နောင်၏ စာကို စိတ်တွင်းမှ ရွတ်ဆိုမိသည်။

**"ငှက်ကျေးနှုန်းပုံ၊ ပျော်ချင်တုံလည်း၊ ပေါင်းရုံမျှရက်၊ လင့်မည်ခက်ခဲ့၊ သည့်ထက်ကြာဘိ၊ မေ့ဖွယ်ရှိ၏"**

လင့်ခဲ့သောအချိန် . . . ခြားခဲ့သောနှစ်၊ လ . . . ခက်မာရလေပြီဖြစ်သော နှလုံးသားတို့ကြောင့် ဆယ်ကျော်နှစ်မှ ခံစားရမှုများသည် ဝေဝါးပျက်ပြယ် မေ့ဖွယ်ရှိခဲ့လေပြီတကား . . .။

ဖေဖေသည် စစ်ကိုင်းဆေးရုံကြီး၌ ပြန်လည်အမှုထမ်းနေရသည်။ မေမေ့အတွက်လည်း စစ်ကာလ၏ သောကဒုက္ခတို့ကို ဖြတ်ကျော်ခိုလှုံခဲ့ရာ ဇေယျာကမ်းခြေ ရေယာဉ်ဝိုင်းသည် ဤစစ်ကိုင်းမြေကို နေသားကျရုံအပြင် သံယောဇဉ်ကြီးနေပေပြီ။

တော်လှန်ရေးကြီးအတွင်း ကွဲကွာသွားကြသော မိဘနှင့် သားသမီးတိုင်း ပြန်လည်ဆုံတွေ့ကြရသည်မဟုတ်။ မသေမပျောက် ဖေဖေနှင့် မေမေ့ထံ ပြန်ရောက်ခဲ့သော ကျွန်တော်ပင်လျှင် ကျန်းမာရေးကောင်းစွာနှင့် မဟုတ်။ မည်သို့ဖြစ်စေ ရင်သွေးတို့နှင့် သေကွဲကွဲကြရသည့် အခြားမိဘများနှင့်စာလျှင် ဖေဖေနှင့် မေမေမှာ ကံကောင်းလှသည် ဖြစ်၍ ဝမ်းသာ၍မဆုံးကြ။ စိတ်ထိခိုက်ဖွယ်ရှိသည်မှာ စစ်ကိုင်းချောင်သို့ ဦးဇင်းတစ်ယောက်မူ ပြန်မပေါ်လာတော့ခြင်းသာ ဖြစ်သည်။ ဘယ်ဆီရောက်နေမှန်း မည်သူမျှ မသိကြ။

ကျွန်တော်တို့သည် ကမ်းနားလမ်း အိမ်ကြီး၌ပင် ပြန်နေကြရသည်။

၁၉၄၅-ခု နောက်ပိုင်းတစ်ခုလုံး ကျွန်တော်သည် ဖေဖေ့ထံဆေးကုသခံ၍ အနားယူနေရသည်။

ကျွန်တော် ကောင်းစွာကျန်းမာလာသော နောက်တစ်နှစ်မှ စ၍ စာပြန်သင်သည်။ ကျောင်းတက်သည်မူ မဟုတ်။

ဖေဖေနှင့် မြို့တွင်း ဆရာမတစ်ဦးထံ အလွတ်ပညာသင်ခြင်းဖြစ်သည်။ ကျွန်တော် ရှစ်တန်းမအောင်ခင် ကလေးတွင် ခေတ်ပျက်သွားသည်ဖြစ်ရာ ယခုအခါတွင် အသက် ၁၉ နှစ်သို့ ရောက်နေပြီဖြစ်သောကြောင့်ဖြတ်လမ်းမှ ဆယ်တန်းပညာကို သင်ရသည်။

ထိုနှစ်အတွင်း ကိုကိုနှင့် မြိုင်လက်ထပ်ကြသည်။ သူတို့ လက်ထပ်ပြီးကြောင်းကို သူတို့ထံမှ စာရ၍သာ ကျွန်တော်တို့အိမ်သားများ သိကြရခြင်းဖြစ်သည်။ ကြီးကြီးကျယ်ကျယ် ဘာမျှမလုပ်။ ရုံး၌ လက်မှတ်ထိုးလိုက်ကြခြင်းသာ ဖြစ်သည်။

ခိုင့်ဆီမှလည်း စာတစ်စောင်ရသည်။

ခိုင့်လက်ရေးများမှာ ဝိုင်းစက်လှပ၍ ပုံနှိပ်စာလုံးကဲ့သို့ ပိရိသပ်ရပ်သည်။ စာလုံးပေါင်းမှန်ကန်၍စကားလုံးနှင့် ရေးဟန်သားဟန် ပြေပြစ်သိမ်မွေ့သည်။

အစတွင် မြိုင်နှင့် ကိုကို လက်ထပ်ကြသည့်အကြောင်း၊ ပွဲရုံကို ပိတ်၍ ကြိုင်သည် တက္ကသိုလ်တွင် ကျူတာဆရာမ ဝင်လုပ်နေကြောင်း၊ တစ်အိမ်သားလုံး ရန်ကုန် ရွှေ့ခဲ့ကြ၍ ပုသိမ်လမ်း အိမ်ဟောင်းနေရာတွင် တစ်ထပ်တိုက်ကလေး ဆောက်၍နေကြကြောင်း၊ ပုသိမ်လမ်းရှိ အစိုးရ မူလတန်းလွန်ကျောင်းတွင် ရှစ်တန်း၌ တက်နေကြောင်း၊ ငြိမ်းမောင်ပါ မိမိတို့နှင့် လိုက်၍ တစ်ကျောင်းတည်း အတူတက်ကြောင်းဟူသည့် ရေးထိုက်ရေးရာ အကြောင်းချက်များကို ရေးထားသည်။ နောက်ဆုံးစာပိုဒ်မှာ ငယ်စဉ်က အဖြစ်အပျက်ကလေးများကို ကိုးကား၍ ဖော်ပြထားသဖြင့် ခံစားမှုအပြည့်ရှိသည်။

" ဂျပန်ခေတ်တုန်းက မောင်ထည့်လိုက်တယ်ဆိုတဲ့ စာတွေခိုင် မရဘူး။ ကိုကိုပြောလို့မောင် ကဗျာတွေ ဘာတွေ စပ်တပ်မှန်း သိရတာ။ ဘာတွေများ ရေးထားတယ်ဆိုတာ ခိုင် သိချင်လိုက်တာလေ . . .။

ဗိုလ်သင်တန်းဆင်းပြီးစ မောင် . . . ခိုင်တို့ဆီ လာဖို့ ကြိုးစားတာ သိရတယ်။ ခိုင်တို့ဆီ မရောက်လာနိုင်ပေမယ့် လေကြောင်းရန်က မောင်လွတ်သွားတာကိုပဲ အသည်း တထိတ်ထိတ်နဲ့ စိုးရိမ်ရင်း ဝမ်းသာရသေးတယ်။ အဲဒီတုန်းကများ မတော်တဆ ထိခိုက်သွားလိုက်ရင် မိခိုင် နှောင့်သလိုပဲ ဖြစ်နေဦးမယ်။ တစ်ခါတုန်းက ခိုင့်ကြောင့်မောင် ရေနစ်မယ် ဖြစ်ခဲ့သေးတယ် မဟုတ်လား . . .။

ငယ်ကငယ်တုန်းက ခိုင်ဟာ အဓိပ္ပာယ်မရှိတာတွေ တော်တော်လုပ်ခဲ့တယ်နော်။ ဒါထက်

မောင့်ကို ခိုင်ပေးခဲ့တဲ့ သစ်ရွက်ကလေးတွေ ရှိသေး သလား။ မရှိရင်လည်း ကိစ္စမဟုတ်ပါဘူးလေ။

ခိုင့်သစ်ရွက်တွေ မောင် ဘာလုပ်ရမှာလဲ . . .။

ခိုင်ကတော့ သစ်ရွက်ဝါဝါလေးတွေကို ချစ်တုန်းပဲ။ ရန်ကုန်က မကောင်းဘူး မောင် . . .။

မြို့ဆိုတော့ တောရဲ့ အလှတွေ ပီပီသသမရှိဘူး . . .။ နွေရောက်တောင်မှ ပုအိုက်တာက လွဲပြီး မြူနဲ့ မင်းလွင် မထင်ချင်ဘူး။ ညသြသံဆိုတာ ဝေးရောပဲ။ သစ်ရွက်ဝါ လိုက်ကောက်ဖို့က အမှိုက်တွေ ရောနေတဲ့ ကတ္တရာစေးလမ်း ပူပူပေါ်မှာ ဆိုတော့ စိတ်ဝင်စားစရာ မရှိလှပါဘူး . . .။

မောင် ဘယ်အတန်းတက်နေလဲ။ ကောလိပ်လာချင်တယ်ဆိုရင်တော့ မက်ထရစ်ကူလေးရှင်းဖြေရမှာပဲ။ ရန်ကုန်မှာ မက်ထရစ်ခေတ် သိပ်ထနေတယ်။ ကျောင်းထွက်လက်မှတ်ရစာမေးပွဲကို သိပ်ဂရုမစိုက်ကြဘူး။ မောင်လိုချင်ရင် စာအုပ်တွေနဲ့ နုတ်(စ်)တွေ ခိုင်ရှာပို့လိုက်မယ် . . .။

**အစဉ်သတိရစွာဖြင့် ...**
**မောင့်သူငယ်ချင်း မိခိုင်**

ခိုင့်စာသည် ကျွန်တော့်ရင်ကို ကြည်နူးလွမ်းဆွတ်နေသည်။ ခိုင့်စာတွင် ဖော်ပြမှ ခိုင်ပေးခဲ့သော သစ်ရွက်ဝါကလေးများကို သတိရမိသည်။ အမှန်ကို ဝန်ခံရလျှင် ဤသစ်ရွက်ဝါကလေးများကို အမှတ်မပြုမိသည်မှာ ကြာပြီ။

ကံအားလျော်စွာ မေမေသည် ကျွန်တော် တပ်မတော်သို့ ထွက်သွားစဉ်က ကျွန်တော်ပစ္စည်းမှန်သမျှကိုသိမ်းထားသည်။ ခိုင်ပေးသော တမာရွက်ကလေးများကို ယွန်းသေတ္တာ တစ်ခုတွင်း၌ ရှိသေးကြောင်းရှာတွေ့သည်။

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၄ ခုနှစ် ဧပြီလက ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**

iSTAR
No. 209, Second Floor, Tower E
Diamond Condo
Pyay Road, Kamayut Township

1) English Fours Skill
Duration - 2 months
(2 hours/session) (2 times/week)
or
Duration - 2.5 months
(3 hours/session) (On Every Sunday)
Tution Fee : 60,000 kyats
(Basic - Preinter - Inter - Upinter - Adv)

နိုင်ငံတကာနှင့်
လက်တွဲ အလုပ်လုပ်ကိုင်နိုင်ရန်..
ပညာရဲရင့် ပွဲလယ်တင့်စေဖို့.
အင်္ဂလိပ်စာကို လေ့လာကြပါစို့...

2) IELTS
Duration - 3 months
(2 hours/session) (4 times/week)
Tution Fee : 100,000 kyats

3) Professional Presentation Skill
Duration - 1 month
(2 hours/ session) (2 times/week)
Tution Fee : 40,000 kyats

4) English for Job Interview
Duration - 1 month (2 hours/session)
(1 time/week)
Tuition Fee : 40,000 kyats

Early Bird Discount
5%
Call
09 2565 64687 / 09 79920 4898

5) Microsoft Powerpoint
Duration - 1 month
(2 hours/session) (2 times/week)
Tution Fee : 30,000 kyats

6) Computer Basic & Application Softwares
Duration - 1 month
(2 hours/session) (2 times/week)
Tution Fee : 30,000 kyats



**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၊ မြေကွက်အမှတ်-(၁၂၂၉/ခ)၊ မြေကွက်တည်နေရာအမှတ်-(၁၂၂၉/ခ)၊ သုဇာတာ(၁၄)လမ်း (ဦးစံသိန်း)[၁၂/ဥကမ(နိုင်)၀၉၅၁၃၇] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ခင်ပွန်း ဦးစံသိန်း ကွယ်လွန်သဖြင့် ဒေါ်အုန်းမြင့်[၁၂/ဥကမ(နိုင်)၀၉၈၇၂၆]က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ ၎င်းထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၂၅၄/၁၅)ဖြင့် ရရှိသူ ဦးမြင့်အောင်[၁၂/ဥကမ(နိုင်)၀၄၆၄၈၅]က ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာတို့ဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ရွှေခံအိမ်အဆောင့်မြင့်တည်းခိုခန်း**

ပန်းဆိုးတန်းသင်္ဘောဆိပ်မှ ၅မိနစ်သင်္ဘောစီး
ဒလဘက်ရောက်လျှင် ၅မိနစ်ဆိုက်ကားစီး
ကျယ်ဝန်းသည်၊ သန့်ရှင်းသည်၊ အခန်းတိုင်းအဲကွန်းရှိသည်။ မီးပျက်လျှင်မီးစက်မောင်းသည်။
(၁၃၉၉) ဗိုလ်ချုပ်(၁)လမ်း၊ ဇညားဒလရပ်ကွက်၊ ဒလမြို့နယ်။
၀၁ ၂၆၉၁၅၅
၀၉ ၂၅၀၆၆၇၀၂၈
၀၉ ၄၉၂၆၂၇၅၉
၀၉ ၂၅၂၀၈၂၅၃၃
၈၀၀၀ ကျပ်
၁၂၀၀၀ ကျပ်

**English Speaking**

UK ပြန် ဆရာတစ်ဦးသည် English စကားပြောကို အခြေခံမှစ၍ကောင်းစွာပြောဆိုနိုင်သည်အထိ အိမ်အရောက်လိုက်သင်ပေးပါသည်။ ဆရာဂျင်မီ
ဖုန်း-၀၉-၅၁၇၀၈၉၅၊ ၀၉-၇၉၁၃၀၁၃၁၂

**သုံးရာသီ ဗမ္ဗဒါန**

ထားဝယ်ရှင်ကိုးရှင် ထမင်းကျွေး-၇၀၀၀၀ိ
တောင်ကြီး-အင်းလေး-ပင်းတယ-၅၀၀၀ိ
မော်လမြိုင်-ကျိုက္ကမီ-စက်စဲ-နွားလဲ-၂၅၀၀ိ
ပုဂံ၊ ပုပ္ပါး၊ ပခုက္ကူ-ထမင်းကျွေး-၄၀၀၀ိ
May 15,22,29 ကြိုတင်လက်မှတ်ရပြီ။
420144148, 421153797



ပြည်တွင်းရေးရာ

## မြန်အောင်မြို့ ပညာရေးဌာနနှင့် ဒေသခံများက ထူးချွန်လူငယ်များအား ဂုဏ်ပြုကြိုဆို

**မြန်အောင် မေ ၁၁**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ပညာရေးမှူးနှင့် ပညာရေးဌာနမှ ဝန်ထမ်းများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသားမိဘများ၊ ဒေသခံပြည်သူများသည် လေ့လာရေးခရီးမှ ပြန်လည်ရောက်ရှိလာသည့် သုံးထပ်ကွမ်းလူရည်ချွန်ဖြစ်သော မောင်ပိုင်သက်ထူးအောင်၊ နှစ်ထပ်ကွမ်းလူရည်ချွန်များဖြစ်ကြသော မောင်ဟိဏ်းသုတနှင့် မဇင်မေသိမ့်တို့ကို မြန်အောင်ဘူတာနှင့် ကြိုဆိုရာလမ်းတစ်လျှောက်တွင် အားပေးဂုဏ်ပြုကြိုဆိုခြင်းကို မေ ၉ ရက် ညနေ ၃ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

လေ့လာရေးခရီးမှ ပြန်လည်ရောက်ရှိလာသော လူရည်ချွန်များကို မြန်အောင်မြို့ အခြေခံပညာအထက်တန်းကျောင်းတွင် မြို့နယ်ပညာရေးမှူးက ဂုဏ်ပြုပွဲအခမ်းအနား ကျင်းပပေးခဲ့သည်။

မြန်အောင်မြို့၏ဂုဏ်ကိုဆောင်ခဲ့သော လူရည်ချွန်မောင်မယ်လေးများသည် နိုင်ငံတော်အဆင့် အကြီးအကဲများ၏ ချီးမြှောက်ဂုဏ်ပြုခြင်းကိုခံခဲ့ကာ ငွေဆောင်ကမ်းခြေနှင့် အင်းလေးခေါင်တိုင်စခန်းတို့တွင် နှစ်ပတ်ကျော်ကြာ သွားရောက်လေ့လာခဲ့ရကြောင်း သိရသည်။

**နေဝင်းဇော်(မြန်အောင်)**

## လယ်မြေ ဧက ၄၀၀ ကျော်ကို အကျိုးပြုနိုင်မည့် ထိန်ပင်ချောင်းကူး လယ်ယာကုန်ထုတ်လှည်းကူးတံတားတည်ဆောက်



**မြန်အောင် မေ ၁၁**

မြန်အောင်မြို့နယ် ပေါက်ကုန်းစွန်းကျေးရွာအုပ်စု ဝါးတောလဲ့ကျေးရွာအနီး ထိန်ပင်ချောင်းကူး လယ်ယာကုန်ထုတ် လှည်းကူးတံတားကို ကျေးရွာပြည်သူများမှ ကွန်ကရစ်ရေလယ်တိုင်နှင့် ကွန်ကရစ်ရက်မများ တည်ဆောက်ထားရာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ တင်ဒါပိုလျှံငွေဖြင့် ဆောင်ရွက်ရန်ကျန်ရှိသော တံတားကွန်ကရစ်ကြမ်းခင်း၊ တံတားလက်ရန်း၊ တောင်ပံမြေကာနံရံနှင့် ချဉ်းကပ်မြေသားလမ်းများဆောင် ရွက်ပေးလျက်ရှိရာ မေ ၈ ရက်က တံတားဆောက်လုပ်ခြင်း ၉၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လယ်ယာကုန်ထုတ်လှည်းကူးတံတားသည် ဝါးတောလဲ့ကျေးရွာမှ ၃ ဖာလုံ အကွာတွင်ရှိပြီး ချောင်း၏တစ်ဘက်လယ်ကွင်းပြင်တွင် လယ်မြေ ဧက ၄၀၀ ကျော်အား ဝါးတောလဲ့၊ ဂုံညင်းတန်းနှင့် ပေါက်ကုန်းစွန်းကျေးရွာများမှ တောင်သူများ လယ်ယာလုပ်ငန်းဆောင်ရွက်လျက်ရှိသည်။ တံတားပြီးသွားပါက ဒေသခံတောင်သူများ၏ စိုက်ပျိုးရေး၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



၂၀၁၅ ခုနှစ် မေ ၇ ရက် ညနေ ၄ နာရီ မိနစ် ၅၀ မှ ၅ နာရီ ၁၀ မိနစ်ထိ မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် မင်းဘူး-ပွင့်ဖြူကားလမ်း မိုင်တိုင်အမှတ် (၁၉) နှင့် (၂၀) ကြားရှိ သစ်ပင်များမှ သစ်ကိုင်းများကျိုးကျပြီး ယာဉ်သွားလာမှုပြတ်တောက်ခဲ့ကြောင်း သိရသည်။ ယင်းသို့သစ်ကိုင်းများဖြင့် လမ်းများပိတ်ဆို့နေမှုကို ပွင့်ဖြူမြို့နယ်ရဲတပ်ဖွဲ့မှူးဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်တို့မှဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဝင်များ၊ သရက်၊ ကံသာကြီးကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာနေပြည်သူများပူးပေါင်း၍ ဝိုင်းဝန်းရှင်းလင်းခဲ့ရာ ညနေ ၅ နာရီခွဲတွင် ရှင်းလင်းပြီးစီးခဲ့ပြီး ယာဉ်များ ပုံမှန်ပြန်လည်သွားလာနိုင်ခဲ့ကြောင်း သိရသည်။ သတင်းနှင့် ဓာတ်ပုံ - ရဲပြန်ကြား

## ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် အခြေခံရှေးဦးပြုစု ခြင်းသင်တန်း (၂/၂၀၁၅)ဆင်းပွဲ ဟိုပန်၌ကျင်းပ

**ဟိုပန် မေ ၁၁**

ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်းအမှတ်အဖြစ် ဟိုပန်မြို့နယ် ကြက်ခြေနီအသင်းမှ ကြီးမှူးဖွင့်လှစ်သည့် အခြေခံရှေးဦးပြုစုခြင်းသင်တန်း(၂/၂၀၁၅) ဆင်းပွဲအခမ်းအနားကို မေ ၈ ရက် ညနေ ၃ နာရီက အခြေခံပညာအထက်တန်းကျောင်း စောမဟာခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခြေခံ ရှေးဦးပြုစုခြင်းသင်တန်း(၂/၂၀၁၅) သင်တန်းဆင်းပွဲတွင် မြို့နယ်ကြက်ခြေနီအသင်းဝင်များက 'ကရုဏာ' တေးသီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝင်းကျော်နိုင်က အခြေခံရှေးဦးပြုစုခြင်းနှင့် အခြေခံစစ်ပညာအကြောင်း၊ လောကကိုင်တိုက်ပွဲကာလ ကြက်ခြေနီတပ်ဖွဲ့ဝင်များမှ စစ်ဘေးဒုက္ခသည်များ၊ စစ်ရှောင်ဒုက္ခသည်များအား ကူညီဆောင်ရွက်နိုင်ခဲ့ပုံများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်ကြက်ခြေနီအသင်းမှ ဒုတိယတပ်ရင်းမှူး ဒေါ်နန်းခမ်းပန်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်၊ ကြက်ခြေနီအသင်းဝင်များ ထားရှိရမည့် စိတ်ဓာတ်များကို ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် သင်တန်းသား၊ သင်တန်းသူများမှ ဘက်စုံထူးချွန်ဆုရ၊ စာတွေ့လက်တွေ့ဆုရနှင့် နည်းပြများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**





ရွှေနဂါး
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ကားမျိုးစုံစီးလုံးငှားသည်။
209077, 209388, 09-73167000

ငှားမည်
ကမာရွတ်၊ လှည်းတန်းမီးပွိုင့်အနီး၊ အင်းစိန်လမ်းမ၊ 16'x57' မြေညီတိုက်ခန်း။
Ph:09-73220635

ကိုသန့်ဇင်
CAR RENTAL
ကားမျိုးစုံကို ခရီးစဉ် လချုပ် အချိန်ပိုင်း ငှားသည်။ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။
ဖုန်း-၀၉-၄၃၁၁၇၆၈၀၊ ၀၉-၅၀၅၉၈၂၂

ဝင်းရှင်း Car Rental 09 510 6348 09 731 49969
ခရီးစဉ်အမျိုးမျိုးသွားရန်နှင့် လချုပ်ငှားရန်ကားမျိုးစုံရှိသည်။
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်ပါ။





# ရိုးရာစည်းမျဉ်းနှင့်အကသဘင်

ရွှေစင်သီရိမာလာ

**ယမန်နေ့မှအဆက်**

ထို့အပြင် အထက်ပါလက်ာအရ အပျိုတော်၏ တတ်သင့်တတ်အပ်သော အရည်အချင်းတို့မှာ အောက်ပါအတိုင်း ၁၂ ခန်းဖြစ်သည်။ (၁) အပျိုတော်၊ (၂) နတ်ကတော်၊ (၃) မိဖုရား၊ (၄) ဘီလူးမ၊ (၅) ကဝေမ၊ (၆) ပုဏ္ဏေးမ၊ (၇) ဂုံးမ၊ (၈) မှော်ကတော်၊ (၉) သူကြီးကတော်၊ (၁၀) သူဌေးကတော်၊ (၁၁) ဘိက္ခုနီမ၊ (၁၂) အောင်သွယ်မ အပျိုတော် ၁၂ ခန်းဟူသော ဝေါဟာရနှင့်စပ်လျဉ်း၍ အထက်ဖော်ပြပါ လက်ာအရ အပျိုတော်တို့တတ်အပ်သည့် သဘင်အတတ်ပညာ ၁၂ ခန်းသာလျှင် အပျိုတော် ၁၂ ခန်းဟူ၍ ခေါ်ဆိုသင့်ကြောင်း ရေးသားအပ်ပါသည်။

နိုင်ငံတော်သည် မြန်မာတို့၏ ကိုယ်ပိုင်ဖြစ်သော မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းဖော်ထုတ်၍ မျိုးဆက်သစ်လူငယ်များ ဇာတိသွေးဇာတိမာန်တက်ကြွမြင့်မားစေရန်ဟူသော ရည်ရွယ်ချက်ဖြင့် ဆိုကရေးတီးကို ပျော်ရွှင်စွာကျင်းပပေးရာ ကောင်းသောရည်ရွယ်ချက်ပင်ဖြစ်သည်။ သို့မှသာ တိုင်းတစ်ပါးယဉ်ကျေးမှုကို ကိုယ်ပိုင်ယဉ်ကျေးမှုဖြင့် ခုခံကာကွယ်နိုင်ပေမည်။ ယင်းကြောင့် အကအနုပညာနှင့်ပတ်သက်၍ ကျမ်းအသီးသီးမှ ဖော်ထုတ်၍ အကျဉ်းရုံးတင်ပြရပါလျှင် အကပညာသည် နည်းနာများစနစ်တကျရှိခဲ့သလို ကိုယ်ကာယလေ့ကျင့်ခန်းလည်းဖြစ်သည်။ အများပြည်သူအား ဖျော်ဖြေရသလို မိမိလည်း ပျော်ရွှင်စေပါသည်။

အကအနုပညာနှင့်ပတ်သက်၍ရေးရလျှင်သည်တစ်ခေတ် အငြိမ့်မင်းသမီးများသည် တစ်နှစ် နှစ်နှစ်ကပြီး ဇာတ်စင်ပေါ်သို့တက်ကြသည်။ မြန်မာ့ဇာတ်အဆင့်အတန်းမှာ ဆိုကရေးတီးပြိုင်ပွဲသာမရှိလျှင် လွန်စွာလျော့ကျနေရကာ ဇာတ်မင်းသမီးလုပ်ရန် လွယ်ကူလှသည်။ ထို့ကြောင့် အငြိမ့်မင်းသမီးတို့သည် ဇာတ်စင်ပေါ်သို့ ရဲရဲတက်လာကြသည်။ ရှေးက ဇာတ်မင်းသမီးတို့သည် မင်းသမီးအင်္ဂါ ခုနစ်ပါးနှင့် ပြည့်စုံကြရသည်။ အင်္ဂါခုနစ်ပါးဆိုသည်မှာ "ပိုး၊ လွမ်း၊ မျှော်၊ ခေါ်၊ တား၊ ပိုက်၊ ဇော်"ဟူသော စာခုနစ်လုံးဖြစ်သည်။

ပိုးလောက၌ ယောက်ျားက မိန်းမကိုပိုးသည်မှာ ဓမ္မတာပင်ဖြစ်သည်။ မိန်းမက ယောက်ျားကိုပိုးသည်မှာ သဘာဝမကျ။ သို့ရာတွင် မယ်ပဒါနှင့် မောင်ဒါသဇာတ်ကိုကလျှင် မိန်းမက နောက်ပိုးပိုးရတော့မည်။ သို့ကြောင့် သဘာဝမဟုတ်သည်ကို အဆင်ပြေအောင် ပွဲကြိုက်မိန်းမနောက်ပိုးလုပ်တတ်ရသည်။ မိန်းမပိုင်းဆိုင်ရာ အပြောအဆို၊ အမူအရာ၊ အချော့အမော့၊ သီချင်း၊ လင်္ကာ-ဥပမေယျ ရှေးထုံးနိုင်ပါတ် ရာဇဝင်များကို တတ်ရသည်။

လွမ်း၊ ငိုချင်း၊ ပြောငိုစကား စသည်တို့ကို မင်းသမီးလွမ်းရာ လင်ကိုလွမ်းခြင်း၊ ရည်းစားလွမ်းခြင်း၊ ခမည်းတော်၊ မယ်တော်လွမ်းခြင်း၊ သားကိုလွမ်းခြင်း၊ မောင်ကိုလွမ်းခြင်းစသည်ဖြင့် ခွဲခြား၍ လွမ်းတတ်ရမည်။

မျှော်၊ ရည်းစားမျှော်၊ လင်မျှော်၊ သားမျှော်၊ ကျေးကျွန်မျှော်၊ မိဘမျှော်စသည်ဖြင့်လည်း အမျှော်စိုက်သီချင်းလင်္ကာနာရီချ စကားခွဲခြား၍ တတ်ရမည်။

ခေါ်၊ အာလုပ်ဖြစ်သော အခေါ်အဝေါ်တို့ကိုလည်း ဘုန်းကြီးဆိုလျှင် ဆရာသခင် နိဗ္ဗာန်နှင့်နီးပေမဲ့ ကျောင်းကြီးရှင်ဘုရင်စသည်ဖြင့် ဆိုင်ရာဆိုင်ရာ ရှင်ဘုရားခေါ်၊ မိဖုရားခေါ်၊ မင်းသားခေါ်၊ လင်ခေါ်၊ သားခေါ်၊ မိဘခေါ်၊ မောင်ခေါ် အမျိုးမျိုးတတ်ရမည်။

တား၊ တားဆိုသည်မှာ စစ်ပို့စစ်တားတတ်ရမည်ဟုဆိုလိုခြင်းဖြစ်သည်။ မင်းသားစစ်ချီတော့မည်ဆိုလျှင် စစ်ချီထွက်မသွားအောင် တားသည့်စကား၊ လင်္ကာ၊ ငိုချင်းတို့ရှိသည်။ တားမရသောအခါ ဆုမွန်ကောင်းတောင်းသောစကား၊ ပဒေသာလင်္ကာ၊ ငိုချင်း စသည်တို့ဖြင့် စစ်ကိုလိုက်၍ပို့သည်။ မင်းယဉ်နရသခ်နှင့် နရပတိစည်သူရာဇဝင်ကို ကပြသောအခါ ရှင်ဘုရင်က ခယ်မတော်ကို တောင်ညာတင်လိုသဖြင့် ငဆောင်ချမ်းတွင် စစ်ထွက်သည်ဟု ညီတော်နရပတိစည်သူကို လွှတ်သည်

ညီတော်စစ်ချီမည်အပြုတွင် အိမ်ရှေ့မိဖုရားဝေဠုဝတီမယ်ဝါး၏ လွမ်းခန်းကို ဤသို့ဖွင့်၏။ ဤအခန်းကား စစ်တား စစ်ပို့အခန်းပင်ဖြစ်သည်။ သည်တစ်ခေတ် မင်းသမီးလေးများ စစ်တားစစ်ပို့ကို ကြားဖူးသူများ ရှားကြ၏။ တားလည်းမတားတတ်ကြ။ ပို့လည်းမပို့တတ်ကြ။ ငိုချင်းတစ်ပုဒ်လောက်နှင့် ငြိကြသည်။

စစ်တားစစ်ပို့ဟူသောစကားကို ပိုမိုနားလည်စေရန် ရှေးဇာတ်ပွဲများကရာတွင် နှဲကြီးဖြင့် ငိုချင်းရှည်ယောင်ယောင်သီဆိုလေ့ရှိသော မင်းသမီး၏ စစ်တားစစ်ပို့စာတစ်ပုဒ်ကို နမူနာပြရလျှင် "အမယ်မင်းရယ်မှ ထွက်စေတဲ့ထွက်စေ၊ ငွေမောင်းသံဆော်လို့တီးလှုပေါ့၊ ရောင်ကြီးဖွေ၊ သပြေလကျ်ာမြေဇာလက်ဝဲ၊ ညောင်ရေအိုးရေမိုးလဲ၍ စစ်ပွဲဝင်မောင်နန်းလျာကျန်းမာစေကြောင်း၊ နှမလေးရှင်မယ်ဆုတောင်းလိုက်ပ၊ ရောင်စောင်းဖေ။ အောင်လေပန်းကိုတဲ့ ဝေအောင်ပန်တယ်နော်ရှင်၊ ဘေးရန်ကရှား" ဟူ၍လည်းကောင်း၊ "ငိုအမယ်လေးသွားမယ်လို့မောင်ပြင်ဆင်၊ ရွှေကတောင်ဆင်တဲ့ မြင်းတွေနဲ့ ဗိုလ်မင်းပေါင်းရင်၊ ယနေ့ပြင် မြင်ရမယ်လို့ထင်ဘူး။ ပျိုတို့မောင်တပ်တော်ဦးမှာ၊ ရဲပေ့ဗိုလ်မှူး၊ အမယ်မင်းရွှေဓားရွှေတဲ့၊ တပ်ပေါင်းငယ်ရံ၊ အောင်လံရဲရဲ စသည်ဖြင့် ဤသည်တို့ကား စစ်ပို့စစ်တား နမူနာပြခြင်းဖြစ်၍ စာရှည်မည်စိုး၍ တစ်ပိုင်းတစ်စသာရေးသားပြခြင်းပင်။ အခြားစစ်တားငိုချင်းသက်သက်များလည်း အမျိုးမျိုးရှိပေသည်။

ပိုက်၊ ပိုက်ဟူသောစကားမှာ အလောင်းပိုက်ကို ဆိုလိုသည်။ မင်းသမီးလုပ်သူသည် လင်သေရာတွင် လင်းအလောင်းပိုက်စကားပြောငို၊ ငိုချင်း၊ ငိုချင်းရှည်စသည်တို့ကိုလည်းကောင်း၊ သားသေရာ၌ သားအလောင်းကိုပိုက်၊ ဆိုင်ရာစသည်တို့ကိုလည်းကောင်း တတ်ကျွမ်းရသည်။ အလောင်းပိုက်လွမ်းခန်းအစုံအလင်တတ်ရမည်ဟု ဆိုလိုရင်းဖြစ်ပေသည်။

ဇော်၊ ဇော်ဟူသော စကားဇော်ဂျီကိုဆိုလိုသည်။ မင်းသားဇော်က ကတတ်သလို မင်းသမီးလည်း တပသီကကတတ်ရသည်။ ယောက်ျားအတွက် ဇော်မိန်းမအတွက်ကားဇော်အစား "တပသီ" ကို သုံးသည်။ သို့ကြောင့် တစ်နည်းအားဖြင့်ဆိုသော် မင်းသမီးဇော်ကပြတတ်ရမည်။ ဇော်သီချင်း၊ ဇော်စကား၊ ရရမည်ဟု ဆိုလိုသည်။

လင်ပျောက်ရှာခန်းတွင် ကိုကြီးနတ်က မင်းသမီးအား ရန်ကင်းစေရန် တပသီယောင်ဆောင်၍ ပေးလိုက်သောအခါ မင်းသမီးတပသီအဖြစ်နှင့် မတသီ စုံမြိုင်အောက် ကယ်ကလမ်းလေ လေးလေးလမ်းလျှောက်လို့လာ"အစရှိသော သီချင်းမျိုးနှင့် ဇော်ကက၍ ခန်းသွားရသည်။ ထို့ကြောင့် မင်းသမီးဇော်ဖြစ်ကိုမတတ်လျှင် မင်းသမီးအင်္ဂါမပြည့်စုံပေ။

ထို့ကြောင့် မြန်မာ့ဇာတ်သဘင်သည် မြန်မာတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုသည်ရှိပေသည်။ ဇာတ်သဘင်ပြုပြင်နည်းမှန်ကန်စွာဖြင့် ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းကြရမည်မှာ အနုပညာသမားတိုင်း တာဝန်ဖြစ်ချေသည်။

အကတွင် ရှေးရိုးရာမင်းသမီးအင်္ဂါခုနစ်ပါးနှင့် စစ်တမ်းတင်ကြည့်လျှင် နိုင်ငံတော်က ကြိုးပမ်းဆောင်ရွက်နေသော မြန်မာ့ရိုးရာအကသဘင်ဆိုကရေးတီးသည် မှတ်ကျောက်တင်လာခြင်းဖြစ်၍ နိုင်ငံတော်၏ မြန်မာ့ရိုးရာ ကိုယ်ပိုင်ယဉ်ကျေးမှုသည် ပြောင်မြောက်ထွန်းကားလာပေတော့မည်။

> အကပညာသည် နည်းနာများ စနစ်တကျရှိခဲ့သလို ကိုယ်ကာယလေ့ကျင့်ခန်းလည်းဖြစ်သည်။ အများပြည်သူအား ဖျော်ဖြေ . . .

## တိုင်းဒေသကြီးအစိုးရအဖွဲ့
## ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်(ငွေလုံးငွေရင်း)အသုံးစရိတ် ရန်ပုံငွေဖြင့် ပဲခူးတိုင်းဒေသကြီး၊ ဇီးကုန်းမြို့ မူလတန်းကြိုကျောင်း၏ အဆောက်အအုံ အား အသစ်တည်ဆောက်လိုပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင် ကုမ္ပဏီများသည် သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါတင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်။

၂။ ဆောက်လုပ်လိုသည့် ကုမ္ပဏီများသည် ကော်မတီက သတ်မှတ်ထားသော လုပ်ငန်းစံနှုန်း၊ ဒီဇိုင်းပုံစံများနှင့်အညီ အသေးစိတ်ရေးဆွဲတွက်ချက်တင်ပြရန်ဖြစ်ပါသည်။

၃။ တင်ဒါတင်သွင်းသည့် ကုမ္ပဏီများအနေဖြင့် ကုမ္ပဏီမှတ်ပုံတင်နှင့် Profile တင်ပြရမည်။

၄။ တင်ဒါစည်းကမ်းချက်များနှင့်တင်ဒါပုံစံများကို ၁၁-၅-၂၀၁၅ရက်မှစတင် ရောင်းချပါမည်။ တင်ဒါများကို ၁၀-၆-၂၀၁၅ ရက် ၁၆း၃၀ နာရီတွင် နောက်ဆုံးထားတင်သွင်းရမည်ဖြစ်ပါသည်။

၅။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ပဲခူးတိုင်းဒေသကြီး၊ လူမှုဝန်ထမ်းရုံး၊ ပဲခူးမြို့၊ လက်ကိုင်ဖုန်း-(၀၉-၂၅၀၇၀၀၆၂၅)၊ ရုံးဖုန်း(၀၅၂-၂၂၂၁၂၂၆)သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**

## တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေဖြင့် မြိတ်ခရိုင်အတွင်း ဆောင်ရွက်မည့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် မြိတ်ခရိုင်အတွင်းရှိ မြို့နယ်များအတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဖြစ်သော မြေသားလမ်း(၈)လမ်း၊ ကျောက်ခင်းလမ်း(၁၀)လမ်း၊ သံကူကွန်ကရစ်တံတား(၃၉)စင်း၊ ဘာသာရေးအဆောက်အအုံ(၁)ခု၊ အိမ်ရာဆောက်လုပ်ရေး(၄)လုံး၊ ရေသွယ်တန်းခြင်း(၁၇)ခု၊ အဝီစိတွင်းတူးခြင်း(၁၄)ခု၊ ဆိုလာမီးရရှိရေး ကျေးရွာ(၂၁)ရွာ၊ ရေပြွန်(၈)ခု လုပ်ငန်းများအားဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါကို အောက်ပါအတိုင်း ခေါ်ယူမည်ဖြစ်ပါသဖြင့် အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းတင်သွင်းနိုင်ပါသည်။

| | | |
|---|---|---|
| အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက်/ | - | ၁၁-၅-၂၀၁၅ရက်၊ (တနင်္လာနေ့)၊ အချိန် နံနက် ၉း၃၀နာရီ |
| အိတ်ဖွင့်တင်ဒါပိတ်မည့် ရက်/ အချိန် | - | ၁၀-၆-၂၀၁၅ရက်၊ (ဗုဒ္ဓဟူးနေ့) ညနေ ၁၆း၀၀ နာရီ |
| အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ | - | မြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့ |

ဖုန်း-၀၅၉-၄၁၀၁၃၊ ၀၅၉-၄၁၁၂၆
မြိတ်ခရိုင်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ



# စာကြည့်တိုက်များ ဝန်ဆောင်မှုလုပ်ငန်းမြှင့်တင်ရေး နယ်လှည့်စာပေဟောပြောပွဲ ခေါထီရ်ရွာတွင် ပြုလုပ်

**ရိုခေါဒါရ် မေ ၁၁**

ချင်းပြည်နယ် ရိုခေါဒါရ်မြို့နယ်အတွင်း စာကြည့်တိုက်များဝန်ဆောင်မှုလုပ်ငန်းမြှင့်တင်ရေး အစီအစဉ်ဖြင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများသည် မေ ၈ ရက် နံနက် ၉ နာရီက ခေါထီရ်ကျေးရွာသို့ နယ်လှည့်ကွင်းဆင်း၍ စာပေဟောပြောပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

စာပေဟောပြောပွဲတွင် မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဦးလာလ်ပက်လောမ်က စာကြည့်တိုက်ကဏ္ဍသည် ဒီမိုကရေစီနည်းလမ်း လျှောက်လှမ်းရာတွင် အခန်းကဏ္ဍတစ်ခုအဖြစ် ပါဝင်ရန်လိုအပ်နေကြောင်း၊ စာအုပ်စာပေဖတ်ရှုခြင်းဖြင့် ခံစားရမည့် အကျိုးကျေးဇူးများ၊ စာကြည့်တိုက်လုပ်ငန်းများကို ဆွေးနွေးဟောပြောခဲ့သည်။

ယင်းနောက် မြို့နယ်ပြန်/ဆက်ဦးစီးမှူးသည် ကျေးရွာပြည်သူများနှင့်အတူ ကျေးရွာစာကြည့်တိုက်များ ပိုမိုရှင်သန်တိုးတက်ရေးအကြောင်း အပြန်အလှန်ဆွေးနွေးခဲ့သည်။

ယင်းအပြင် ခေါထီရ်ကျေးရွာစာကြည့်တိုက်မှူးနှင့်အတူ စာကြည့်တိုက်ကော်မတီ ဝင်များအား မြို့နယ်ပြန်/ဆက်ဌာနမှ စာကြည့်တိုက်ထိန်းသိမ်းခြင်း၊ စာစု၊ စာပြုလုပ်ငန်းများ၊ စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများကို အသေးစိတ်သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ **နိုဟေဆာ**

# အခြေခံဗုဒ္ဓယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲကျင်းပ

**မအူပင် မေ ၁၀**

ဒုတိယအကြိမ်မြောက် အခြေခံဗုဒ္ဓယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲအခမ်းအနားကို မအူပင်မြို့ မဟာဗောဓိဓမ္မသဘင်ခန်းမတွင် မေ ၉ ရက် မွန်းလွဲ ၂ နာရီက ကျင်းပခဲ့သည်။ အဆိုပါ အခြေခံဗုဒ္ဓယဉ်ကျေးလိမ္မာသင်တန်းကို မဟာဗောဓိကျောင်းတိုက်ဆရာတော်၏ ဩဝါဒကိုခံယူ၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းသားသင်တန်းသူ ၆၄ ဦးတက်ရောက်ခဲ့သည်။ သင်တန်းကာလမှာ ရက်သတ္တပတ်ကြာမြင့်ခဲ့ကြောင်းသိရသည်။ **ရဲမျိုးတင်လှ(မအူပင်)**

# နွေစပါးအထူးအထွက်တိုးပုလဲသွယ်စံကွက် ရိတ်သိမ်းတစ်ဧက ၁၉၇ တင်းနှုန်းထွက်ရှိ

**သာယာဝတီ မေ ၁၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် သုံးဆယ်မြို့မအုပ်စု သခွပ်ကုန်းကျေးရွာမှ တောင်သူ ဦးစိန်ကြည်၏ အထူးအထွက်တိုး ပုလဲသွယ်နွေစပါး ၁၀ ဧကအား ရိတ်သိမ်းခြွေလှေ့စက်ဖြင့် စံကွက်ရိတ်သိမ်းပွဲအခမ်းအနားကို မေ ၄ ရက်က ကျင်းပသည်။

စံကွက်ရိတ်သိမ်းပွဲတွင် သာယာဝတီမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာရဲက ပုလဲသွယ်စပ်မျိုးစပါးစိုက်ပျိုးခြင်းဖြင့် တောင်သူများ ဝင်ငွေနှစ်ဆတိုးစေနိုင်သည့်အတွက် ပုလဲသွယ်စပ်မျိုးစပါးအား တစ်မြို့နယ်လုံးကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့စိုက်ပျိုးရန်၊ တာဝန်ရှိသူများအားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း ဆွေးနွေးပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးသူက ပုလဲသွယ်စပါးစိုက်ပျိုးရာတွင် လိုက်နာဆောင်ရွက်ရမည့် ဒေသနှင့်ကိုက်ညီသော နည်းပညာဆိုင်ရာအချက်အလက်များကို လက်ကမ်းစာစောင်များဖြင့် အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့သည်။

မြို့နယ်စက်မှုလယ်ယာဦးစီးမှူး ဦးခင်မောင်ဝင်းက ရိတ်သိမ်းခြွေလှေ့စက်အသုံးပြုခြင်းဖြင့် စပါးအရည်အသွေးပိုမိုကောင်းမွန်ကာ အလေအလွင့်နည်းပါးစွာ ရိတ်သိမ်းနိုင်မှုကြောင့် စပါးပိုမိုထွက်ရှိကြောင်း ပြောကြားသည်။ တစ်ဧကလျှင် ၁၉၇ တင်းနှုန်းထွက်ရှိကြောင်း သိရသည်။ **(ဝ၄၃)**

# ဆိုင်ကယ်လိုက်လံရောင်းချနေသူကို စစ်ဆေးရာမှ ဆိုင်ကယ်ခိုးမှုပေါ်

**နေပြည်တော် မေ ၁၁**

၂၀၁၅ ခုနှစ် မေ ၈ ရက်ည ၁၁ နာရီတွင် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် တောင်တွင်းကြီးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ လှည့်ကင်းဆောင်ရွက်နေစဉ် တောင်ပြင်(၁)ရပ်ကွက် 'ဇွဲမင်းသား' စားသောက်ဆိုင်အနီးတွင် ဆိုင်ကယ်တစ်စီးအား လိုက်လံရောင်းချနေသော မသင်္ကာဖွယ်သူတစ်ဦးအား တွေ့ရှိစစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်(မြောက်) ဥယျာဉ်ရပ်ကွက်နေ လမင်း ၂၇ နှစ်သည် လွန်ခဲ့သောသုံးလခန့်က မန္တလေးမြို့ ကန်တော်ကြီး 'စ၆' ဘီယာဆိုင်ရှေ့တွင် ရပ်ထားသည့် NEW AIBO CZI-125 ဆိုင်ကယ်အား ခိုးယူခဲ့ပြီး အဆိုပါဆိုင်ကယ်ကို လိုက်လံရောင်းချနေခြင်းဖြစ်ကြောင်း စစ်ဆေးသိရှိရ၍ လမင်းအား တောင်တွင်းကြီးမြို့မရဲစခန်းမှ (ပ)၁၄၆/၂၀၁၅၊ ပြစ်မှုပုဒ်မ ၃၇၉/ကျင့် ၅၄ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ရဲပြန်ကြား)**

# တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်ရဲတပ်ဖွဲ့မှ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေးသင်တန်း ဖွင့်လှစ်

**ထားဝယ် မေ ၁၁**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်ရဲတပ်ဖွဲ့မှ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေးသင်တန်းကို မေ ၇ ရက် နံနက် ၉ နာရီတွင် ထားဝယ်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးအစည်းအဝေးခန်းမ၌ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဖွင့်ပွဲတွင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအေးကျော်က အဖွင့်အမှာစကားပြောကြားရာ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကြီးမကြာမီပြုလုပ်ကျင်းပမည်ဖြစ်ပြီး ရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် အဆင့်အားလုံး ရွေးကောက်ပွဲလုံခြုံရေးနှင့်ပတ်သက်သော ဗဟုသုတများသိရှိထားရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ထွန်းက ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးကိစ္စရပ်များ၊ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများနှင့် ရဲတပ်ဖွဲ့ဝင်များသည် တရားဥပဒေ၏ရှေ့မှောက်တွင် နိုင်ငံသားအားလုံး တန်းတူညီမျှရှိရေး၊ လူမျိုးဘာသာအဆင့်အတန်းများကို ကြည့်ပြီး ခွဲခြားဆက်ဆံခြင်းမပြုရန်နှင့် ဘက်မလိုက်ဘဲ ညီတူညီမျှ စောင့်ရှောက်ပေးကြရမှာဖြစ်ကြောင်း၊ လုပ်ငန်းတာဝန်ထမ်းဆောင်ရာတွင် မညီမမျှခွဲခြားဆက်ဆံသည့် ဘက်လိုက်သည်ဟုထင်မြင်ယူဆခြင်း၊ စွပ်စွဲပြစ်တင်ခြင်းမခံရအောင် သတိထားပြီးဆောင်ရွက်သွားကြရန်လိုကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

သင်တန်းသို့ ထားဝယ်ခရိုင်ရဲတပ်ဖွဲ့ရုံးနှင့် ခရိုင်အတွင်းရှိ မြို့နယ်ရဲစခန်းအသီးသီးမှ အရာရှိငါးဦး၊ အခြားအဆင့် ၁၈ ဦး စုစုပေါင်း ၂၃ ဦးတက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ မေ ၇ ရက်မှ ၁၁ ရက်အထိဖြစ်ကြောင်း သိရသည်။ **ထားဝယ်ခရိုင်(ပြန်/ဆက်)**

# မူးယစ်ဆန့်ကျင်အခြေခံအသင်းများဖွဲ့

**လှိုင်သာယာ မေ ၁၀**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းမှ မူးယစ်ဆေးဝါးအလွဲသုံးမှု ကျယ်ကျယ်ပြန့်ပြန့်ဆန့်ကျင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မြို့နယ်အတွင်းရှိ ရပ်ကွက် ပေါင်း ၂၀ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၉ အုပ်စုအား အခြေခံအသင်းများ ဖွဲ့စည်းတာဝန်ပေးအပ်ပွဲများကို မေ ၉ ရက်မှ ၂၈ ရက်နေ့ထိ နေ့စဉ် ရပ်ကွက်/ကျေးရွာအုပ်စုများသို့ ကွင်းဆင်းဆောင်ရွက်ဖွဲ့စည်းပေးလျက်ရှိကြောင်း သိရသည်။ **(၃၂၉)**

ဓမ္မရောင်ခြည်ဓမ္မဒါနဖောင်ဒေးရှင်း(၁၂)နှစ်ပြည့် ကျေးဇူးတင်လွှာ ဝန္ဒနာ

ချမ်းသာအစစ်ကိုပေးစွမ်းနိုင်သော မြတ်ဗုဒ္ဓ၏တရားတော်များ ပြန့်ပွားစေရေးနှင့် ယဉ်ကျေးလိမ္မာ၍ အမျိုးဘာသာ၊သာသနာကို ထိန်းသိမ်းစောင့်ရှောက်တတ်သော ဗုဒ္ဓဘာသာလူငယ်လူရွယ်များ ပေါ်ထွန်းလာစေရေး စသည့် မွန်မြတ်သောရည်ရွယ်ချက်များနှင့် ၂၀၀၃ - ခုနှစ်က စတင်တည်ထောင်ခဲ့သော ဓမ္မရောင်ခြည်ဓမ္မဒါနဖောင်ဒေးရှင်းသည် ၂၀၁၅ -ခုနှစ်တွင် (၁၂)နှစ်တင်းတင်းပြည့်ခဲ့ပါပြီ။

(၁၂)နှစ်တာ ကာလအတွင်း ဓမ္မရောင်ခြည်ဓမ္မဒါနဖောင်ဒေးရှင်းမှ ပြည်တွင်းဓမ္မစာကြည့်တိုက်ပေါင်း (၄၇၄)ခု၊ စင်ကာပူ၊ထိုင်း၊အိန္ဒိယ နိုင်ငံများတွင် ပြည်ပဓမ္မစာကြည့်တိုက်ပေါင်း(၁၇)ခု၊ ဗုဒ္ဓဘာသာလူငယ်ယဉ်ကျေးမှု(နည်းပြ)သင်တန်းပေါင်း (၁၆၆)ခု၊ ဗုဒ္ဓဘာသာလူငယ်ယဉ်ကျေးမှုသင်တန်းပေါင်းမြောက်မြားစွာနှင့် ဗုဒ္ဓဘာသာဆိုင်ရာလူငယ်အမြင်ဖွင့်သင်တန်း (၃)ခု၊ ပဋ္ဌာန်းသမုပ္ပါဒ်အခြေခံသော ရဟန်းတော်များဆိုင်ရာ သာသနာပြုနည်းအထူးသင်တန်းပေါင်း (၇)ခု ဖွင့်လှစ်နိုင်ခဲ့ပါသည်။ စုပေါင်း သွေးလှူဒါန်းပွဲကို (၄)လတစ်ကြိမ်ကျင်းပခဲ့ရာ သွေးလှူဒါန်းပွဲ (၂၀)ကြိမ်အထိပြုလုပ်၍ သွေးအိတ်ပေါင်း (၃၃၇၄) အိတ် နှင့် အရေးပေါ်သွေးလှူဒါန်းခြင်းအစီအစဉ်များဖြင့်လည်း ဒါနဥပပါရမီမြောက် လှူဒါန်းလျက်ရှိပါသည်။ ဗုဒ္ဓဘာသာလူငယ်ယဉ်ကျေးမှုသင်တန်းအထောက်အကူပြု "ဓမ္မကျောင်းတော်" စာအုပ်မြောက်မြားစွာကိုလည်း ရိုက်နှိပ်ဖြန့်ဝေလှူဒါန်းပြီးဖြစ်ပါသည်။

ဤသို့ ဖောင်ဒေးရှင်းကြီး၏ ဗုဒ္ဓဓမ္မသာသနာပြုလုပ်ငန်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်မြင်ရေးအတွက် ဦးစီးနာယကဩဝါဒချီးမြှင့်တော်မူကြပါသော ဆရာတော်အရှင်သူမြတ်များ၊ စေတနာဖြင့် လေ့ကျင့်ပျိုးထောင်ပေးကြပါသော နည်းပြကြီးများနှင့်ပညာရှင်များ၊ ပစ္စယာနုဂ္ဂဟ ဓမ္မာနုဂ္ဂဟ ငွေကြေးနေတို့ဖြင့် ပံ့ပိုးကူညီကြပါကုန်သော စေတနာဒါနထာဝရအလှူရှင်များ၊ သွေးလှူရှင်များ၊ ဝေယျာဝစ္စဒါနဖြင့်ထာဝရပံ့ပိုးကူညီကြပါသော စေတနာရှင်အလှူရှင်များ၊ဓမ္မရောင်ခြည်ဓမ္မဒါနဖောင်ဒေးရှင်း၏ အမှုဆောင်များ၊ အကျိုးတော်ဆောင်များ၊ အဖွဲ့ဝင်များအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။နှလုံးစိတ်ဝမ်းအေးချမ်းပျော်ရွှင်အောင်မြင်ချမ်းမြေ့ကြပါစေကြောင်းကိုလည်း ဖောင်ဒေးရှင်း၏(၁၂)နှစ်ပြည့်အခါသမယတွင် ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့
ဓမ္မရောင်ခြည်ဓမ္မဒါနဖောင်ဒေးရှင်း

ဓမ္မရောင်ခြည်ဓမ္မဒါနဖောင်ဒေးရှင်း၏ (၁၂)နှစ်ပြည့်အထိမ်းအမှတ်
ဓမ္မပူဇာအထူးတရားပွဲ နှင့် ဩဝါဒခံယူပွဲ

- ၁၃၇၇ ခုနှစ် ၊ ကဆုန်လပြည့်ကျော် (၁၃)ရက် ၁၅.၅.၂၀၁၅ (သောကြာနေ့) — ဘဒ္ဒန္တ ပညာသိရီ (မွန်ကျောင်းဆရာတော်) ဓမ္မာစရိယ ၊ ဓမ္မကထိက
- ၁၃၇၇ ခုနှစ် ၊ ကဆုန်လပြည့်ကျော် (၁၄)ရက် ၁၆.၅.၂၀၁၅ (စနေနေ့) — ဘဒ္ဒန္တ ကုမာရ (သိမ်တော်ကြီးဆရာတော်) အဂ္ဂမဟာပဏ္ဍိတ ၊ ဒု-ပါမောက္ခချုပ် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
- ၁၃၇၇ ခုနှစ် ၊ ကဆုန်လကွယ် ၁၇.၅.၂၀၁၅ (တနင်္ဂနွေနေ့) — ဘဒ္ဒန္တ မာလာစာရ (ညောင်ပင်သာဆရာတော်) ဓမ္မာစရိယ ၊ ဗိုးကုတ်နယ်လှည့်ဓမ္မကထိက

●အချိန် - ညနေ (၇း၃၀)နာရီ
●နေရာ - မဟာသိမ်တော်ကြီးပရိယတ္တိစာသင်တိုက်၊ပန်းဘဲတန်းမြို့နယ်။
●ဓမ္မရောင်ခြည်ဓမ္မဒါနဖောင်ဒေးရှင်း၏ (၁၂)နှစ်ပြည့် အထိမ်းအမှတ် ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲကို (၁၇.၅.၂၀၁၅) ရက်နေ့ နေ့လည် (၂း၀၀) နာရီမှ (၅း၀၀)နာရီအထိ သာသနာ့အလင်းရောင်ဓမ္မာရုံ၊စကားစိမ်းလမ်းနှင့် ကမ်းနားလမ်းထောင့်၊အလုံမြို့နယ်တွင် ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

❁ ဆက်သွယ်အကြံပြုလှူဒါန်းရန် ❁
အမှတ် (၉၀)၊ အဆောင် (၄)၊ ပထမထပ်၊ သိမ်ကြီးဈေး (စီ)ရုံ၊ရွှေတိဂုံဘုရားလမ်း၊ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၃၈၂၉၃၅၊ ၀၁ ၃၇၁၈၀၀ (လိုင်းခွဲ - ၃၆၄)၊ ၀၉ ၅၀၇၉၆၇၄၊ ၀၉ ၅၀၁၅၄၄၆၊ ၀၉ ၅၁၃၆၃၈၅
Website : www.dhammayoungchi.com E-mail : dhammayoungchi@gmail.com Facebok : www.facebook.com/ဓမ္မရောင်ခြည်ဓမ္မဒါနဖောင်ဒေးရှင်း



BYN ဟိုတယ်ဘုရင့်နောင်
20% to 50% Discount
အကောင်းဆုံးဝန်ဆောင်မှုများနှင့်အတူ " ဟိုတယ်ဘုရင့်နောင် " မှ နွေးထွေးလှိုက်လှဲစွာ ကြိုဆိုနေပါသည်။
" ဘုရင့်နောင်ပွဲရုံ၊ လှိုင်သာယာစက်မှုဇုန်၊ ပန်းလှိုင်ဂေါက်ကွင်း၊ ဓနုဖြူအဝေးပြေးတို့နှင့်အနီးဆုံး"
ဆ/(၇၉-၈၈) အဝိုင်းကြီးလမ်းနှင့် ဝိတောတ်လမ်းထောင့်၊ ရန်ကုန်-ပုသိမ် လမ်းမကြီးဘေး၊ ဘုရင့်နောင်ပွဲရုံ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

ရှင်သန့်ဇင်
Car Rental
ကားမျိုးစုံကို ခရီးစဉ်၊ လချုပ် နှစ်ချုပ် ငှားရမ်းနိုင်ပါသည်။ ယာဉ်ပိုင်ရှင်များ ဆက်သွယ်နိုင်ပါသည်။မြို့တွင်း၊မြို့ပြင် ကားမျိုးစုံငှားရမ်းနိုင်ပါသည်။
Ph: 09- 790676987
09- 250001080
09- 25005864

Nelson English Language Centre
Enroll Now!


Pre-school (Age 3 to 5)
✓ 5 Development Pre-school
mental, physical, emotional, social, critical Development
Young Learners
Adult ( Over 16 years old)
✓ Communicative English
Basic Grammar, Intro, Level 1,2,3,4
✓ IELTS/TOEFL
Sanchaung Township | Yankin Township | Bo Aung Kyaw Township
01 501947, 523680, 526311 | 01 8550727, 8550728 | 01 256517, 256516


သီရိရတနာ
လက်လီလက္ကားဈေး နှင့်
အဝေးပြေးကုန်တင်ယာဉ်ရပ်နားစခန်း
သုဓမ္မာလမ်း မြောက်ဥက္ကလာပမြို့နယ်
စတင်ဖွင့်လှစ်နေပါပြီ
ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းဆိုင်များ၊ ယာဉ်နှင့် ယာဉ်အပိုပစ္စည်းဆိုင်များ
လယ်ယာသုံးစက်ကိရိယာပစ္စည်းဆိုင်များ၊ လျှပ်စစ်နှင့်ကုန်မာပစ္စည်းဆိုင်များ နှင့်
ဘဏ်များ စတင်ဖွင့်လှစ် ရောင်းချနေပါပြီ။
YP
PANTHU
MICHELIN
SAKURA
kitchen life
SWEETY HOME
ASIAN PLANT CO LTD
Sun Light
SOE MOE KHAING
GLASS Manufacturing Co.,Ltd

# ကုန်အမှတ်တံဆိပ် အသိပေးကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ချိုချိုဖြူကုမ္ပဏီလီမိတက်၏ မန်နေဂျင်းဒါရိုက်တာ ဒေါ်ဖြူဖြူစိမ်း (၉/မရမ(နိုင်)၀၈၇၉၆၅) ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ နှင်းဆီလမ်း၊ အခန်း (၁)၊ တိုက် (၁၆)၊ ချိုချိုဖြူကုမ္ပဏီလီမိတက်မှ ထုတ်လုပ်ရောင်းချနေသည့် အောက်ဖော်ပြပါ မိန်းမဝတ်အင်္ကျီပုံစံအမျိုးမျိုးတို့အား "SPIKE" တံဆိပ်အမှတ်အသား ဖြင့် တစ်ဦးတည်းမူပိုင်ထုတ်လုပ်ဖြန့်ချိ ရောင်းချသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့ စာချုပ်စာတမ်းရုံး၏ ၂၀၁၅ ခုနှစ် မှတ်ပုံတင်စာချုပ်အမှတ် - ၄၂၃၂၊ ၄၂၃၄၊ ၄၂၃၆၊ ၄၂၃၇၊ ၄၂၃၈၊ ၄၂၃၉၊ ၄၂၄၀၊ ၄၂၄၂၊ ၄၂၄၃၊ ၄၂၄၄၊ ၄၂၄၅၊ ၄၂၄၆ တို့ဖြင့် ကုန်အမှတ်တံဆိပ် မှတ်ပုံတင်သွင်းထား ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

SPIKE
COLLECTION
ladys wears


SP-2689-02


SP-3002-02


SP-2977-01


SP-2975-01


SP-2992-01


SP-2980-01


SP-2695-02


SP-2996-01


SP-2998-01


SP-2988-01


SP-2989-01


SP-2973-02

အထက်ပုံစံပါ "SPIKE" တံဆိပ်အမှတ်အသားဖြင့် ထုတ်လုပ်ရောင်းချသည့် မိန်းမဝတ်အင်္ကျီများနှင့် "SPIKE" တံဆိပ်အမှတ်အသား၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တံဆိပ်အမှတ်အသား အားလုံးကိုဖြစ်စေ အများ ပြည်သူထင်ယောင်ထင်မှားဖြစ်စေရန် သံတူကြောင်းကွဲ ဆင်တူယိုးမှား တုပပြုလုပ်အသုံးပြုကြောင်း တွေ့ရှိပါက တရားမကြောင်း အရဖြစ်စေ၊ ရာဇဝတ်ကြောင်းအရဖြစ်စေ၊ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်ခင်မာလွင် (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ် - ၇၆၅၂)
၀၉ - ၅၁၈ ၉၆၈၉၊ ၀၉-၂၅၄၅၂၀၁၄၈

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၈/၂၀၁၅)

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | IFB-009(15-16) | Electrical Spares for HDD Rig (46) Items | US$ |
| (၂) | IFB-010(15-16) | Spares for Cooper Well Servicing Unit (11) Items | US$ |
| (၃) | IFB-011(15-16) | Spares for Rig Engine/Rig Pump Ex HDD Rig(16) Items | US$ |
| (၄) | IFB-012(15-16) | Casing Lines (3)Items | US$ |
| (၅) | IFB-013(15-16) | Spares for National Drive Group Ex NAT-55 Drilling Rigs (3) Items | US$ |
| (၆) | IFB-014(15-16) | Spares for Kenworth Trucks (6) Items | US$ |
| (၇) | DMP/L-004(15-16) | 33KV Current Transformer for GCB(5)Sets | KS |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၉-၆-၂၀၁၅ ရက် ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ (လူကိုယ်တိုင်)လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊**
**ဖုန်း-၀၆၇-၄၁၁၀၉၇/၄၁၁၂၀၆**

## CROWN Ready Mixed Concrete
## ဝန်ထမ်းအလိုရှိသည်

| | |
|---|---|
| 1. Batching Plant Manager | (1)ဦး |
| 2. Sales & Marketing Manager | (1)ဦး |
| 3. Sales &Marketing Supervisor | (3)ဦး |
| 4. Sales &Marketing Staff | (3)ဦး |
| 5. Concrete Quality Control | (2)ဦး |

-ဘွဲ့ရ၊ ကွန်ကရစ်လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။
-အမှတ်စဉ်(၂/၃/၄)အတွက် ယာဉ်မောင်းကျွမ်းကျင်သူ ဦးစားပေးမည်။
မန္တလေးမြို့တွင် နေထိုင်မှုအတွက် စီစဉ်ပေးမည်။
လျှောက်လွှာတင်ရန်-၈း၃၀-၄း၃၀နာရီ (ဥပုသ်နေ့ရုံးပိတ်သည်)
အမှတ်(၁၅၇)၊ ၇၅လမ်း၊ ၃၄×၃၅လမ်းကြား၊ မန္တလေးမြို့။
ဖုန်း (၀၂) ၇၁၄၂၄ email: hrsandar@gmail.com
၂၂-၅-၂၀၁၅ရက်နောက်ဆုံးထား၍ ဓာတ်ပုံ(၂)ပုံ၊ CV၊ မှတ်ပုံတင်၊ အလုပ်သမားကတ်၊ ပညာအရည်အချင်း၊ ရပ်ကွက်၊ ရဲစခန်းထောက်ခံစာ၊ ယာဉ်မောင်းလိုင်စင်မိတ္တူဖြင့်လျှောက်ထားနိုင်ပါသည်။










THE ALL-NEW BMW 2 SERIES
ACTIVE TOURER.
MAKE EVERY DAY COUNT.
The all-new BMW 2 Series Active Tourer combines perfect combination of versatile interior, higher seating position with classic BMW dynamic performance, and yet offer plenty of comfort and space despite its compact dimensions.
Put your mind at ease with BMW Service Inclusive that cover the cost of your vehicle maintenance for 3 years and extends the statutory warranty period to 3 years.
Visit showroom or call +95 (1) 230 6133, Service Hotline: +95 (1) 230 6144.
Prestige
Automobiles
bmwmyanmar.com
Sheer
Driving Pleasure
The all-new BMW 2 Series
Active Tourer
BMW EfficientDynamics
Less consumption. More driving pleasure.
Prestige Automobiles Co.,Ltd. The Exclusive Authorised BMW Dealer in Myanmar.
No.485, Corner of Pyay Road and Narnattaw Street, Kamayut Township, Yangon, Myanmar.
Join BMW Myanmar
www.facebook.com/BMWPAC

ကြော်ငြာ

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဇရပ် ဒါယကာကြီး

ဦးယုစိန် (ရေကြည်)

အသက် (၈၆)

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဇရပ် ဒါယကာကြီး ဦးယုစိန်သည် ၅-၅-၂၀၁၅ (အင်္ဂါနေ့) Singapore ဒေသစံတော်ချိန် မွန်းလွဲ ၁၂ း ၅၂ နာရီ အချိန်တွင် Singapore နိုင်ငံ Mount Elizabeth ဆေးရုံ၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးရန်ဟော်နှင့်ဇနီး ဒေါ်ခင်ခင်ထက်မိသားစု

Mottama Holdings Limited.

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး

ဦးယုစိန်(ရေကြည်)

အသက်(၈၆)နှစ်

Max Myanmar Holding Co.,Ltd. မှ ဒု-ဥက္ကဋ္ဌ **ဦးစိုးတင့်(ကိုကြီး)-ဒေါ်ခင်မာချို(မမချို)**တို့၏ ကျေးဇူးရှင်ဖခင်ကြီး **ဦးယုစိန်(ရေကြည်)**သည် ၅-၅-၂၀၁၅ရက်(အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မမချို၏ချစ်ညီအစ်မများ**

**တင်တင်၊ နွယ်နီ၊ အဝင်း၊ ညိုညို၊ ငယ်ငယ်၊**

**မြမြ၊ တိုးတိုး၊ မော်မော်၊ မြင့်မြင့်၊ သင်းသင်း၊**

**ပြုံး၊ သက်သက်၊ အေးဝင်း၊ စန္ဒာ**

## ကျေးဇူးတင်ရှိခြင်း

၉-၅-၂၀၁၅ရက် (စနေနေ့)တွင် ကွယ်လွန်သွားခဲ့သော မောင်ထက်ရှိန်၊ အသက်(၂၁)နှစ် နာရေးကိစ္စကို အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပါသော သီရိမင်္ဂလာဈေးရုံ၊ အမှတ်(စ)၊ ကွမ်းတန်းမိသားစု၊ သံသရာခရီးသည် နာရေးကူညီမှုအသင်းနှင့် နာရေးသို့ လိုက်ပါပို့ဆောင်ပေးကြသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အထူးကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**သရေစည်သူ ဦးသိန်းထိုက်**

**ပြည်ထောင်စုစာရင်းစစ်ချုပ်**

**ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း)**

**အသက်(၆၄)နှစ်**

ပြည်ထောင်စုစာရင်းစစ်ချုပ် သရေစည်သူ ဦးသိန်းထိုက် (ဒုတိယဗိုလ်ချုပ်ကြီး-ငြိမ်း) အသက်(၆၄)နှစ်သည် ၃-၅-၂၀၁၅ရက် (တနင်္ဂနွေနေ့)နံနက် ၁း၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါသည်။

**စာရင်းစစ်ချုပ်ရုံး(ရန်ကုန်)သင်တန်းကျောင်း**

**DA ပထမပိုင်း ဆရာ၊ ဆရာမ/**

**ကျောင်းသား၊ ကျောင်းသူများ (၂၀၁၅-၂၀၁၆)**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယကာကြီး

ဦးယုစိန်(ရေကြည်)

အသက်(၈၆)နှစ်

ဦးဇော်ဇော်-ဒေါ်ငွေငွေခိုင်တို့၏ဖခင်ကြီး၊ ဦးယုစိန်(ရေကြည်)အသက်(၈၆)နှစ်သည် ၅-၅-၂၀၁၅ရက်(အင်္ဂါနေ့) Singapore ဒေသစံတော်ချိန် မွန်းလွဲ ၁၂း၅၂နာရီတွင် (Singapore)နိုင်ငံ Mount Elizabeth ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်

**ဦးအောင်ထွေး၊ (MD.Golden Flower Co.,Ltd) နှင့်**

**ဇနီးဒေါ်မို့မို့ဝင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယကာကြီး

ဦးယုစိန်(ရေကြည်)

အသက်(၈၆)နှစ်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်-ဒေါ်ငွေငွေခိုင်တို့၏ ကျေးဇူးရှင်ဖခင်ကြီး ဦးယုစိန်(ရေကြည်)သည် ၅-၅-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်တကွ ထပ်ထူထပ်မျှ ကြေကွဲဝမ်းနည်းရပါကြောင်း။

**ဘဏ္ဍာ/အခွန်နှင့် အကောက်ခွန်ဘောလုံးသမားဟောင်းများ**

(၁)နှစ်ပြည့်အလွမ်း

**ဒေါ်ညွှန့်ညွှန့်သန်း**

**(ဘူမိဗေဒ-၇၃)**

၁၂-၅-၂၀၁၄ - ၁၂-၅-၂၀၁၅

ပြန်မလာနိုင်တော့မှန်းသိပေမယ့်၊ တစ်နေ့ပြန်လာနိုးနဲ့ မျှော်နေမိတယ်၊ ညွှန့်ညွှန့်အတွက် နေ့စဉ် လစဉ်ပြုသမျှကုသိုလ်များကို အမျှပေးဝေနေပါတယ်။ ရောက်ရာဘုံဘဝမှ သာဓု(၃)ကြိမ်ခေါ်ပါနော်။

**ဖေဖေ ဗိုလ်ကြီးမြင့်စန်း၊ သမီး ဒေါ်ဝင်းပပမြင့်**

**ရောင်းမည်**

ပြင်ဦးလွင်၊
မန္တလေး-လားရှိုးလမ်းမအနီး၊
ပဒေသာမြို့သစ်၊
ပေ(၄၀×၆၀)
(အိမ်၊ ရေ၊ မီး)

**သွေးသည်အသက်**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယကာကြီး

ဦးယုစိန်(ရေကြည်)

အသက်(၈၆)နှစ်

Max Myanmar Holding Co.,Ltd မှ ဥက္ကဋ္ဌ ဦးဇော်ဇော်-ရောဝတီဘဏ်လီမိတက် ဒုဥက္ကဋ္ဌ ဒေါ်ငွေငွေခိုင်တို့၏ဖခင်၊ ရဲမာန်ဇော်(Y.I.S Grade 6)၏ ဘိုးဘိုးကြီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယကာကြီး ဦးယုစိန်(ရေကြည်) အသက်(၈၆)နှစ်သည် ၅-၅-၂၀၁၅ရက်(အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

| | |
|---|---|
| **ဦးခွန်တောင်-ဒေါ်အားလန်၊ သား-ရဲရင့်ဝင်း** | **Y.I.S Grade 6** |
| **ဦးခင်မောင်လတ်-ဒေါ်မိုးမိုးအေး၊ သား-အုပ်စွမ်းပြည့်** | ။ |
| **ဦးမိုးကြီး-ဒေါ်နီနီမာ၊ သား-ရဲရင့်ခန့်** | ။ |
| **ဦးတင်မောင်အေး-ဒေါ်မွန်မွန်နိုင်၊ သား-ကောင်းစံဝင်း** | ။ |
| **ဦးကျော်စွာ-ဒေါ်စန်းစန်းဝင်း၊ သား-အာချီဖြိုး** | ။ |
| **ဦးစံလင်း-ဒေါ်ရည်မွန်စိုးဝင်း၊ သား-Salmon** | ။ |
| **ဦးစိန်ဝင်း-ဒေါ်မူမူအေး၊ သား- ပြည့်စုံပိုင်** | ။ |
| **ဦးအောင်သွင်ကျော်-ဒေါ်မျိုးသော်သော်ထွေး၊ သမီး မေသော်သွင်ကျော်** | ။ |

# (၄)နှစ်ပြည့်အလွမ်း

## ဒေါ်တင်တင်မော်

(၁၂-၅-၂၀၁၁ - ၁၂-၅-၂၀၁၅)

**ချစ်ဇနီး မော် . . .**

တာဝန်များ မအားလပ်အောင် ထမ်းဆောင်နေရင်း သမီးနဲ့သားကို ချစ်ဇနီးမျှော်လင့်ရည်မှန်းထားခဲ့တဲ့ ပညာထူးချွန်တဲ့ လူတော်လူကောင်းများဖြစ်လာရန် ဘဝလမ်းကြောင်းမှန်ပေါ်ရောက်အောင် နေ့စဉ်ဆုံးမသွန်သင်ကာ တစ်ဦးတည်းလမ်းညွှန်ပဲ့ကိုင် ထိန်းသိမ်းလျှောက်လှမ်းခဲ့ရတဲ့ ဒီ(၄)နှစ်တာ ဘဝခရီးလမ်းဟာ မလွယ်ကူခဲ့ပါဘူး။ အခက်အခဲတွေကြုံတိုင်း ချစ်ဇနီးကိုမြင်ယောင်ရင်း၊ ချစ်ဇနီးစကားသံတွေကြားယောင်ရင်း အားတင်းရင်ဆိုင်ကျော်ဖြတ်ခဲ့ရတဲ့ ဒီ(၄)နှစ်တာကာလမှာ ချစ်ဇနီးကိုတစ်နေ့မှမေ့မရနိုင်အောင်ပါပဲ ချစ်ဇနီးရယ်။

ဘာသာရေးအားနည်းခဲ့တဲ့ခင်ပွန်းဖြစ်သူကို ဘာသာရေးပိုမိုလုပ်ဆောင်ဖို့မှာကြားခဲ့တာကိုလည်း ယနေ့တိုင်သတိရနေဆဲ၊ ကြားယောင်နေဆဲပါ။ ဒါန၊ သီလ၊ ဘာဝနာကုသိုလ်တွေကိုလည်း အရင်ကထက်ပိုပြီး ကြိုးစားအားစိုက်နေပါတယ် ချစ်ဇနီးရယ်။ ချစ်ဇနီး ဇာတိရွာ၊ ရွာဦးကျောင်းမှာ အစဉ်အလာမပျက် နှစ်စဉ်ပဌာန်းပွဲအလှူအပြင် ဆွမ်းစားကျောင်းဆောင်နဲ့ တံတိုင်းများအတွက်ပါ လှူဒါန်းခဲ့ပါတယ်။ (၄)နှစ်တာကာလ ပြုသမျှကုသိုလ်အစုစုကို အမျှပေးဝေလိုက်ပါတယ်။ မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

**ခင်ပွန်း - ပါမောက္ခ ဒေါက်တာကိုကိုသန့် [ပါမောက္ခ/ဌာနမှူး၊ မျက်စိပညာဌာန၊ ဆေးတက္ကသိုလ်(၂)]**

**သမီး - မဝင့်ရှင်းသန့် ဦး [တက္ကသိုလ်ဝင်တန်း(ဖြေဆိုထား) T.T.C]**

**သား - မောင်တင်ကိုထူး (Grade-7) T.T.C**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ကျင်ဆိုင် (မြောင်းမြ)

အသက်(၉၃)နှစ်

ဦးမျိုးအောင်-ဒေါ်မြအေး(အောင်သရဖူရေကြောင်းသယ်ယူပို့ဆောင်ရေး)တို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်ကျင်ဆိုင်(မြောင်းမြ)အသက်(၉၃)နှစ်သည် ၂-၅-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပုသိမ်အသင်း ဥက္ကဋ္ဌ ဦးစိုးဟန်လင်း နှင့် အမှုဆောင်အဖွဲ့**

# ဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော် - ဒေါ်ငွေငွေခိုင်တို့၏ ကျေးဇူးရှင် ဖခင်ကြီး ဦးယုစိန်သည် စင်ကာပူနိုင်ငံ **Mount Elizabeth** ဆေးရုံကြီး၌ (၅-၅-၂၀၁၅)အင်္ဂါနေ့ တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲ ရပါကြောင်း။

**ဦးစံဝင်းနှင့်ဇနီးဒေါ်ခင်နှင်းမာ**

**သန်းထိုက်လူကုမ္ပဏီလီမိတက် မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်တင်တင်ယု**

**အသက်(၈၅)နှစ်**

ဦးထက်အောင်(၁၉၈၃၊ ဘူမိ)၏မိခင်ဖြစ်သူ ဒေါ်တင်တင်ယုသည် ၇-၅-၂၀၁၅ ရက်(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**(၁၉၈၃)ခုနှစ်၊ ဘူမိဗေဒ၊ ရန်ကုန်တက္ကသိုလ်မှသူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးမောင်မောင် (၉၃)နှစ်**

**နာယက၊ ရန်ကုန်တိုင်းဒေသကြီးလုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်း**

**(ဘုရားဖြူကျောင်းတိုက်၊ ပုဇွန်တောင်)**

အသင်းကြီး၏နာယကကြီးဖြစ်သူ ဦးမောင်မောင်သည် ၈-၅-၂၀၁၅ (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

**အုပ်ချုပ်ရေးအမှုဆောင်အဖွဲ့**

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

**ဦးကဝိနန္ဒ စာချဆရာတော် (မာန်အောင်)**

**သိက္ခာတော် (၄၂)ဝါ၊ သက်တော်(၆၂)နှစ်**

ပေတပင်ကျေးရွာနေ ခမည်းတော် ဦးမောင်ဇိန်း-မယ်တော် ဒေါ်လှနု တို့၏သား၊ (၁၀) တောင်၊ (၁၃) ရပ်ကွက်၊ ရေနံမြေ၊ သာကေတမြို့နယ်၊ အောင်သပြေတောရ ပရိယတ္တိစာသင်တိုက်တွင် သီတင်းသုံးတော်မူသော ဦးကဝိနန္ဒသည် (၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်) ၉-၅-၂၀၁၅ (စနေနေ့) နံနက် ၁၀း၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်အား (၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ရက်) ၁၃-၅-၂၀၁၅ရက်တွင် ရေဝေးသုသာန်သို့ ပင့်ဆောင်၍ သာဓုကိစ္စ သဘင်ပြုလုပ်မည်ဖြစ်ပါကြောင်း ဒါယကာ၊ ဒါယိကာမများအား အသိပေးအပ်ပါသည်။ (ကျောင်းတိုက်မှ ကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)

အောင်သပြေတောရ ပရိယတ္တိစာသင်တိုက် တပည့်ဒါယကာ၊ ဒါယိကာမများ
(၁၀) တောင်၊ (၁၃) ရပ်ကွက်၊ ရေနံမြေ၊ သာကေတ

## (၁)လပြည့်လွမ်းဆွတ်သတိရခြင်း

**မောင်ရဲလင်းကျော်(ခ)ချိုကစ်**

**အသက်(၂၃)နှစ်**

**တတိယနှစ်(ဥပဒေ)၊ အဝေးသင်အနောက်ပိုင်းတက္ကသိုလ်**

သားလေး

မေမေရဲ့ဘဝထဲက ရုတ်တရက် ထွက်သွားတာ ၁၂-၅-၂၀၁၅ရက်တွင် တစ်လပြည့်ခဲ့ပြီ။ သားလေးရေ ရင်နဲ့အမျှ ခံစားနေရပါတယ်။

ဖေဖေတို့ မိသားစုအားလုံးရဲ့ ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်များကို သားလေးကို အမျှ အမျှ အမျှ ပေးဝေပါတယ် သားလေးရေ---

**မေမေ-မပုံ့**

**အန်တီချို၊ ဦးမောင်လေး**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး**

**ဦးယူစိန်(ရေကြည်) (၈၆)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နေ ဒေါ်စိန်စိန်၏ခင်ပွန်း၊ Max Myanmar Holding Co., Ltd ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်-ဒေါ်ဌေးဌေးခိုင်တို့၏ ကျေးဇူးရှင်ဖခင်ကြီး ဦးယူစိန်သည် စင်ကာပူနိုင်ငံ Mount Elizabeth Hospital ၌ ၅-၅-၂၀၁၅(အင်္ဂါနေ့) စင်ကာပူဒေသစံတော်ချိန် မွန်းလွဲ ၁၂း၅၂နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့် ဒါရိုက်တာအဖွဲ့**
**ရွှေသံလွင်ကုမ္ပဏီလီမိတက်**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး**

**ဦးယူစိန်(ရေကြည်) (၈၆)နှစ်**

Max Myanmar holding Co.,Ltd ဥက္ကဋ္ဌ ဦးဇော်ဇော်-ဒေါ်ဌေးဌေးခိုင် တို့၏ကျေးဇူးရှင် ဖခင်ကြီး ဦးယူစိန်သည် စင်ကာပူနိုင်ငံ Mount Elizabeth Hospital၌ ၅-၅-၂၀၁၅ (အင်္ဂါနေ့) Singapore ဒေသစံတော်ချိန် မွန်းလွဲ ၁၂း၅၂နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ကိုမျိုးထွေး-မအေးအေးဟန်**
**PRO 1 HOME CENTER**

### အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

**ဦးကျော်လှ(ခ)**

**ဟာဂျီအာရစ်(စ်)ဘိုင် (၈၄)နှစ်**

**တပ်ကြပ်ရေတပ်မတော်(ငြိမ်း)**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၂) ရပ်ကွက်၊အနော်ရထာလမ်း၊အမှတ်(၁၄၇)၊(၃၅) ထိပ်နေ ဦးကြည်ဌေး-ဒေါ်မိုးမိုးဝင်း၊ (ဦးခင်မောင်သိန်း)၊ ဦးတင်ထွန်း-ဒေါ်သန်းနွဲ့၊ ဦးထွန်းအေး-ဒေါ်ခင်သန်းစိန်၊ဦးကိုကိုသန်း-ဒေါ်စိုးစိုးအေး(ခ) ချိုမာ၊ဦးရဲမင်း-ဒေါ်ထွေးထွေး(ခ)မိချို၊ ဦးမျိုးသိန်း-ဒေါ်နီနီမြတို့၏ဖခင်၊မြေးရှစ်ယောက်တို့၏အဘိုး သည် ၈-၅-၂၀၁၅ (သောကြာနေ့) ညနေ ၄း၄၅ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၉-၅-၂၀၁၅(စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးကဘာရ်စတန်သို့ ပို့ဆောင် ဒါဖွာနာပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

### ဒေါက်တာမျိုးကျော်သူ (၂၉)နှစ်

**(MBBS.YGN)**

**ကော့သောင်းမြို့**

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ အမှတ်(၁၀)၊ ဗိုလ်ချုပ်လမ်း၊ ပိတောက်ရွှေဝါရပ်ကွက်နေ ဦးအင်ရှိန်-ဒေါ်နွယ်နီအေးတို့၏ သားထွေး၊ ကိုနေဇော်ဦး၊ မသန္တာနွယ်၊ မနှင်းနှင်းနွယ် (KBZဘဏ်)တို့၏ ညီ/မောင် ဒေါက်တာမျိုးကျော်သူသည် ၉-၅-၂၀၁၅ (စနေနေ့) ည ၁၀း၁၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၁၅(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ် မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အသိပေးအပ်ပါသည်။ (အမှတ်-၄၄၊ ငုဝါလမ်း၊ အလုံမြို့နယ်နေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်)

**ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး**

**ဒေါ်ရာမာယီ(ဒေးဒရဲ)**

**အသက်(၉၉)နှစ်**

**သက်ကြီးကန်တော့ခံ**

ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့ နယ်၊ ဝါးခယ်မကျေးရွာနေ (သူကြီး ဦးဆေလ်လယာ)၏ချစ်လှစွာသောဇနီး၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်း၊ အမှတ်(၈၄)၊ လေးလွှာနေ (ဦးဘိုစု)၊ ဦးဘမောင်၊ ဦးတင်ရွှေ ဦးသောင်းစိန်၊ (ဒေါ်ဘာနူမသီ)၊ ဒေါ်စီသား၊ (ဒေါ်ရာစမ္မာလားလ်)၊ ဒေါ်အေးသိန်း၊ ဒေါ်မြင့်မြင့်အေး၊ ဒေါ်မသီတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၄၀၊ မြစ်ခြောက်ယောက်၊ တီတစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၉-၅-၂၀၁၅ (စနေနေ့) နံနက် ၆း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁၂း၃၀နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးဟိန္ဒူသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

### အလ္လာဟ်သျှင်မြတ်အမိန်တောခံယူခြင်း

**ဦးအောင်နိုင်ထူး(ခ)ချိုတာ**

**အသက်(၅၂)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ လမ်း (၅၀)၊ အလယ်လမ်း၊အမှတ်(၁၁၂)၊သုံးလွှာနေ [ဟာဂျီ ဦးအောင်မြိုင် (အကောက်ခွန်)-ဟာဂျီမဒေါ်မိမိကြီး]၊ [ဦးထွန်းလွင်(အကောက်ခွန်)-ဒေါ်စု] တို့၏မြေး၊ [ဦးတင်အေး(အကောက်ခွန်ဦးစီးအရာရှိ)-ဒေါ်အေမီမြိုင်(အကောက်ခွန်ဦးစီးမှူး၊ ငြိမ်း)တို့၏ သားလတ်၊ ဦးတင်မြင့် (ဘားမားအောက်စီဂျင်)-ဟာဂျီမဒေါ်ဒေစီမြိုင်၊ ဟာဂျီမဒေါ်ဘေဘီမြိုင်၊ ဦးအောင်မင်း-ဒေါ်မြင့်မြင့်သန်း (စာရင်းစစ်မှူး)၊ ဟာဂျီဦးအောင်မြတ်-ဒေါ်တင်တင်မြ(ဆရာမ-ငြိမ်း)တို့၏တူ၊ဦးအောင်နိုင်ဦး-ဒေါ်နွယ်နွယ်စိုးတို့၏ညီ၊ ဟာဂျီအောင်နိုင်သက်၏အစ်ကို၊ မငြိမ်းစန္ဒီတင်၏ဦးလေး၊ မောင်ဝေဖြိုး အောင်၏အဘိုး ဦးအောင်နိုင်ထူး (ခ) ကိုချိုတာသည် ၁၀-၅-၂၀၁၅ရက် နံနက် ၄း၁၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ယင်းနေ့ မွန်းလွဲ ၁နာရီတွင် ရေဝေးဘာရ်စတန်၌ ဒါဖွာနာပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး**

**ဦးယူစိန်(ရေကြည်) (၈၆)နှစ်**

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် နာယက ဦးဇော်ဇော်-ဒေါ်ဌေးဌေးခိုင်တို့၏ ကျေးဇူးရှင်ဖခင် ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဇရပ်ဒါယကာကြီး ဦးယူစိန်(ရေကြည်)သည် စင်ကာပူနိုင်ငံ Mount Elizabeth ဆေးရုံ၌ ၅-၅-၂၀၁၅(အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါသည်။

**မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် အမှုဆောင်များ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးချွန်တာ (၅၇)နှစ်**

**B.E(Mechanical)**

သူငယ်ချင်းသည် ၈-၅-၂၀၁၅ရက် နံနက်၁၁း၄၅နာရီတွင် ကွယ်လွန် သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါကြောင်း။

**1984 Batch(Mechanical) R.I.T သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးယူစိန်**

**အသက်(၈၆)နှစ်**

ဦးဇော်ဇော်(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်-ဥက္ကဋ္ဌ)၊ ဦးအုန်းကျော် (မြန်မာနိုင်ငံသုံးမျိုးစုံအားကစားအဖွဲ့ချုပ်-ဥက္ကဋ္ဌ)တို့၏ဖခင် ဦးယူစိန် အသက် (၈၆)နှစ်သည် ၅-၅-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Xenon ကုမ္ပဏီလီမိတက်မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးယူစိန်**

**အသက်(၈၆)နှစ်**

ဦးအုန်းကျော်(မြန်မာနိုင်ငံသုံးမျိုးစုံအားကစားအဖွဲ့ချုပ်-ဥက္ကဋ္ဌ)၊ ဦးဇော်ဇော် (မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်-ဥက္ကဋ္ဌ)တို့၏ ဖခင် ဦးယူစိန် အသက်(၈၆)နှစ်သည် ၅-၅-၂၀၁၅ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မြန်မာနိုင်ငံသုံးမျိုးစုံအားကစားအဖွဲ့ချုပ်**

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး

# ဦးယူစိန် (ရေကြည်)

## အသက်(၈၆)နှစ်

ဦးဇော်ဇော်-ဒေါ်ဌေးဌေးခိုင်တို့၏ဖခင်ကြီး ဦးယူစိန် အသက်(၈၆)နှစ်သည် ၅-၅-၂၀၁၅ ရက် (အင်္ဂါနေ့) တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲပါသည်။

**Board of Director**
**Peace Myanmar Electric Co.,Ltd**
**(Mitsubishi Electric)**
**Board of Director**
**San Kaung Industry Limited**
**Board of Director**
**Asia General Electric Co.,Ltd**
**(AG Tarnsformer)**
**Board of Director**
**Kaung Thu Kha Trading Co.,Ltd**

ယနေ့ မာတိကာ

ရွှေ့ပြောင်းတောင်ယာ ကင်းစင်သည့်နိုင်ငံ
စာမျက်နှာ - ၆

ယခုနှစ်မှ ထူးထူးခြားခြား ပါဝင်လာသည့် ကဗျာလွှတ်အက
စာမျက်နှာ - ၁၂

ဘော်ဒါဆောင်ကျူရှင်များနှင့် ကိုယ်ပိုင်ကျောင်းများ စည်းကမ်းတကျဖွင့်ရန် မျှော်လင့်
စာမျက်နှာ - ၁၅

# ပုသိမ်မြို့၏ ကမ်းခြေများကိုအခြေခံ၍ ခရီးသွားလုပ်ငန်း တိုးတက်အောင်ဆောင်ရွက်သင့်

## ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ပုသိမ်မြို့ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ပုသိမ်စက်မှုဇုန်ရှိ Hakers Enterprise(Myanmar) ကုမ္ပဏီလီမိတက် အထည်ချုပ်စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

**နေပြည်တော် မေ ၁၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာရာ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့သို့ ရောက်ရှိကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ပုသိမ်မြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးသို့ရောက်ရှိပြီး လှည့်လည်ကြည့်ရှုရာဆေးရုံအုပ်ကြီး ဒေါက်တာတင်မောင်ညွန့်က လိုက်ပါရှင်းလင်းတင်ပြပြီး ဒုတိယသမ္မတက ဆေးရုံတက်ရောက်ကုသမှုခံယူနေကြသည့် လူနာများအား ရင်းရင်းနှီးနှီးလိုက်လံ အားပေးစကားပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး၊ အထူးကု

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖**

# ကမ္ဘာ့ဖလားပြိုင်ပွဲဝင်မည့် မြန်မာယူ-၂၀ အသင်းနှင့် ဆီးဂိမ်းပြိုင်ပွဲဝင်မည့် မြန်မာယူ-၂၃ အသင်းတို့ ခြေစမ်း



ဆီးဂိမ်းပြိုင်ပွဲဝင်မည့် မြန်မာယူ-၂၃ အသင်းနှင့် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်မည့် မြန်မာယူ-၂၀ အသင်းတို့သည် မေ ၁၁ ရက် ညနေပိုင်းက သုဝဏ္ဏကွင်း၌ ခြေစမ်းကစားခဲ့ရာ မြန်မာယူ-၂၃ အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

**မြန်မာယူ-၂၃ - သုံးဂိုး**
**မြန်မာ ယူ-၂၀ - တစ်ဂိုး**

လူစုံပါဝင်လာခြင်းမရှိသည့် ယူ-၂၀ အသင်း အကောင်းဆုံးပုံစံပြသနိုင်ခြင်းမရှိဘဲ ရှုံးပွဲကြုံတွေ့ခဲ့ရသည်။ စုစည်းလေ့ကျင့်ရက်ရလာသည်နှင့် ကစားပုံပိုကောင်းလာသည့် ယူ-၂၃ အသင်းမှာ ယခုပွဲတွင်လည်း ခြေစွမ်းပြကစားနိုင်ခဲ့ပြီး နောက်မှလိုက်ကစားကာ အနိုင်ရခဲ့ခြင်းဖြစ်သည်။

မြန်မာယူ-၂၃ အသင်းမှာ ဒဏ်ရာရနေသည့်

သတင်းနှင့်ဓာတ်ပုံ – ရှိုင်းထက်ဇော်

နေလင်းထွန်းနှင့် ဇွန်မိုးအောင်တို့မှလွဲ၍ လှိုင်းဘိုဘို၊ ရဲဝင်းအောင်၊ ရဲကိုဦး၊ ကောင်းဆက်နိုင်၊ စည်သူအောင်တို့ဖြင့် ပွဲထွက်ခဲ့ပြီး မြန်မာယူ-၂၀ အသင်းမှာ ပွဲထွက်လူစာရင်းတွင် နန္ဒကျော်၊ ထိုက်ထိုက်အောင်၊ မျိုးမင်းလတ်၊ ရန်နိုင်ဦးတို့သာ ပါဝင်ကစားခဲ့ပြီး အရန်ကစားသမားအများစုကို အသုံးပြုခဲ့သည်။ ကျော်မင်းဦး၊ မောင်မောင်စိုးနှင့် အောင်သူတို့ကို နောက်မှ လူစားလဲခဲ့ပြီး နောက်ခံလူ သီဟထက်အောင်၊ ဒဏ်ရာရနေသည့် ငြိမ်းချမ်းအောင်နှင့်သန်းပိုင်တို့ကို လူစာရင်း၌ အသုံးမပြုခဲ့ပေ။ ပွဲအစတွင်မြန်မာယူ-၂၀ အသင်း ပိုဖိကစားနိုင်ခဲ့ပြီး ၁၀ မိနစ်နောက်ပိုင်းမှ ယူ-၂၃ အသင်း ကစားကွက်

**စာမျက်နှာ ၉ ကော်လံ ၅ သို့ ❋**

သဉ္ဇာသန္တာနိုင် တည်ထောင်သည်
ကျောင်း၊ မြေအမှတ် ၉(ခ)၊ မနော်ဟရီလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း ၀၁ ၂၃၀ ၂၀၀၇၊ ၀၁ ၂၃၀ ၂၀၀၉၊
ဘော်ဒါ အမှတ်(၁၁၀/၁၁၃)၊ ၅၇ လမ်း၊ ပုဇွန်တောင်မြို့နယ်။ ဖုန်း ၀၉ ၅၁၉ ၇၇၂၆၊ ၀၉ ၅၁၇ ၆၅၄၃၊
ရုံး အမှတ်(၄၄)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်။ ဖုန်း ၀၁ ၂၄၉ ၆၄၉၊ ၀၁ ၃၀၅ ၀၉၇၊
Hot Line: 01 249 649, 01 230 2009, 09 250 31 2020, 09 519 7726
'ရလဒ်' ကောင်းဖို့ 'ကျောင်းကောင်း' ရွေးပါ
ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် ဘော်ဒါ
FORWARD အဆင့်မြင့်စာသင်ဝိုင်း
၂၀၁၅ - ၂၀၁၆ ပညာသင်နှစ်အတွက်
ကြိုအပ် လက်ခံပါပြီ
[ကြိုအပ်ခြင်းဖြင့် သေချာမှုကိုရယူပါ]
ကိုယ်ပိုင်အထက်တန်းကျောင်း၊ PRIVATE SCHOOL
ကျောင်းကြီး၊ ကျူရှင်၊ ဝိုင်း တက်စရာ မလိုတော့ပါ။
ပဉ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ
[Grade 11 (ခုံ ၃) Grade 10 (ခုံ ၃၀) Grade 9,8,7,6 (ခုံ ၇) ရမည်]
အဆင့်မြင့်ဘော်ဒါ ပဉ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ
အဆင့်မြင့် စာသင်ဝိုင်း
Grade 10,11 (တက္ကသိုလ်ဝင်တန်း)
Grade 11
Grade 9
ကိုယ်ပိုင်အထက်တန်းကျောင်း (သို့) အဆင့်မြင့် ဘော်ဒါ (သို့) အဆင့်မြင့် စာသင်ဝိုင်း

APOLO®
Better than Expected
Deco-Land Co.,Ltd
Ph:01-684284,01-687736~39
01-382789,01-250425
စာအုပ်ဆိုရင် APOLO
APOLO ဆိုဈေးနှုန်းချို
စိတ်တိုင်းကျတာ APOLO
APOLO ဆိုအရွယ်ကောင်း
ကျောင်းသုံး
ရုံးသုံး
လုပ်ငန်းသုံး
အထွေထွေသုံး

ရေသန့်စက်များကို သက်သာသောဈေးနှုန်း၊ မြင့်မားသော နည်းပညာ၊ စိတ်ချရသော ယုံကြည်မှု၊ အကောင်းဆုံးသော ဝန်ဆောင်မှုများဖြင့်...

# ASPS Trading အောင်ဆန်းပြည့်စုံ

## ရေသန့်စက် နှင့် အပိုပစ္စည်းဖြန့်ချိရေး

**အရောင်းပြခန်းများ**

- ရန်ကုန်
  အမှတ်(၁၅၄)၊ မြေညီထပ်၊ ဗိုလ်ဆွန်ပက်လမ်း(အလယ်)၊ ပန်းဘဲတန်းမြို့နယ်။
  ဖုန်း - ၀၁ - ၃၇၈၆၉၃၊ ၃၇၈၆၉၄
- မန္တလေး
  အမှတ်(၁၇၉/၁)၊ ၂၆(ဘီ)လမ်း၊ ၈၀ × ၈၁ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်။
  ဖုန်း - ၀၂ - ၆၉၃၀၂၊ ၆၉၄၁၃
- တောင်ကြီး
  အမှတ်(လ/၂၄)၊ အောင်မင်္ဂလာလမ်း (ပန်းသေးလမ်း)၊ လမ်းမတော်ရပ်ကွက်။
  ဖုန်း - ၀၈၁ - ၂၁၂၅၄၄၄၊ ၀၉ - ၅၂၈၁၃၁၆၅

နေအိမ်များ၊ ကွန်ဒိုတိုက်ခန်းများအတွက် အဆင့် ၈ ဆင့်ဖြတ်
**Mini R.O** ရေသန့်စက်

အဆင့် ၈ ဆင့်/ တစ်နာရီလျှင် ၁၀၀ ဂါလံ




**200,000 Ks**

R.O system မှ ရရှိလာသောရေကို မည်သည့်ဓာတ်ခွဲခန်းတွင်မဆို စမ်းသပ်ခံနိုင်ပါသည်။ ဂေါ်ရုံ၊ အလုပ်ရုံ၊ စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများအတွက် အများသုံး **Water Cooler Size** ကြီးများ





**Hotel, Motel, Restaurant, Coffee Shop** များအတွက် ရေသန့်ရေခဲ စက်များ

စီးပွားဖြစ် ရေသန့်ရေခဲထုတ်လုပ်လိုသူများအတွက် ၂၄ နာရီ ၁ တန် မှ တန် ၂၀ အထိ ထွက်ရှိသော **Ice Tube** ရေသန့်ရေခဲစက်များ



စီးပွားဖြစ် **R.O** ရေသန့်စက်ကြီးများ



ရန်ကုန်၊ မန္တလေး၊ တောင်ကြီးမြို့ဧရိယာအတွင်း အခမဲ့တပ်ဆင်ပေးသည်။
ရေ Quality စမ်းသပ်ခြင်းအခမဲ့၊ ပို့ဆောင်ခြင်းအခမဲ့

တန်ဂံနှုန်းနှင့်ကိုက်ညီပါသည်။ **Chemical** နှင့် **Filter** များ စသည်များကို တစ်နေရာတည်းတွင် စုံလင်စွာလက်လီ လက်ကားရရှိနိုင်ပါသည်။

---

**ဖခင်အမည်မှန်**

ပြည်မြို့၊ အထက(၅)၊ သတ္တမတန်း(က)မှ မရွှန်းလဲ့မိုး၏ ဖခင်အမည်မှန်မှာ ဦးရဲမျိုးအောင်[၇/ပမန(နိုင်)၁၁၆၆၄၉] ဖြစ်ပါကြောင်း။

**ဦးရဲမျိုးအောင်**

---

**ဖခင်အမည်မှန်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အထက(၂)အခြေခံပညာ အထက်တန်းကျောင်း မရမ်းကုန်းမြို့နယ်၊ အဋ္ဌမတန်း VIIIတွင် ပညာသင်ကြားနေသော မောင်နန္ဒကျော်၏ ဖခင်အမည်မှန်မှာ ဦးမျိုးမင်းဦး ဖြစ်ပါသည်။

---

**အမည်ပြောင်း**

(ဦးသန်းဝင်းစိုး)-ဒေါ်နီလာဆွေတို့၏သား မှော်ဘီမြို့နယ်၊ အမှတ်(၃)၊ မူလတန်းလွန်ကျောင်း(မီးသွေးဖုတ်)မှ ပဉ္စမတန်းအောင်မြင်သော မောင်မျိုးသူရိန်အား မောင်မျိုးသူရဟန် ဟုပြောင်းလဲခေါ်ပါရန်။

---

**Top Mother Co.,Ltd**

**၁။ ယာဉ်မောင်းကျွမ်းကျင် ကျား(၁)ဦး**

-အိမ်စီးကားမောင်းနှင်ရန်၊ အသက်(၂၅)နှစ်အထက်၊ ယာဉ်မောင်းသက်တမ်း အနည်းဆုံး(၃)နှစ်ရှိရမည်။ လျှောက်ထားလိုသူများသည် ယာဉ်မောင်းလိုင်စင်နှင့်တကွ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန် - က/၂၀၃(G)၊ ကံ့ကော်လမ်းမကြီးနှင့် ကမ်းနားလမ်းထောင့်၊ ဘုရင့်နောင်၊ မရမ်းကုန်း။ **Ph: 01-686635, 09-43162133**

---

**အခန်းပိုင်ရှင်သို့**

**ဥရောပနဲ့ ဂျပန်လူမျိုးများအတွက်ရည်ရွယ်ပြီး အခန်းငှားမလား?**

ဗဟန်း၊ ဒဂုံ၊ ရန်ကင်း၊ မရမ်းကုန်း ဧရိယာအတွင်းမှ ကွန်ဒိုမီနီယံ အခန်းတွေရှိပါလျှင် ပိုင်ရှင်မှ ဆက်သွယ်ပေးပါ။ ကွန်ဒိုမီနီယံအသစ်တွေလည်းပဲ တစ်ပြိုင်နက်တည်း ကြော်ငြာခေါ်နေပါသည်။ ဓာတ်ပုံရှိလျှင် mail ဖြင့်ပို့ပေးပါ။ **Email:contact@h-y-inc.com**
**Ph:09-262223654**

---

**တိုက်ခန်းရောင်းမည်**

တက္ကသိုလ်ရိပ်သာလမ်းသစ်(1500sqft) 5(F)ထောင့်ခန်း M.1.S.24 A.C ကားပါကင် ကျွန်းပါကေး၊ ကြွေပြား၊ ရေပူရေအေး သိန်း-(၂၂၀၀) **Ph: 09-73172630, 09-402764345**

---

**အမည်ပြောင်း**

ဦးရွှေဝင်း၏သား အထက(၁)ကြည့်မြင်တိုင်၊ ပဉ္စမတန်းတွင် ပညာသင်ကြားမည့် မောင်ငြိမ်းချမ်းအောင်အား မောင်ကောင်းကင်ထက်ဝင်း ဟုပြောင်းလဲခေါ်ပါရန်။

**မောင်ကောင်းကင်ထက်ဝင်း**

---

# ဘာပဲလိုလို ရန်ကုန်လမ်းညွှန် နှင့် မန္တလေးလမ်းညွှန်

Number One Directory in Myanmar
YELLOW PAGES

## ကြော်ငြာရှင်များသို့ အသိပေးအကြောင်းကြားခြင်း

ရန်ကုန်လမ်းညွှန် နှင့် မန္တလေးလမ်းညွှန် ၂၀၁၅ တွင် ကြော်ငြာထည့်သွင်းပေးခဲ့ကြသော လုပ်ငန်းရှင်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာပထမ ဆုမွန်ကောင်းတောင်းအပ်ပါသည်...

ဘာပဲလိုလို ရန်ကုန်လမ်းညွှန် နှင့် မန္တလေးလမ်းညွှန် ကို တည်ထောင်ခဲ့သည်မှာ ၂၃ နှစ် ကျော်ခဲ့ပါပြီ။ ထိုသို့ နှစ်ပေါင်းများစွာ ခိုင်မာစွာရပ်တည်နိုင်ခဲ့ခြင်းမှာ ပြောသည့်ကတိအတိုင်း လုပ်ဆောင်ပေးမှု၊ အာမခံချက်ခိုင်မာမှု၊ အုပ်ရေအတိအကျ ဖြန့်ဝေပေးမှု၊ နေရာအနှံ့ပျံ့နှံ့မှုများနှင့် စီးပွားရေးလုပ်ငန်းရှင်များက ယုံကြည်စွာအားပေးခဲ့မှုကြောင့် ဖြစ်ပါသည်။

ရန်ကုန်လမ်းညွှန် နှင့် မန္တလေးလမ်းညွှန် မှ ၂၀၁၆ ခုနှစ်အတွက်လည်း ကြော်ငြာများ စတင်လက်ခံနေပြီဖြစ်ပါသည်။ ယခုအခါတွင် ရန်ကုန်လမ်းညွှန် နှင့် မန္တလေးလမ်းညွှန် ကို ယုံကြည်စွာအားပေးနေကြသော လုပ်ငန်းရှင်များအား ရန်ကုန်လမ်းညွှန် နှင့် မန္တလေးလမ်းညွှန် အယောင်ဆောင်၍ ကြော်ငြာများကောက်ခံနေသည်ကို တွေ့ရှိ၊ ကြားသိရပါသည်။ ထို့ကြောင့် ကြော်ငြာရှင်များအနေဖြင့် မှားယွင်းမှု၊ ဆုံးရှုံးမှုများ မဖြစ်စေရန်နှင့် ခွဲခြားသိရှိနိုင်စေရန်အတွက် . . .



ရန်ကုန်လမ်းညွှန် နှင့် မန္တလေးလမ်းညွှန်မှ ဝန်ထမ်းများ၏ ယူနီဖောင်းများတွင် ? အမှတ်တံဆိပ်များ တပ်ဆင်ပေးထားကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

စီးပွားရေးလုပ်ငန်းရှင်များအားလုံး စီးပွားလာဘ်လာဘများ ဒီရေအလားတိုးတက်ပြီး အောင်မြင်မှုအပေါင်း သရဖူဆောင်းနိုင်ကြပါစေ . . .

ရန်ကုန်လမ်းညွှန်နှင့် မန္တလေးလမ်းညွှန် စာအုပ်ထုတ်ဝေရေးအဖွဲ့

**SALES: 01-250700**
www.yangondirectory.com